The World Bank issued this Consultant Guidelines in English. This is an unofficial translation in Myanmar Language. Should there be any discrepancy between the English version and this translation, the English version shall prevail.

ကမ္ဘာ့ဘဏ်သည် အကြံပေးငှားရမ်းခြင်း လမ်းညွှန်အား အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပါသည်။ ယခု မြန်မာဘာသာပြန် လမ်းညွှန်သည် အလွတ်သဘော မြန်မာဘာသာပြန်ဆိုချက် ဖြစ်ပါသည်။ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လမ်းညွှန်နှင့် ကွဲလွဲမှုရှိခဲ့လျှင် မူရင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လမ်းညွှန်သာ အတည်ဖြစ်ပါသည်။

# ကမ္ဘာ့ဘဏ်ချေးငွေယူသူများနှင့်စပ်လျဉ်းသည့်

# IBRD Loans ၊ IDA Credits နှင့် Grants များမှ

## အကြံပေးများရွေးချယ်ခြင်းနှင့်ခန့်အပ်ခြင်းဆိုင်ရာလမ်းညွှန်စည်းမျဉ်းစည်းကမ်းများ

၂၀၁၁ ဇန်နဝါရီ

မူပိုင် (၂၀၁၁)

အပြည်ပြည်ဆိုင်ရာပြည်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်/
ကမ္ဘာ့ဘဏ်
၁၈၁၈ အိပ်ချ် လမ်း ၊ အန်ဒဗလျူ
၂၀၄၃၃ ဝါရှင်တန် ဒီစီ ၊ အမေရိကန်ပြည်ထောင်စု
၂၀၁၁ ဇန်နဝါရီ

၁။ နိဒါန်း **(INTRODUCTION)** ၁

၁.၁ ရည်ရွယ်ချက် (Purpose) ၁
၁.၄ ယေဘုယျသတ်မှတ်ထားချက်များ (General Considerations) ၂
၁.၇ လမ်းညွှန်နှင့်သက်ဆိုင်မှုများ (Applicability of Guidelines) ၃
၁.၉ ကိုယ်ကျိုးစီးပွားနှင့်ပြည်သူ့အကျိုးပြုအတိုင်ပင်ခံအကြံပေးမှုကြားပဋိပက္ခဖြစ်ခြင်းများ (Conflict of Interest) ၃
၁.၁၀ မမျှတသောပြိုင်ဆိုင်မှုအကျိုးရလဒ် (Unfair Competitive Advantage) ၅
၁.၁၁ အရည်အချင်းပြည့်မီခြင်း (Eligibility) ၅
၁.၁၄ ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီအကြံပေးပုဂ္ဂိုလ်ကြိုတင်ငှားရမ်းခြင်းနှင့် လက်မှတ်ထိုးပြီးနောက်ငှားရမ်းထားခြင်းများအတွက်ငွေကြေးပြန်ထုတ်ပေးခြင်း (Advance Contracting and Retroactive Financing) ၇
၁.၁၅ အကြံပေးပုဂ္ဂိုလ်များပူးပေါင်းဆောင်ရွက်ခြင်း (Associations between Consultants) ၇
၁.၁၆ ဘဏ်မှစစ်ဆေးသုံးသပ်ခြင်း၊ အကူအညီပေးခြင်းနှင့်ကြီးကြပ်ခြင်း (Bank Review, Assistance, and Monitoring) ၈
၁.၁၉ ဝယ်ယူငှားရမ်းရေးစည်းကမ်းများကိုမလိုက်နာဘဲဝယ်ယူငှားရမ်းခြင်း (Misprocurement) ၈
၁.၂၀ ဘဏ်သို့ရည်ညွှန်းခြင်း (Reference to Bank) ၉
၁.၂၁ သင်တန်း သို့မဟုတ် ကျွမ်းကျင်မှုများလွှဲပြောင်းရရှိစေခြင်း (Training or Transfer of Knowledge) ၉
၁.၂၂ ဘာသာစကား (Language) ၁၀
၁.၂၃ လိမ်လည်လှည့်ဖြားမှုနှင့်အကျင့်ပျက်ခြစားခြင်း (Fraud and Corruption) ၁၀
၁.၂၅ ဝယ်ယူငှားရမ်းရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ် (Procurement Plan) ၁၃

၂။ အရည်အသွေးနှင့်ကုန်ကျစရိတ်အခြေပြုရွေးချယ်မှုနည်းစနစ် **(QUALITY- AND COST-BASED SELECTION / QCBS)** ၁၅

၂.၁ ရွေးချယ်ရေးလုပ်ငန်းစဉ် (The Selection Process) ၁၅
၂.၃ လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် (Terms of Reference / TOR) ၁၅
၂.၄ ခန့်မှန်းကုန်ကျစရိတ်/ ရသုံးမှန်းခြေစာရင်း (Cost Estimate / Budget) ၁၆
၂.၅ ကြော်ငြာခြင်း (Advertising) ၁၆
၂.၆ အကြံပေးပုဂ္ဂိုလ်များဆန်ခါတင်စာရင်း (Short List of Consultants) ၁၇
၂.၉ အဆိုပြုလွှာတောင်းခံမှုပြင်ဆင်ခြင်းနှင့်ထုတ်ဝေခြင်း (Preparation and Issuance of the Request for Proposals / RFP) ၁၈
၂.၁၀ အဆိုပြုလွှာဖိတ်ခေါ်စာ (Letter of Invitation / LOI) ၁၉
၂.၁၁ အကြံပေးပုဂ္ဂိုလ်များအတွက်ညွှန်ကြားချက်နှင့်အချက်အလက်စာရွက် (Instructions to Consultants and Data Sheet / ITC) ၁၉
၂.၁၂ ကန်ထရိုက်အမျိုးအစား (Contract) ၁၉
၂.၁၃ အဆိုပြုလွှာများလက်ခံခြင်းနှင့်ဖွင့်ဖောက်ခြင်း (Receipt and Opening of Proposals) ၂၀
၂.၁၄ အဆိုပြုလွှာများအားရှင်းလင်းခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း (Clarification or Alteration of Proposals) ၂၀
၂.၁၅ အရည်အသွေးနှင့်ကုန်ကျစရိတ်ထည့်သွင်းစဉ်းစား၍အဆိုပြုလွှာများအားစိစစ်အကဲဖြတ်ခြင်း (Evaluation of Proposals: Consideration of Quality and Cost) ၂၁
၂.၁၆ အရည်အသွေးပိုင်းဆိုင်ရာစိစစ်အကဲဖြတ်ခြင်း (Evaluation of the Quality) ၂၁
၂.၂၃ ဘဏ္ဍာရေးအဆိုပြုလွှာများဖွင့်ဖောက်ခြင်းနှင့်ကုန်ကျစရိတ်စိစစ်အကဲဖြတ်ခြင်း (Opening of Financial Proposals and Evaluation of Cost) ၂၃

၂.၂၆ အရည်အချင်းနှင့်ကုန်ကျစရိတ်များအားပေါင်းစပ်ကာစိစစ်အကဲဖြတ်ခြင်း (Combined Quality and Cost Evaluation) ၂၅

၂.၂၇ ညှိနှိုင်းဆွေးနွေးခြင်းနှင့်ကန်ထရိုက်ချုပ်ဆိုခြင်း (Negotiations and the Award of Contract) ၂၅

၂.၃၀ ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်းထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract) ၂၆

၂.၃၂ ငွေချေးယူသူမှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Borrower) ၂၆

၂.၃၃ အဆိုပြုလွှာအားလုံးကိုပယ်ချခြင်းနှင့် ပြန်လည်ဖိတ်ခေါ်ခြင်း (Rejection of All Proposals, and Re-invitation) ၂၇

၂.၃၅ လျှို့ဝှက်ထားမှု (Confidentiality) ၂၇

၃။ အခြားရွေးချယ်ရေးနည်းလမ်းများ **(OTHER METHODS OF SELECTION)** ၂၈

၃.၁ အထွေထွေ (General) ၂၈

၃.၂ အရည်အသွေးအခြေပြုရွေးချယ်ခြင်း (Quality-Based Selection / QBS) ၂၈

၃.၅ ပုံသေခွင့်ပြုငွေကြေးပမာဏအရရွေးချယ်ခြင်း (Selection under a Fixed Budget / FBS) ၂၉

၃.၆ အနည်းဆုံးကုန်ကျစရိတ်အားရွေးချယ်ခြင်း (Least-Cost Selection / LCS) ၂၉

၃.၇ အကြံပေးများ၏အရည်အချင်းများအပေါ်အခြေပြုရွေးချယ်ခြင်း (Selection Based on the Consultants' Qualifications / CQS) ၃၀

၃.၈ အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်း (Single-Source Selection / SSS) ၃၀

၃.၁၂ ငွေချေးယူသူနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုခြင်း (Use of Country Systems) ၃၁

၃.၁၃ ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများနှင့်တရားဝင်ရပ်တည်နေသည့်အဖွဲ့အစည်းများအား ချေးငွေပေးအပ်မှုအောက်မှအကြံပေးပုဂ္ဂိုလ်များရွေးချယ်ခြင်း (Selection of Consultants in Loans to Financial Intermediary Institutions and Entities) ၃၂

၃.၁၄ ဘဏ်မှအာမခံပေးသောချေးငွေများအောက်မှအကြံပေးများရွေးချယ်ခြင်း (Selection of Consultants under Loans Guaranteed by the Bank) ၃၂

၃.၁၅ သီးခြားလိုအပ်သည့်အကြံပေးများအားရွေးချယ်ခြင်း (Selection of Particular Types of Consultants) ၃၂

၄။ ကန်ထရိုက်အမျိုးအစားများနှင့်အရေးပါသောထည့်သွင်းပြဋ္ဌာန်းချက်များ **(TYPES OF CONTRACTS AND IMPORTANT PROVISIONS)** ၃၆

၄.၁ ကန်ထရိုက်အမျိုးအစားများ (Types of Contracts) ၃၆

၄.၆ အရေးပါသောထည့်သွင်းပြဋ္ဌာန်းချက်များ (Important Provisions) ၃၈

၅။ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအားရွေးချယ်ခြင်း **(SELECTION OF INDIVIDUAL CONSULTANTS)** ၄၁

နောက်ဆက်တွဲ (၁) အကြံပေးပုဂ္ဂိုလ်များရွေးချယ်ခြင်းနှင့်ကန်ထရိုက်ချုပ်ဆိုချက်ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ ဘဏ်၏ပြန်လည်သုံးသပ်ချက်များ ၄၄
**APPENDIX 1: REVIEW BY THE BANK OF THE SELECTION OF CONSULTANTS AND PUBLICATION OF AWARDS OF CONTRACTS**

၁ ရွေးချယ်ရေးနှင့်ပတ်သက်သောအစီအစဉ်ရေးဆွဲခြင်း (Scheduling the Selection Process) ၄၄
၂ ငွေးရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review) ၄၄
၃ ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း (Post Review) ၄၇
၆ ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအဆင့်မှဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်းအဆင့်သို့ပြန်လည်ပြောင်းလဲခြင်း (Change from Post Review to Prior Review) ၄၈
၇ ကန်ထရိုက်ချုပ်ဆိုမှုများထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contracts) ၄၈
၈ ဘဏ်၏ပိတ်ဆို့ပိတ်ပင်တားမြစ်မှုဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာထိုက်သင့်သောကြိုးပမ်းအားထုတ်သင့်မှုများ (Due Diligence concerning the Bank's Sanctions Policies and Procedures) ၄၉

နောက်ဆက်တွဲ (၂) အကြံပေးပုဂ္ဂိုလ်များသို့ညွှန်ကြားချက်များနှင့် RFPတွင်ပါဝင်သောဒေတာအချက်အလက်စာရွက် ၅၀
**APPENDIX 2: INSTRUCTIONS TO CONSULTANTS AND DATA SHEET (ITC) OF THE RFP**

နောက်ဆက်တွဲ (၃) အကြံပေးများသို့လမ်းညွှန်ချက် ၅၃
**APPENDIX 3: GUIDANCE TO CONSULTANTS**

၁ ရည်ရွယ်ချက် (Purpose) ၅၃
၂ အကြံပေးများရွေးချယ်မှုအတွက်တာဝန်ဝတ္တရားများ (Responsibility for the Selection of Consultants) ၅၃
၃ ဘဏ်၏အခန်းကဏ္ဍ (Bank's Role) ၅၃
၅ အကြံပေးဝန်ဆောင်မှုများဆိုင်ရာအချက်အလက်များ (Information on Consultant Services) ၅၄
၇ အကြံပေးများ၏အခန်းကဏ္ဍ (Consultants' Role) ၅၄
၁၀ လျှို့ဝှက်ထားမှု (Confidentiality) ၅၅
၁၁ ဘဏ်၏အရေးယူအပြစ်ပေးမှု (Action by the Bank) ၅၅
၁၅ ဘဏ်မှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Bank) ၅၆

## ဝေါဟာရအတိုကောက်များ (Acronyms)

| | | |
|---|---|---|
| CDD | Community Driven Development | လူထုဦးဆောင်သည့်ဖွံ့ဖြိုးရေး |
| CPAR | Country Procurement Assessment Report | နိုင်ငံအဆင့်ပစ္စည်းဝယ်ယူခြင်းလေ့လာဆန်းစစ်မှုအစီရင်ခံစာ |
| CQS | Selection Based on Consultants' Qualifications | အကြံပေးများ၏အရည်အချင်းများအပေါ်အခြေပြုရွေးချယ်ခြင်း |
| EOI | Expression of Interest | စိတ်ဝင်စားမှုဖော်ပြလွှာ |
| FBS | Selection under a Fixed Budget | ပုံသေခွင့်ပြုငွေကြေးပမာဏအရရွေးချယ်ခြင်း |
| FPA | Fiduciary Principles Accord | အရေးပေါ်အခြေအနေအတွက် ငွေကြေးဆိုင်ရာယုံကြည်မှုသဘောတူညီချက် |
| IBRD | International Bank for Reconstruction and Development (World Bank) | အပြည်ပြည်ဆိုင်ရာပြည်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ကမ္ဘာ့ဘဏ်) |
| ICSID | International Centre for Settlement of Investment Disputes | ကမ္ဘာ့ဘဏ်အောက်ရှိ နိုင်ငံတကာရင်းနှီးမြုပ်နှံမှုဆိုင်ရာအငြင်းပွားမှုများဖြေရှင်းရေးဗဟိုဌာန |
| IDA | International Development Association | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း |
| IDC | Indefinite Delivery Contract | တိကျစွာမသတ်မှတ်ထားသောခွဲဝေဆောင်ရွက်မှုကန်ထရိုက် |
| IFC | International Finance Corporation | ကမ္ဘာ့ဘဏ်အုပ်စုတွင်း နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း |
| INT | Integrity Vice Presidency | ကမ္ဘာ့ဘဏ်မှထောက်ပံ့သည့်စီမံကိန်းများအတွင်း လိမ်လည်လှည့်ဖြားမှု၊ အကျင့်ပျက်ခြစားမှုနှင့် ဖြစ်နိုင်ဖွယ်ရာရှိသည့်ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်မှုဆိုင်ရာစွပ်စွဲမှုများအတွက် ၂၀၀၁ ခုနှစ်တွင်ဖွဲ့စည်းခဲ့သောကမ္ဘာ့ဘဏ်၏လွတ်လပ်သောစုံစမ်းစစ်ဆေးရေးအဖွဲ့အစည်း |
| ITC | Instructions to Consultants | အကြံပေးများသို့ညွှန်ကြားချက်များ |
| LCS | Least-Cost Selection | အနည်းဆုံးကုန်ကျစရိတ်အားရွေးချယ်ခြင်း |
| LOI | Letter of Invitation | အဆိုပြုလွှာဖိတ်ခေါ်စာ |
| MDTF | Multi Donor Trust Fund | အလှူရှင်ပေါင်းစုံလှူဒါန်းထားသည့်ရန်ပုံငွေ |
| MIGA | Multilateral Investment Guarantee Agency | ကမ္ဘာ့ဘဏ်အောက်ရှိ ဘက်ပေါင်းစုံရင်းနှီးမြုပ်နှံမှုဆိုင်ရာအာမခံပေးရေးအဖွဲ့အစည်း |
| MOS | Monthly Operational Summary | လစဉ်လုပ်ငန်းလည်ပတ်မှုအကျဉ်းချုပ် |
| NGO | Nongovernmental Organization | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PAD | Project Appraisal Document | စီမံကိန်းဆန်းစစ်မှုစာရွက်စာတမ်း |
| PPA | Project Preparation Advance | စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှု |
| PPR | Procurement Post Review | ပစ္စည်းဝယ်ယူမှုအားဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း |
| PID | Project Information Document | စီမံကိန်းဆိုင်ရာသတင်းအချက်အလက်စာတမ်း |
| QBS | Quality-Based Selection | အရည်အသွေးအခြေပြုရွေးချယ်ခြင်း |

| | | |
|---|---|---|
| QCBS | Quality- and Cost-Based Selection | အရည်အသွေးနှင့်ကုန်ကျစရိတ်အခြေပြုရွေးချယ်မှုနည်းစနစ် |
| REOI | Request for Expressions of Interest | စိတ်ဝင်စားမှုဖော်ပြလွှာတောင်းခံခြင်း |
| RFP | Request for Proposal | အဆိုပြုလွှာတောင်းခံခြင်း |
| SA | Special Account | အထူးငွေစာရင်း |
| SSS | Single-Source Selection | အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်း |
| SWAp | Sector Wide Approach | ကဏ္ဍအခြေပြုလုပ်ဆောင်မှု |
| TOR | Terms of Reference | လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် |
| UCS | Use of Country Systems | ငွေချေးယူသူနိုင်ငံအတွင်းရှိစနစ်များအားအသုံးပြုခြင်း |
| UN | United Nations | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ |
| UNDB | United Nations Development Business | ကုလသမဂ္ဂစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် |

## ၁။ နိဒါန်း
## I. INTRODUCTION

**ရည်ရွယ်ချက် (Purpose)**

၁.၁ ဤလမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (International Bank for Reconstruction and Development – IBRD) မှချေးငွေများနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း (International Development Association – IDA)[၁] မှ အကြွေးများ သို့မဟုတ် ထောက်ပံ့မှုများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ရယူထားသည့်လုပ်ငန်းစီမံကိန်းများ၊ စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှုများ (Project Preparation Advance – PPA) ၊ ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေ သို့မဟုတ် ကမ္ဘာ့ဘဏ်မှစီမံခန့်ခွဲရသောရန်ပုံငွေများ[၂] စသည်တို့ကို လက်ခံရရှိသည့်အဖွဲ့အစည်းများမှ လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပေးပုဂ္ဂိုလ်များငှားရမ်းခြင်းနှင့်ပတ်သက်၍ ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ကြီးကြပ်ခြင်းကိစ္စရပ်များဆိုင်ရာ ဘဏ်၏လုပ်ထုံးလုပ်နည်း၊ မူဝါဒများအား သတ်မှတ်အဓိပ္ပါယ်ဖွင့်ဆိုရန်ဖြစ်သည်။

၁.၂ ချေးငွေသဘောတူညီချက်သည် ဘဏ်နှင့်ငွေချေးယူသူအကြား ဥပဒေပိုင်းဆိုင်ရာဆက်နွယ်မှုကို ပြဋ္ဌာန်းပေးသောကြောင့် ဤလမ်းညွှန်ချက်ပါညွှန်ကြားချက်များမှာလည်း ချေးငွေသဘောတူညီမှုပါ စီမံကိန်းအတွက် အကြံပေးပုဂ္ဂိုလ်များရွေးချယ်ခန့်အပ်ရာတွင် အသုံးပြုလိုက်နာရန်အတွက်ဖြစ်သည်။ ငွေချေးယူသူနှင့်အကြံပေးပုဂ္ဂိုလ်များအတွက် ရပိုင်ခွင့်နှင့်လိုက်နာရမည်များကို[၃] ဤလမ်းညွှန်ချက်များနှင့် ချေးငွေသဘောတူညီချက်တို့ဖြင့် ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ ငွေချေးယူသူများထုတ်ပြန်ရသည့် သီးခြားအဆိုပြုလွှာတောင်းခံချက် (Request for Proposals - RFP)[၄] ဖြင့်လည်းကောင်း၊ ငွေချေးယူသူနှင့်အကြံပေးပုဂ္ဂိုလ်တို့အကြားချုပ်ဆိုသော ကန်ထရိုက်စာချုပ်ဖြင့်လည်းကောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ချေးငွေသဘောတူညီချက်ပါသက်ဆိုင်သူများမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ချေးငွေသဘောတူညီချက်ပါ အခွင့်အရေးတစ်ရပ်ရပ်ရယူရန် သို့မဟုတ် ချေးငွေကိစ္စဆောင်ရွက်ရန် မည်သည့်တောင်းဆိုခွင့်မျှ မရှိစေရပါ။

၁.၃ ဤလမ်းညွှန်ချက်အရ အကြံပေးပုဂ္ဂိုလ်များ (Consultants) ဟူသောစကားရပ်၌ အမျိုးမျိုးသော ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများပါဝင်ရာ အကြံပေးအတိုင်ပင်ခံလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ ဆောက်လုပ်ရေးမန်နေဂျာများ၊ စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၊

---

[၁] IBRD နှင့် IDA တို့အတွက်လိုအပ်ချက်များသည် အတူတူပင်ဖြစ်သည်။ ယခုလမ်းညွှန်တွင်ဆိုထားသည့် "ဘဏ်" ဆိုသည်မှာ IBRD နှင့် IDA နှစ်ခုစလုံးကို ရည်ညွှန်းသည်။ ချေးငွေများ (Loans) သည် IBRD loans များကို ရည်ညွှန်းသကဲ့သို့ IDA မှအကြွေးများ သို့မဟုတ် ထောက်ပံ့ငွေများ၊ ဘဏ်မှထောက်ပံ့ငွေများ၊ ဘဏ်မှစီမံခန့်ခွဲကာ လက်ခံရရှိသူများလုပ်ငန်းအကောင်အထည်ဖော်ရသည့် ရန်ပုံငွေများနှင့် စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှုများ (Project Preparation Advances – PPAs) ပါဝင်သည်။

ချေးငွေသဘောတူညီချက် (Loan Agreement) ဆိုသည်မှာ ဘဏ်နှင့်ငွေချေးယူသူတို့အကြား ဥပဒေကြောင်းအရသဘောတူညီမှုများဖြစ်သည်။ ၎င်းတွင် ဘဏ်နှင့် လုပ်ငန်းအကောင်အထည်ဖော်မည့်အဖွဲ့အစည်းတို့အကြား စီမံကိန်းနှင့်ပတ်သက်သည့် အသေးစိတ်သဘောတူညီချက်များပါဝင်လေ့ရှိသည်။

ငွေချေးယူသူ (Borrower) ဆိုသည်မှာ ငွေချေးခြင်းဖြစ်စေ၊ အကြွေးရယူခြင်းဖြစ်စေ၊ ငွေကြေး/ ပစ္စည်း/ ဝန်ဆောင်မှု အထောက်အပံ့ရယူခြင်းဖြင့်ဖြစ်စေ စီမံကိန်းများအကောင်အထည်ဖော်နေသည့်သူများအပါအဝင် PPA များရရှိလုပ်ကိုင်နေသူများ၊ တစ်ဆင့်ခံငွေချေးသူ (Sub-Borrower)များနှင့် စီမံကိန်းများ အကောင်အထည်ဖော်နေသည့်မည်သူမဆို ပါဝင်သည်။

[၂] ဘဏ်မှစီမံခန့်ခွဲသည့် ယုံကြည်မှုရန်ပုံငွေထောက်ပံ့မှုများနှင့်ပတ်သက်သည့်သဘောတူညီချက်များသည် ဤလမ်းညွှန်းချက် စည်းကမ်းချက်များနှင့်ကွဲလွဲမှုရှိပါက သဘောတူညီချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ခွင့်ရှိသည်။ အဆိုပါသဘောတူညီချက်တွင် ကုလသမဂ္ဂ ငွေကြေးဆိုင်ရာယုံကြည်မှုသဘောတူစာချုပ် (UN Fiduciary Principles Accords-FPA) သို့မဟုတ် လှူဒါန်းသူများ၏ ရန်ပုံငွေအဖွဲ့အစည်း (Multi Donor Trust Fund-MDTF) တို့၏ အရေးပေါ်အခြေအနေ ဆောင်ရွက်ချက်များပါ ပါဝင်သည်။

[၃] အချို့သောကိစ္စရပ်များတွင် ငွေချေးယူသူအနေဖြင့်ကြားခံအနေဖြင့်သာရှိနေမည်ဖြစ်ပြီး စီမံကိန်းအားအခြားအဖွဲ့အစည်းတစ်ရပ် သို့မဟုတ် တစ်စုံတစ်ဦးမှ ဆောင်ရွက်နေနိုင်ပါသည်။ ဤလမ်းညွှန်ချက်တွင် ငွေချေးယူသူဟုရည်ညွှန်းသုံးနှုန်းရာ၌ အဆိုပါ အဖွဲ့အစည်းတစ်ရပ်၊ တစ်စုံတစ်ဦးအပြင် ထပ်ဆင့်ချေးငှားမှု အစီအစဉ် (on-lending arrangements) အရ တစ်ဆင့်ခံချေးယူသူများလည်း ပါဝင်ပါသည်။

[၄] နောက်ဆက်တွဲ (၂) တွင် လေ့လာနိုင်သည်။

ပစ္စည်းဝယ်ယူရေးကိုယ်စားလှယ်များ၊ စစ်ဆေးရေးဆိုင်ရာဝန်ဆောင်မှုပေးသူများ၊ စာရင်းစစ်ပညာရှင်များ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အခြားနိုင်ငံပေါင်းစုံအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဘဏ်များ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ အစိုးရအေဂျင်စီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များပါဝင်ကြသည်။[၁] ဘဏ်မှငွေချေးယူသူများအနေဖြင့် ၎င်းတို့၏ များပြားလှစွာသောလုပ်ငန်းများအားဆောင်ရွက်ရာတွင် အဆိုပါ လုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများကို မူဝါဒရေးရာအကြံပေးမှု၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ စီမံခန့်ခွဲမှုရေးရာ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ ဆောက်လုပ်ရေးကြီးကြပ်မှုများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ ပစ္စည်းဝယ်ယူရေးဝန်ဆောင်မှုများ၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများနှင့် စီမံကိန်းလုပ်ငန်းများသတ်မှတ်ဖော်ထုတ်မှု၊ ပြင်ဆင်မှုနှင့် အကောင်အထည်ဖော်မှုစသည့်နယ်ပယ်များတွင် အကြံပေးပုဂ္ဂိုလ်များအဖြစ် ယင်းတို့၏လုပ်ငန်းဆောင်ရွက်နိုင်မှုများပြည့်စုံစေရန် ၎ားရမ်းအသုံးပြုကြရသည်။

## ယေဘုယျသတ်မှတ်ထားချက်များ (General Considerations)

၁.၄ လုပ်ငန်းစီမံကိန်းပြင်ဆင်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းအတွက် ငွေချေးယူသူထံတွင် အပြည့်အဝတာဝန်ရှိသောကြောင့် အကြံပေးပုဂ္ဂိုလ်ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းအပြင် ကန်ထရိုက်နှင့်ပတ်သက်သည့် စီမံခန့်ခွဲရေးကိစ္စများအတွက်လည်း တာဝန်ယူရမည်ဖြစ်သည်။ ဘဏ်အနေဖြင့် ၎င်း၏သဘောတူညီမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ (ဘဏ်၏သဘောတူညီမှုစည်းမျဉ်းများ – အပိုဒ်ခွဲ ၃ ၊ အခန်း ၅ (ခ)နှင့် IDA ၏သဘောတူညီမှုစည်းမျဉ်းများ – အပိုဒ်ခွဲ ၅ ၊ အခန်း ၁ (ဆ) )အရ ချပေးလိုက်သောချေးငွေများအား ပေးအပ်သည့်ရည်ရွယ်ချက်အတိုင်းအသုံးပြုသည်မှာသေချာစေရန် အမြဲစောင့်ကြည့်သေချာနေစေရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်မဆိုင်သည့်လွှမ်းမိုးမှုများ၊ နိုင်ငံရေးလွှမ်းမိုးမှုများအားမသက်ရောက်စေဘဲ ငွေကြေးအလေအလွင့်မရှိစေရေးနှင့် လုပ်ငန်းများထိရောက်မှု၊ အဆင်ပြေမှုရှိခြင်းများကိုသာ အာရုံစိုက်ဂရုပြုသည်။ ထိုအတွက်ကိုလည်း အသေးစိတ်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားသည်။ ထို့အပြင် အကြံပေးပုဂ္ဂိုလ်များခန့်အပ်ရာတွင်လိုက်နာရန်လိုအပ်သည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများမှာ လုပ်ငန်းအခြေအနေတစ်ခုချင်းအပေါ်မူတည်တတ်သော်လည်း ရွေးချယ်ရေးလုပ်ငန်းစဉ်အတွက် ဘဏ်၏မူဝါဒကိုမူ အောက်ပါထည့်သွင်းစဉ်းစားရမည့် အချက် (၅) ချက်မှ လမ်းညွှန်ပေးသည်။

(က) အရည်အသွေးမြင့်မားသောဝန်ဆောင်မှုလိုအပ်မှု

(ခ) ငွေကြေးအလေအလွင့်မရှိစေရေးနှင့်လုပ်ငန်းများအရည်အချင်းပြည့်မီရေးလိုအပ်မှု

(ဂ) ဘဏ်မှငွေကြေးထောက်ပံ့သည့်ဝန်ဆောင်မှုလုပ်ငန်းအတွက်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် အရည်အချင်းပြည့်မီသောအကြံပေးပုဂ္ဂိုလ်များအား အခွင့်အရေးမျှတစွာပေးရန်လိုအပ်မှု

(ဃ) ဘဏ်သည် ယင်း၏အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းနိုင်ငံများတွင်ပြည်တွင်းမှ အကြံပေးပုဂ္ဂိုလ်များခန့်အပ်အသုံးပြုမှုကို အားပေးစိတ်ဝင်စားမှု

(င) ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာခြင်းရှိရန်လိုအပ်မှု

၁.၅ ရွေးချယ်မှုသည် အဆိုပြုလွှာ၏အရည်အသွေးပေါ်အခြေခံကာ သင့်တော်ပါက အဆိုပြုလွှာ၏ဝန်ဆောင်မှုဈေးနှုန်းအပေါ်တွင်လည်းမူတည်နိုင်သည့်အခါမျိုး၌ ကိစ္စရပ်အများစုတွင် အရည်အချင်းမီသောဆန်ခါတင်အဖွဲ့အစည်းများအားပြိုင်ဆိုင်စေခြင်းဖြင့် ဘဏ်အနေဖြင့် အဆိုပါ ထည့်သွင်းစဉ်းစားရမည့်အချက်များအား အကောင်းဆုံးဖော်ပြနိုင်သည်ဟု ယူဆပါသည်။ ဤလမ်းညွှန်းချက်၏ အခန်း (၂) နှင့် (၃) တွင် ဘဏ်မှလက်ခံသောအကြံပေးပုဂ္ဂိုလ်ရွေးချယ်မှုဆိုင်ရာနည်းလမ်းအမျိုးမျိုးနှင့် အဆိုပါ နည်းလမ်းများအတွက် ဆီလျော်သောအခြေအနေများအားလည်း ရှင်းလင်းဖော်ပြထားသည်။ ထို့အပြင် အရည်အသွေးနှင့် စရိတ်အခြေပြုရွေးချယ်မှုနည်းစနစ် (QCBS) မှာ အသုံးအများဆုံးအဆိုပြုနည်းစနစ်ဖြစ်သောကြောင့် ဤလမ်းညွှန်းချက်၏ အခန်း (၂) တွင် အဆိုပါနည်းစနစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများအား အသေးစိတ်ဖော်ပြပေးထားသည်။ သို့သော် (QCBS) ရွေးချယ်မှုနည်းစနစ်မှာ ကိစ္စရပ်အားလုံးအတွက် အသင့်လျော်ဆုံးသောနည်းစနစ်မဟုတ်သောကြောင့် အခန်း (၃) တွင် အခြားရွေးချယ်မှုနည်းလမ်းများနှင့် ၎င်းတို့အတွက်ဆီလျော်သောအခြေအနေများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

[၁] အကြံပေးပုဂ္ဂိုလ်အမျိုးအစားများအတွက် အပိုဒ်ခွဲ ၃.၁၅ – ၃.၂၁ နှင့် တစ်သီးပုဂ္ဂလအကြံပေးပုဂ္ဂိုလ်များအတွက် အခန်း (၅) တွင် လေ့လာနိုင်ပါသည်။

၁.၆ စီမံကိန်းတစ်ခုအတွင်း အကြံပေးပုဂ္ဂိုလ်များရွေးချယ်မှုအတွက်လိုက်နာရမည့်နည်းလမ်းများအား ချေးငွေသဘောတူညီချက် (Loan Agreement) ထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားရမည်။ စီမံကိန်းပါငွေကြေးထောက်ပံ့ရမည့်ကန်ထရိုက်များနှင့် ၎င်းတို့၏ရွေးချယ်မှုနည်းလမ်းများသည် ချေးငွေသဘောတူညီချက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ဤလမ်းညွှန်ပါအပိုဒ်ခွဲ၁.၂၅ တွင်ဖော်ပြထားသည့် ပစ္စည်းဝယ်ယူရေးအစီအစဉ်ထဲတွင်လည်း သတ်မှတ်ထည့်သွင်းထားရမည်။

## လမ်းညွှန်နှင့်သက်ဆိုင်မှုများ (Applicability of Guidelines)

၁.၇ အကြံပေးဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဤလမ်းညွှန်၏သက်ဆိုင်မှုမှာ အသိပညာပိုင်းနှင့် အတိုင်ပင်ခံအကြံဉာဏ်ပေးမှုသဘောသဘာဝအတွက်သာဖြစ်သည်။ ထို့ကြောင့် ဤလမ်းညွှန်အနေဖြင့် အခြားသောဝန်ဆောင်မှုအမျိုးအစားများဖြစ်သည့် တင်ဒါခေါ်ယူပြီး လုပ်ဆောင်မှု၏ရုပ်ပိုင်းဆိုင်ရာရှုထောင့်အရနှင့် တိုင်းတာနိုင်သောရုပ်ပိုင်းဆိုင်ရာရလဒ်အခြေပြု ကန်ထရိုက်စာချုပ်ချုပ်ဆိုရသည့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုမရှိရပါ။ ထို့အပြင် လုပ်ဆောင်မှုအရည်အသွေးစံနှုန်းများအား ရှင်းလင်းစွာသတ်မှတ်ထားပြီး တစ်ညီတစ်ညွတ်တည်းအသုံးပြုရသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် မြေတူးဖော်ခြင်း၊ ဝေဟင်မှဓါတ်ပုံများရိုက်ကူးခြင်း၊ ဂြိုဟ်တုမှဓါတ်ပုံများရိုက်ကူးခြင်း၊ မြေပုံထုတ်လုပ်ခြင်းနှင့် အလားတူလုပ်ဆောင်မှုများဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်ရုံ သို့မဟုတ် အထောက်အကူပြုလုပ်ငန်းများလည်ပတ်မောင်းနှင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းကဲ့သို့သောဝန်ဆောင်မှုများသည် ဤလမ်းညွှန်တွင် အကျုံးမဝင်ပါ။[6]

၁.၈ ဤလမ်းညွှန်တွင်ဖော်ပြထားသည့် စည်းမျဉ်းများ၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဘဏ်ချေးငွေအား အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေအသုံးပြုသည့် အကြံပေးဝန်ဆောင်မှုလုပ်ငန်းကန်ထရိုက်စာချုပ်များအားလုံးအပေါ် အကျိုးသက်ရောက်မှုရှိသည်။ [7] ဤအခန်း (၁) တွင် ပြဋ္ဌာန်းထားသောအချက်များသည် လမ်းညွှန်ပါ အခြားအခန်းများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်။ အကယ်၍ဘဏ်ချေးငွေအားအသုံးပြုထားခြင်းမရှိသော်လည်း ချေးငွေသဘောတူညီချက်ပါ စီမံကိန်းအကောင်အထည်ဖော်မှုနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများငှားရမ်းအသုံးပြုရာတွင်မှ ငွေချေးယူသူအနေဖြင့် အခြားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ပါသည်။ အဆိုပါကိစ္စရပ်မျိုးတွင် ဘဏ်အနေဖြင့် (က) ငွေချေးယူသူအနေဖြင့် စီမံကိန်းအား ကြိုးစားပမ်းစားထိထိရောက်ရောက်လုပ်ဆောင်ရန်တာဝန်ရှိမှုအား လုပ်ထုံးလုပ်နည်းပိုင်းအရ ပြည့်ဝစေနိုင်သည့်အပြင် လိုအပ်သောအရည်အချင်းနှင့်ပြည့်စုံသည့် အကြံပေးပုဂ္ဂိုလ်များအားရွေးချယ်စေနိုင်ခြင်း (ခ) ခန့်အပ်ထားသောအကြံပေးပုဂ္ဂိုလ်မှ သဘောတူညီထားသောသတ်မှတ်အချိန်ကာလအတိုင်းလုပ်ဆောင်နိုင်ခြင်း (ဂ) ဝန်ဆောင်မှုအတိုင်းအတာသည် စီမံကိန်းလိုအပ်ချက်များနှင့်ကိုယ်ညီမှုရှိခြင်းစသည့်အချက်များအတွက် ကျေနပ်မှုရှိရမည်ဖြစ်သည်။

## ကိုယ်ကျိုးစီးပွားနှင့် ပြည်သူ့အကျိုးပြုအတိုင်ပင်ခံအကြံပေးမှုကြား ပဋိပက္ခဖြစ်ခြင်းများ (Conflict of Interest)

၁.၉ ဘဏ်မူဝါဒအနေဖြင့် အကြံပေးပုဂ္ဂိုလ်များမှကျွမ်းကျင်သူပညာရှင်ပီသစွာဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ဘက်လိုက်မှုကင်းသည့်အကြံဉာဏ်များကိုပေးစေရမည်ဖြစ်ကာ ထိုသို့ အကြံဉာဏ်ပေးရာတွင်လည်း နောက်ထပ် အလုပ်ထပ်မံရရှိရေးကိုမစဉ်းစားဘဲ မည်သည့်အချိန်မဆို အလုပ်အပ်နှံသူ၏အကျိုးစီးပွားအား အဓိကထားရှေးရှုစေပြီး အခြား

---

[6] အထက်ပါအခြားသောဝန်ဆောင်မှုအမျိုးအစားများဆိုသည်မှာ တည်ဆဲလမ်းညွှန်ဖြစ်သော "ကမ္ဘာ့ဘဏ်ချေးငွေယူသူများနှင့်စပ်လျဉ်းသည့် IBRD Loans ၊ IDA Credits နှင့် Grants များမှ ပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝယ်ယူရေးဆိုင်ရာလမ်းညွှန်စည်းမျဉ်းစည်းကမ်းများ" (ပစ္စည်းဝယ်ယူရေးလမ်းညွှန်ဟုဆက်လက်သုံးစွဲမည်) နှင့်အညီဝယ်ယူကာ တင်ဒါခေါ်ယူပြီး လုပ်ဆောင်မှု၏ရုပ်ပိုင်းဆိုင်ရာရှုထောင့်အရနှင့် တိုင်းတာနိုင်သောရုပ်ပိုင်းဆိုင်ရာရလဒ်အခြေပြုကန်ထရိုက်စာချုပ်ချုပ်ဆိုရသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။

[7] ဤအပိုင်းတွင် ယခုလမ်းညွှန်ပါ အပိုဒ်ခွဲ ၃.၁၇ အောက်ရှိ ငွေချေးယူသူမှခန့်အပ်ထားသော ပစ္စည်းဝယ်ယူရေးကိုယ်စားလှယ် သို့မဟုတ် ဆောက်လုပ်ရေးမန်နေဂျာတစ်ဦးမှ အကြံပေးပုဂ္ဂိုလ်များရွေးချယ်ခြင်းတို့ ပါဝင်သည်။ ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၃.၁၂ အောက်ရှိ အကြံပေး ပုဂ္ဂိုလ်များရွေးချယ်ခြင်း (တစ်ဦးချင်းအပါအဝင်)အတွက် ဘဏ်အနေဖြင့် ငွေချေးယူသူနိုင်ငံ၏ အများပြည်သူပစ္စည်းဝယ်ယူရေးစနစ် (UCS ဟုရည်ညွှန်းနိုင်) အသုံးပြုမှုအား သဘောတူနိုင်ပါသည်။ ဤကိစ္စရပ်များတွင် ဘဏ်နှင့် ငွေချေးယူသူအကြားရှိ ချေးငွေသဘောတူညီချက်၌ ငွေချေးယူသူအသုံးပြုရမည့်ရွေးချယ်မှု နည်းလမ်းများပါရှိမည်ဖြစ်ပြီး အခန်း(၁)ရှိ အသုံးပြုရမည့်အချက်အားလုံးနှင့် ဤလမ်းညွှန်ပါ အခြားမည်သည့်အပိုင်းမဆို ဘဏ်နှင့်သက်ဆိုင်သည်ဟု မှတ်ယူရမည်။

လုပ်ငန်းတာဝန်ဝတ္တရားများ၊ မိမိတို့၏သက်ဆိုင်ရာအဖွဲ့များ၏ ကိုယ်ကျိုးစီးပွားများနှင့်ပဋိပက္ခဖြစ်ခြင်းများကို ရှောင်လွှဲစေရမည်ဖြစ်သည်။ အကြံပေးပုဂ္ဂိုလ်များအနေဖြင့်လည်း အခြားအလုပ်အပ်နှံသူများအတွက် ၎င်းတို့၏ ကြိုတင် သို့မဟုတ် လတ်တလောလိုက်နာဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများနှင့်ပဋိပက္ခဖြစ်စေမည့် မည်သည့် လုပ်ငန်းမျိုးအတွက်မျှ ငှားရမ်းခံရမည်မဟုတ်သလို ၎င်းတို့အနေဖြင့် လုပ်ငန်းတာဝန်ဝတ္တရားများအား ငွေချေးယူသူအတွက် အကောင်းဆုံးအကျိုးစီးပွားရရှိစေရန်အလို့ငှာ မထမ်းဆောင်ပေးနိုင်သော အနေအထားမျိုး အတွက်လည်း အကြံပေးပုဂ္ဂိုလ်များအဖြစ် မည်သည့်လုပ်ငန်းမျိုးအတွက်မျှ ငှားရမ်းခြင်းမခံရနိုင်ပါ။ အထက်ဖော်ပြပါ အချက်အများစုအတွက်သာဟူ၍ ကန့်သတ်ထားမှုမရှိသော်လည်း အောက်ပါအခြေအနေရပ်များတွင်လည်း အကြံပေး ပုဂ္ဂိုလ်များအနေဖြင့် ငှားရမ်းခြင်းခံရမည်မဟုတ်ပါ။

(က) အကြံပေးအတိုင်ပင်ခံလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့်ဝန်ဆောင်မှုလုပ်ငန်းများ (ဆိုလိုသည်မှာ ဤလမ်းညွှန်ပါ အကြံပေးဝန်ဆောင်မှု များမှလွဲ၍ အခြားဝန်ဆောင်မှုလုပ်ငန်းများ)[8] အကြား ပဋိပက္ခရှိနေခြင်း - စီမံကိန်းတစ်ခုအတွက် ပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်နှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့်ဝန်ဆောင်မှုလုပ်ငန်းများအား ထောက်ပံ့ပေးရန် ငွေချေးယူသူမှဆက်သွယ်ဆောင်ရွက်ထားပြီးဖြစ်သောလုပ်ငန်းတစ်ခု သို့မဟုတ် ၎င်းလုပ်ငန်းမှဖြစ်စေ ၎င်းလုပ်ငန်းအား ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ချုပ်ကိုင်ထားသော သို့မဟုတ် ချုပ်ကိုင်ခံရသောဆက်နွယ်မှုရှိသည့် မည်သည့်လုပ်ငန်းအဖွဲ့အစည်းမဆို အဆိုပါ ပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်နှင့် အကြံပေးဝန်ဆောင်မှုများ မဟုတ်သည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့်တိုက်ရိုက်သက်ဆိုင်သော သို့မဟုတ် ပေါ်ပေါက်လာသောအကြံပေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ငှာရမ်းခံရရန် အရည်အချင်းပြည့်မီခြင်းမရှိပေ။ အပြန်အလှန်အားဖြင့် စီမံကိန်းတစ်ခု ပြင်ဆင်ခြင်း (ချေးငွေစတင်အသက်ဝင်ခြင်းမရှိမီ)နှင့် အကောင်အထည်ဖော်ခြင်းအတွက် အကြံပေးဝန်ဆောင်မှု ပေးရန်ငှားရမ်းထားသော လုပ်ငန်းတစ်ခု သို့မဟုတ် ၎င်းလုပ်ငန်းမှဖြစ်စေ ၎င်းလုပ်ငန်းအားဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ချုပ်ကိုင်ထားသော သို့မဟုတ် ချုပ်ကိုင်ခံရသောဆက်နွယ်မှုရှိသည့် မည်သည့်လုပ်ငန်း အဖွဲ့အစည်းမဆို အဆိုပါ စီမံကိန်းပြင်ဆင်ခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် အကြံပေး ဝန်ဆောင်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော သို့မဟုတ် ပေါ်ပေါက်လာသောပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား နောက်ဆက်တွဲထောက်ပံ့ပေးရန်အတွက် အရည်အချင်းပြည့်မီခြင်းမရှိပေ။ သို့သော် ဤပြဋ္ဌာန်းချက်အနေဖြင့် turnkey ကန်ထရိုက်တစ်ခုအောက်ရှိ သို့မဟုတ် ဒီဇိုင်းနှင့်တည်ဆောက်ရေးဆိုင်ရာ ကန်ထရိုက်တစ်ခုအောက်ရှိ ကန်ထရိုက်တာတစ်ဦးလိုက်နာဖွယ်ရာများအတိုင်းလုပ်ဆောင်ရသည့် အမျိုးမျိုးသော အဖွဲ့များ (အကြံပေးများ၊ ကန်ထရိုက်တာများ သို့မဟုတ် ထောက်ပံ့ပေးသူများ)အပေါ်တွင်မှ အကျိုးသက်ရောက်ခြင်း မရှိရပါ။

(ခ) အကြံပေးခြင်းလုပ်ငန်းများအကြားပဋိပက္ခဖြစ်ခြင်း - အတိုင်ပင်ခံအကြံပေးကြသူများ (၎င်းတို့၏ဝန်ထမ်းများနှင့် ထပ်ဆင့်အတိုင်ပင်ခံအကြံပေးကြသူများအပါအဝင်)နှင့် ၎င်းတို့မှဖြစ်စေ ၎င်းတို့အားဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချုပ်ကိုင်ထားသော သို့မဟုတ် ချုပ်ကိုင်ခံရသောဆက်နွယ်မှုရှိသည့် မည်သည့်လုပ်ငန်းအဖွဲ့အစည်းမဆို အဆိုပါအတိုင်ပင်ခံအကြံပေးကြသူများ၏ အခြား လုပ်ငန်းဆောင်တာတစ်ခုနှင့် သဘောသဘာဝပိုင်းပဋိပက္ခဖြစ်နေ သောအခါ မည်သည့်လုပ်ငန်းအပ်နှံမှုအတွက်မျှ ငှာရမ်းခံရရန် အရည်အချင်းပြည့်မီခြင်းမရှိပေ။ ဥပမာအားဖြင့် လုပ်ငန်းအပ်နှံသူတစ်ဦးအတွက် အများပြည်သူပိုင်ပစ္စည်းများအားပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆိုင်ရာ အတိုင်ပင်ခံ အကြံပေးကြသူများသည် အဆိုပါပစ္စည်းများဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်အကြံပေးခြင်း မပြုလုပ်ရပါ။ ထို့အတူ လုပ်ငန်းတာဝန်တစ်ခုအတွက် လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက်(TOR) ပြင်ဆင်မှုဆိုင်ရာ အတိုင်ပင်ခံအကြံပေး ကြသူများသည် အဆိုပါလုပ်ငန်းတာဝန်အတွက် ငှားရမ်းခြင်းခံရမည်မဟုတ်ပါ။

(ဂ) ငွေချေးယူသူ (Borrower)၏ဝန်ထမ်းနှင့် ဆက်နွယ်နေခြင်း - အတိုင်ပင်ခံအကြံပေးကြသူများ (၎င်းတို့၏ ကျွမ်းကျင်သူများနှင့် အခြားဝန်ထမ်းများ၊ ထပ်ဆင့်အတိုင်ပင်ခံအကြံပေးကြသူများအပါအဝင်) သည် ငွေချေးယူသူ၏ (သို့မဟုတ် စီမံကိန်းအကောင်အထည်ဖော်နေသောဌာန၏ သို့မဟုတ် ချေးငွေတစ်စိတ်တစ်ပိုင်းကိုလက်ခံရရှိသူ၏)

---

[8] ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၁.၇ အားလေ့လာပါ။

ကျွမ်းကျင်သူပညာရှင်တစ်ယောက်နှင့် စီးပွားရေးအရ သို့မဟုတ် မိသားစုတော်စပ်မှုအရ နီးကပ်သည့်ဆက်နွှယ်မှု ရှိနေပြီး ယင်းကျွမ်းကျင်သူပညာရှင်သည်လည်း (၁) လုပ်ငန်းတာဝန်တစ်ခုအတွက် လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက်(TOR) ပြင်ဆင်မှုတွင်လည်းကောင်း (၂) ကန်ထရိုက်ရွေးချယ်မှုလုပ်ငန်းစဉ်တွင်လည်းကောင်း၊ သို့မဟုတ် (၃) အဆိုပါကန်ထရိုက်အားကြီးကြပ်မှုတွင်လည်းကောင်း မည်သည့်အပိုင်းတွင်မဆို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေပါဝင်ပတ်သက်နေပါက ကန်ထရိုက်ရွေးချယ်မှုနှင့်ဆက်လက်ဆောင်ရွက်မှုလုပ်ငန်းတစ်လျှောက်လုံးတွင် ဘဏ်မှလက်ခံသောနည်းလမ်းဖြင့်အထက်ပါဆက်နွှယ်မှုများကြောင့် ပဋိပက္ခပေါ်ပေါက်နေမှုများအားဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့လျှင် ကန်ထရိုက်အပ်နှင်းခြင်းခံရမည် မဟုတ်ပါ။

(ဃ) အတိုင်ပင်ခံအကြံပေးသူတစ်ဦးသည် တစ်ဦးတစ်ယောက်ချင်းဖြစ်စေ သို့မဟုတ် အဆိုပြုလွှာတစ်စောင်တွင် အခြားသူများနှင့်ဖက်စပ်ပူးပေါင်း၍ဖြစ်စေ အဆိုပြုလွှာတစ်စောင်တည်းသာပေးပို့ရမည်။ အခြားသူများနှင့်ဖက်စပ်ပူးပေါင်းကာအကြံပေးခြင်းအပါအဝင် အကယ်၍ အတိုင်ပင်ခံအကြံပေးသူတစ်ဦးသည် အဆိုပြုလွှာတစ်ခုထက်ပို၍ပေးပို့ခြင်း သို့မဟုတ် တစ်ခုထက်ပိုသောအဆိုပြုလွှာများတွင်ပါဝင်နေခြင်းအတွက် အဆိုပါ အဆိုပြုလွှာအားလုံးကို အရည်အချင်းပြည့်မီမှုမရှိဟု သတ်မှတ်မည်ဖြစ်သည်။ ဤသို့ဆိုသော်လည်း RFP အရခွင့်ပြုထားပြီး သင့်တော်သည့် အခြေအနေတစ်ရပ်၌ တစ်ခုထက်ပိုသောအဆိုပြုလွှာများတွင် အတိုင်ပင်ခံအကြံပေးလုပ်ငန်းတစ်ခုအား တစ်ဆင့်ခံအတိုင်ပင်ခံအကြံပေးအဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် အကြံပေးပုဂ္ဂိုလ်တစ်ဦးအား အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမှ တားမြစ်ထားခြင်းမရှိပါ။

**မမျှတသော ပြိုင်ဆိုင်မှုအကျိုးရလဒ် (Unfair Competitive Advantage)**

၁.၁၀ ရွေးချယ်ခြင်းလုပ်ငန်းစဉ်ပါတရားမျှတမှုနှင့်ပွင့်လင်းမြင်သာမှုအနေဖြင့် လုပ်ငန်းတစ်ရပ်အတွက် ပါဝင်ပြိုင်ဆိုင်ကြသော အကြံပေးပုဂ္ဂိုလ်များ သို့မဟုတ် ၎င်းတို့နှင့်ဆက်နွှယ်မှုရှိသူများသည် အဆိုပါ ပေးအပ်မည့်လုပ်ငန်းနှင့်ဆက်စပ်နေသောအကြံပေးဝန်ဆောင်မှုမှ အသာစီးရယူမှု/လက်ဦးမှုရယူခြင်းမရှိကြရန် လိုအပ်နေသည်။ အပြီးသတ်တွင် ငွေချေးယူသူမှရွေးချယ်ထားသည့် ဆန်ခါတင်အကြံပေးပုဂ္ဂိုလ်များအားလုံးကို အကြံပေးပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပြိုင်ဆိုင်မှုအကျိုးရလဒ်ရရှိစေခြင်းအလို့ငှာ လိုအပ်သောအချက်အလက်အားလုံးကို အဆိုပြုလွှာဖိတ်ခေါ်လွှာနှင့်အတူ ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**အရည်အချင်းပြည့်မီခြင်း (Eligibility)**

၁.၁၁ ယှဉ်ပြိုင်ခြင်းကိုအားပေးရန်ရည်ရွယ်ချက်ဖြင့် ဘဏ်သည် နိုင်ငံအားလုံးမှ အကြံပေးပုဂ္ဂိုလ်များ (အဖွဲ့လိုက်နှင့်တစ်ဦးချင်း)အား ၎င်း၏ထောက်ပံ့ခြင်းဖြင့်ဆောင်ရွက်မည့်စီမံကိန်းများအတွက် အကြံပေးဝန်ဆောင်မှုများ ကမ်းလှမ်းခွင့်ပြုသည်။ [၆] သို့သော်လည်း ပါဝင်ယှဉ်ပြိုင်မည့်သူတိုင်းသည် သဘောတူညီချက်အား အမှန်တကယ်ဖြည့်ဆည်းပေးနိုင်သည့်အရည်အချင်းရှိကြောင်းသေချာစေရန် ကန့်သတ်ချက်များ မဖြစ်မနေထားရှိရမည်။

၁.၁၂ ဘဏ်ချေးငွေအပြည့်အဝဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြင့်ဖြစ်စေ ဆက်စပ်လုပ်ကိုင်နေသည့် မည်သည့်ကန်ထရိုက်လုပ်ငန်းများတွင်မဆို အောက်ဖော်ပြပါအချက်များနှင့်မသက်ဆိုင်ဘဲ ငွေချေးယူသူတစ်ဦးမှ အကြံပေးပုဂ္ဂိုလ်ဆိုင်ရာ ဆန်ခါတင်စာရင်းပြုစုခြင်း သို့မဟုတ် ရွေးချယ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ရန်ငြင်းဆန်ခြင်းကို ဘဏ်အနေဖြင့် ခွင့်မပြုရပါ။ ဤအချက်နှစ်ရပ်နှင့်ဆက်စပ်မှုမရှိသော ငြင်းဆိုခြင်းများ မရှိစေရမည်ဖြစ်ရာ (၁) သဘောတူညီမှုစာချုပ်အတိုင်းအောင်မြင်စွာလုပ်ကိုင်နိုင်ရန်အတွက် အရည်အချင်းများ၊ အရင်းအမြစ်များရှိနေခြင်း၊ သို့မဟုတ် (၂) အထက်တွင်ဖော်ပြခဲ့သည့်အပိုဒ်ခွဲ ၁.၉ အရ ကိုယ်ကျိုးစီးပွားနှင့်ပြည်သူ့အကျိုးပြုအကြံပေးတိုင်ပင်ခံမှုကြား ပဋိပက္ခပေါ်ပေါက်နိုင်သောအခြေအနေရှိနေခြင်းစသည်တို့ ဖြစ်သည်။

၁.၁၃ ဖော်ပြပါအပိုဒ်ခွဲ ၁.၁၁ နှင့် ၁.၁၂ တို့တွင်မပါဝင်သော ခြွင်းချက်များ –

---

[၆] ကမ္ဘာ့ဘဏ်အနေဖြင့် ထိုင်ဝမ်နှင့်တရုတ်နိုင်ငံများမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား ဘဏ်၏ထောက်ပံ့ခြင်းဖြင့်ဆောင်ရွက်မည့် စီမံကိန်းများအတွက် အကြံပေးဝန်ဆောင်မှုများဆောင်ရွက်ရန် ကမ်းလှမ်းခွင့်ပြုသည်။

(က) အကယ်၍ (၁) ဥပဒေကြောင်းအရ သို့မဟုတ် တရားဝင်စည်းကမ်းသတ်မှတ်ချက်အရ ငွေချေးယူသူ၏ နိုင်ငံမှအကြံပေးပုဂ္ဂိုလ်၏နိုင်ငံနှင့်စီးပွားရေးအရဆက်သွယ်မှုကို ပိတ်ပင်တားမြစ်ထားခြင်း၊ ထိုသို့ဖယ်ထုတ်ခြင်းမှာလည်း လိုအပ်သောအကြံပေးဝန်ဆောင်မှုရရှိရေးအတွက် ထိရောက်သောပြိုင်ဆိုင်မှုကိုထိခိုက်စေမှုမရှိကြောင်း ဘဏ်အနေဖြင့်လက်ခံနိုင်ခြင်း ၊ သို့မဟုတ် (၂) ကုလသမဂ္ဂစာတမ်း အခန်း–၇ ပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြင့်ချမှတ်ထားသည့် လိုက်နာဆောင်ရွက်မှုနည်းလမ်းအရ နိုင်ငံတစ်နိုင်ငံ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်သို့ငွေကြေးပေးအပ်ခြင်းကို ငွေချေးယူသူ၏နိုင်ငံအနေဖြင့်တားမြစ်ထားခြင်းစသည့် အချက်နှစ်ရပ်ဖြင့် အကြံပေးပုဂ္ဂိုလ်များအားအရည်အချင်းပြည့်မီမှုမှဖယ်ထုတ်ထားနိုင်ပါသည်။ အဆိုပါချမှတ်ထားသည့် လိုက်နာဆောင်ရွက်မှုနည်းလမ်းအရပင် အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် အချို့ ကုန်စည်အမျိုးအစားများအတွက် ငွေကြေးပေးအပ်ခြင်းကို ငွေချေးယူသူ၏နိုင်ငံအနေဖြင့်တားမြစ်ထားပါကလည်း ယင်းကဲ့သို့ အဖွဲ့အစည်းမျိုးကို ဖယ်ထုတ်ထားနိုင်ပါသည်။

(ခ) အကယ်၍ ငွေချေးယူသူနိုင်ငံရှိနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့်လည်း ငွေချေးယူသူနိုင်ငံတွင်ပါဝင်နိုင်ကြရာ (၁)၎င်းတို့သည်ဥပဒေပိုင်းအရနှင့်ဘဏ္ဍာရေးအရကိုယ်ပိုင်အုပ်ချုပ်ရပ်တည်နိုင်ခြင်း (၂)ပြဋ္ဌာန်းထားသောကူးသန်းရောင်းဝယ်ရေးဥပဒေနှင့်အညီလည်ပတ်ဆောင်ရွက်ခြင်းနှင့် (၃) ၎င်းတို့သည်ငွေချေးယူသူ သို့မဟုတ် တစ်ဆင့်ခံချေးယူသူ၏လက်အောက်ခံအဖွဲ့အစည်းများဖြစ်မနေမှသာလျှင် ထိုသို့ပါဝင်ခွင့်ရှိပါသည်။[၁၀]

(ဂ) အထက်ပါ စာပိုဒ်–ခ အတွက် ခြွင်းချက်အနေဖြင့် ငွေချေးယူသူနိုင်ငံရှိ နိုင်ငံပိုင်တက္ကသိုလ် သို့မဟုတ် သုတေသနဌာနများ သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ဝန်ဆောင်မှုများသည် တစ်ဖွဲ့တည်းသာလုပ်နိုင်သည့်အပြင် အစားထိုးနိုင်သည့် သင့်လျော်သောပုဂ္ဂလိကကဏ္ဍတစ်ရပ်မရှိခြင်းကဲ့သို့ ခြွင်းချက်ထားရမည့်သဘောသဘာဝ ရှိနေသောအခါတွင်လည်းကောင်း၊ ယင်းတို့၏ပါဝင်ဆောင်ရွက်မှုမှာ စီမံကိန်းအကောင်အထည်ဖော်မှုတွင် အရေးပါနေလျှင်လည်းကောင်း ဘဏ်အနေဖြင့် လုပ်ငန်းအမျိုးအစားတစ်ခုချင်းအလိုက် ထိုအဖွဲ့အစည်းများအားရွေးချယ်အသုံးပြုခြင်းကို သဘောတူလက်ခံနိုင်ပါသည်။ ထို့နည်းတူစွာအထက်ပါအခြေအနေအရ ဘဏ်၏ငွေကြေးထောက်ပံ့မှုအားဖြင့် တက္ကသိုလ်ပါမောက္ခများ သို့မဟုတ် သုတေသနဌာနများမှသိပ္ပံပညာရှင်များအား စာချုပ်ချုပ်ဆိုငှားရမ်းနိုင်ပါသည်။

(ဃ) ငွေချေးယူသူနိုင်ငံရှိ အစိုးရအရာရှိများနှင့်နိုင်ငံ့ဝန်ထမ်းများကိုမူ ငွေချေးယူသူနိုင်ငံအတွင်းရှိ အကြံပေးကန်ထရိုက်စာချုပ်များအောက်တွင်ငှားရမ်းရာတွင် တစ်ဦးချင်းအနေဖြင့်လည်းကောင်း အကြံပေးအဖွဲ့အစည်းတစ်ခုမှအဆိုပြုသောကျွမ်းကျင်သူအဖွဲ့၏အဖွဲ့ဝင်များအဖြစ်လည်းကောင်း ငှားရမ်းနိုင်ပြီး ငွေချေးယူသူနိုင်ငံအတွင်းရှိ အလုပ်အကိုင်ဆိုင်ရာဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိကြောင်း ဖော်ပြနိုင်ရမည်ဖြစ်ရာ အကယ်၍ ၎င်းတို့အနေဖြင့် (၁) လစာမဲ့ခွင့်ယူထားခြင်း သို့မဟုတ် နုတ်ထွက်ထားခြင်း သို့မဟုတ် အငြိမ်းစားယူထားခြင်း၊ (၂) လစာမဲ့ခွင့်ယူခြင်း ၊ နုတ်ထွက်ခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းမတိုင်မီ ၎င်းတို့အလုပ်လုပ်ကိုင်သည့်အဖွဲ့အစည်းအတွက်ငှားရမ်းမှုမဟုတ်ခြင်း [၁၁] (၃) ၎င်းတို့အားငှားရမ်းမှုကြောင့်အကျိုးစီးပွား

---

[၁၀] နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်မီစေရန်အတွက် သင်းဖွဲ့စာချုပ်စာတမ်းနှင့် ဘဏ်မှလိုအပ်နိုင်သည့် အခြားအချက်အလက်များအပါအဝင် သက်ဆိုင်သည့်စာရွက်စာတမ်းအချက်အလက်များအား ဘဏ်၏လက်ခံကျေနပ်မှုရရှိစေရန် ပေးအပ်ရမည်ဖြစ်ရာ ၎င်းသည် (၁) အစိုးရနှင့်သီးခြားဖြစ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ်ရပ်တည်နေမှု (၂) အစိုးရထံမှမည်သည့်ငွေကြေးနှင့်အခြားအထောက်အပံ့မျှ လက်ရှိကာလတွင် လက်ခံရရှိခြင်း မရှိမှု (၃) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းပုံစံတစ်ခုသဖွယ်လည်ပတ်လှုပ်ရှားနေမှုနှင့်၊ အခြားအချက်များအနေနှင့် အမြတ်အစွန်းများအား အစိုးရသို့လွှဲပြောင်းပေးအပ်ရန်မလိုအပ်မှု၊ ပေးရန်ရှိသည်များနှင့်ရရှိရှိသည်များ ရှိနေမှု၊ ငွေချေးယူနိုင်မှု၊ အကြွေးများပေးဆပ်ရန်တာဝန်ရှိမှု၊ ဒေဝါလီခံယူခွင့်ရှိမှု နှင့် (၄) အစိုးရဌာန သို့မဟုတ် အေဂျင်စီမှအပ်နှင်းသောကန်ထရိုက်တစ်ခုအတွက် အစိုးရများ၏သက်ဆိုင်ရာဥပဒေများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများအရ ယင်းကဲ့သို့ အဖွဲ့အစည်းတွင်အစီရင်ခံခြင်း သို့မဟုတ် ကြီးကြပ်ခြင်းအခွင့်အာဏာရှိနေခြင်း သို့မဟုတ် လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းအပေါ်ထိန်းချုပ်ရန် သို့မဟုတ် လွှမ်းမိုးရန်လုပ်ဆောင်နိုင်ခြင်းရှိနေသော အစိုးရဌာန သို့မဟုတ် အေဂျင်စီမှအပ်နှင်းသော ကန်ထရိုက်တစ်ခုအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်မှုမရှိခြင်းတို့ ဖြစ်သည်။

[၁၁] နုတ်ထွက်ခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းကိစ္စရပ်တွင် အနည်းဆုံး ၆ လ သို့မဟုတ် ငွေချေးယူသူနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဥပဒေအရ သတ်မှတ်ထားသည့်ကာလ မည်သည့်ကာလမဆို ပိုမိုကြာမြင့်သောကာလကိုယူရမည်။ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် သုတေသနအဖွဲ့အစည်းများမှ အထူးပြုနယ်ပယ်တစ်ရပ်နှင့်သက်ဆိုင်သည့် ပါမောက္ခများ သို့မဟုတ် ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများအား အချိန်ပိုင်းအလို့ငှာ တစ်ဦးချင်းအနေဖြင့်

ပဋိပက္ခများပေါ်ပေါက်စေနိုင်ခြင်းမရှိလျှင် (အပိုဒ်ခွဲ ၁.၉ တွင်ရှုပါ) ထိုသို့ငှားရမ်းနိုင်ပါသည်။

(င) ဤလမ်းညွှန်၏ အပိုဒ်ခွဲ ၁.၂၃(ဃ)အရ သို့မဟုတ် ကမ္ဘာ့ဘဏ်အုပ်စု လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး မူဝါဒနှင့်အရေးယူပိတ်ဆို့မှုနည်းလမ်းများအရ [၁၂] ပိတ်ပင်ဟန့်တားခြင်းခံထားရသောအဖွဲ့အစည်းတစ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘဏ်မှထောက်ပံ့သောကန်ထရိုက်တစ်ခုအား အပ်နှင်းရန်အကျုံးမဝင်ပါ။ သို့မဟုတ် ထိုကဲ့သို့ကန်ထရိုက်မျိုးမှအကျိုးအမြတ်အား ငွေကြေးအရဖြစ်စေ သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ ဘဏ်မှ ထိုကဲ့သို့ပိတ်ပင်ဟန့်တားမှုပြုထားမည့်ကာလအတွင်း ရရှိနိုင်လိမ့်မည်မဟုတ်ပါ။

**ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီ အကြံပေးပုဂ္ဂိုလ်ကြိုတင်ငှားရမ်းခြင်းနှင့် လက်မှတ်ထိုးပြီးနောက်ငှားရမ်းထားခြင်းများအတွက်ငွေကြေးပြန်ထုတ်ပေးခြင်း (Advance Contracting and Retroactive Financing)**

၁.၁၄ စီမံကိန်းအကောင်အထည်ဖော်မှုကိုအရှိန်အဟုန်မြင့်ဆောင်ရွက်ရန်ကဲ့သို့သော အချို့သော အခြေအနေများတွင် ငွေချေးယူသူအနေဖြင့် သက်ဆိုင်ရာချေးငွေ သဘောတူညီချက်အားလက်မှတ်မထိုးမီ အကြံပေးပုဂ္ဂိုလ်များ ရွေးချယ်မှုအား ဘဏ်၏ကန့်ကွက်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိနေနိုင်သည်။ ဤလုပ်ဆောင်မှုအား ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီ အကြံပေးပုဂ္ဂိုလ်ကြိုတင်ငှားရမ်းခြင်းဟု သတ်မှတ်နိုင်သည်။ ဤကဲ့သို့ကိစ္စရပ်များတွင် ကြော်ငြာခြင်းအပါအဝင် ရွေးချယ်မှုလုပ်ထုံးလုပ်နည်းများမှာ လမ်းညွှန်ပါအချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ဘဏ်အနေဖြင့်လည်း ငွေချေးယူသူ၏ အဆိုပါလုပ်ငန်းစဉ်များ စစ်ဆေးသုံးသပ်မည်ဖြစ်သည်။ ငွေချေးယူသူတစ်ဦးသည် အဆိုပါ အကြံပေးပုဂ္ဂိုလ်ကြိုတင်ငှားရမ်းခြင်းနှင့်ပတ်သက်သည့် စွန့်စားရမှုများကို မိမိဘာသာကျခံရမည်ဖြစ်ကာ ငှားရမ်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မှတ်တမ်းတင်ထိန်းသိမ်းခြင်း သို့မဟုတ် စာချုပ်အပ်နှင်းရန်အဆိုပြုခြင်းများနှင့်ပတ်သက်၍ ဘဏ်မှတစ်စုံတစ်ရာငြင်းပယ်မှု မရှိခြင်းသည်လည်း ဘဏ်အနေဖြင့် ယင်းစီမံကိန်းအတွက် ချေးငွေမဖြစ်မနေပေးမည်ဟူသော ကတိကဝတ် ပြုလုပ်ရာမရောက်ပါ။ ချေးငွေအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးပါက ငွေချေးယူသူအနေဖြင့် စာချုပ်မချုပ်ဆိုမီကြိုတင်ငှားရမ်းခြင်းကြောင့် ကုန်ကျထားသည်များအတွက် စာချုပ်လက်မှတ်ထိုးပြီးနောက်ငှားရမ်းထားခြင်းများအတွက် ငွေကြေးပြန်ထုတ်ပေးခြင်းအဖြစ် ရည်ညွှန်းခံရမည်ဖြစ်ကာ ချေးငွေသဘောတူညီချက်ပါ ကန့်သတ်ချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။

**အကြံပေးပုဂ္ဂိုလ်များပူးပေါင်းဆောင်ရွက်ခြင်း (Associations between Consultants)**

၁.၁၅ မိမိတို့အဆိုပြုလွှာများ၏ နည်းပညာပိုင်းဖြည့်ဆည်းနိုင်မှုကို ပိုမိုအားကောင်းစေရန်နှင့် ကျွမ်းကျင်သူများ ပိုမိုစုစည်းရရှိစေရန်၊ ပိုမိုကောင်းမွန်သောချဉ်းကပ်ဆောင်ရွက်ပုံနှင့် နည်းလမ်းများရရန်အပြင် အချို့ကိစ္စများတွင် သက်သာသောဈေးနှုန်းဖြင့်ကမ်းလှမ်းနိုင်ရန် ပူးပေါင်းဖက်စပ်ပုံစံ သို့မဟုတ် မိမိတို့၏ကျွမ်းကျင်မှုနယ်ပယ် လိုအပ်ချက်အတွက် တစ်ဆင့်ခံအကြံပေးငှားခြင်းသဘောတူညီမှုပုံစံဖြင့် အကြံပေးများအနေဖြင့် အချင်းချင်းမိတ်ဖွဲ့ ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင် အချိန်ကာလကြာရှည်စွာ (မည်သည့် လုပ်ငန်းတစ်ခုနှင့်မျှသီးသန့်မသက်ဆိုင်ပဲ) သို့မဟုတ် သီးခြားလုပ်ငန်းတာဝန်တစ်ခုအတွက်လည်း ဖြစ်နိုင်ပါသည်။ အကယ်၍ ငွေချေးယူသူမှပူးပေါင်းဖက်စပ်ပုံစံအကြံပေးအဖွဲ့တစ်ရပ်အား ငှားရမ်းမည်ဆိုပါက ယင်းအဖွဲ့အနေဖြင့် အဖွဲ့ဝင်အားလုံးကိုယ်စား ၎င်းတို့အထဲမှတစ်ဖွဲ့အား အဖွဲ့ကိုကိုယ်စားပြုခန့်အပ်စေရမည်။ ပူးပေါင်းအဖွဲ့ဝင်အားလုံး ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား ကိုယ်စားလှယ်များအား အကျိုးဆောင်ရွေ့နေအခွင့်အာဏာနှင့်တကွ တာဝန်ပေးအပ်၍ ကန်ထရိုက်လက်မှတ်ရေးထိုးစေရမည်။ ပူးပေါင်းဖက်စပ်ခြင်းပါအဖွဲ့ဝင်အားလုံးသည် လုပ်ငန်းတစ်ရပ်လုံးအတွက် ပူးတွဲ၍အမျိုးမျိုးသောပေးရန်များအတွက် တာဝန်ရှိသည်။ ဆန်ခါတင်စာရင်းပြုလုပ်ခြင်းပြီးဆုံးသည်နှင့် အဆိုပြုလွှာတောင်းခံမှု (RFP)များ ထုတ်ဝေပြီးနောက် ဆန်ခါတင်စာရင်းပါအဖွဲ့များသည် ပူးပေါင်းဖက်စပ်ပုံစံ

---

ငှားရမ်းကန်ထရိုက်ချုပ်ဆိုနိုင်ရာ ကန်ထရိုက်ချုပ်ဆိုခြင်းမတိုင်ခင် ၎င်းတို့၏သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တစ်နှစ်နှင့်အထက် အချိန်ပြည့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်ဖြစ်ပြီး လိုအပ်သည့်ဝန်ဆောင်မှုအတိုင်းအတာအရ အဆိုပါငှားရမ်းမှုအား စိစစ်ရမည်။

[၁၂] ဤစာပိုဒ်ပါရည်ရွယ်ချက်များအတွက် "Guidelines on Preventing and Combating Fraud and Corruption in Projects financed by IBRD Loans and IDA Credits and Grants" နှင့် "Anti-Corruption Guidelines for IFC, MIGA, and World Bank Guarantee Transactions" စသည်တို့တွင် သက်ဆိုင်ရာကမ္ဘာ့ဘဏ်အုပ်စုလာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးမူဝါဒများအား ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်၏အရေးယူပိတ်ဆို့မှုနည်းလမ်းများကိုလည်း ယင်း၏ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုက်ထဲတွင် ဖော်ပြထားပါသည်။

သို့မဟုတ် တစ်ဆင့်ခံအကြံပေးပုံစံဖြင့်ပေါင်းစည်းလိုပါက ငွေချေးယူသူ၏သဘောတူခွင့်ပြုချက်ရမှသာ လုပ်ဆောင်ခွင့်ရှိသည်။ ငွေချေးယူသူအနေဖြင့် အကြံပေးသူများအား အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် အုပ်စုလိုက်အဖွဲ့အစည်းများဖြင့် အဖွဲ့များဖွဲ့စည်းစေရန် သို့မဟုတ် ၎င်းတို့၏အဆိုပြုလွှာတွင် တစ်စုံတစ်ဦးအားပါဝင်စေရန် မလိုအပ်သော်လည်း အရည်အချင်းရှိသော ပြည်တွင်းမှအဖွဲ့အစည်းများနှင့် အဖွဲ့ဖွဲ့စည်းခြင်းကိုမူ အားပေးနိုင်သည်။

**ဘဏ်မှစစ်ဆေးသုံးသပ်ခြင်း၊ အကူအညီပေးခြင်းနှင့် ကြီးကြပ်ခြင်း (Bank Review, Assistance, and Monitoring)**

၁.၁၆ ဘဏ်သည် ငွေချေးယူသူ၏ အကြံပေးများငှားရမ်းမှုအပေါ် ကျေနပ်လက်ခံမှုရှိစေရန်အလို့ငှာ ရွေးချယ်မှုလုပ်ငန်းစဉ်အနေဖြင့် ဤလမ်းညွှန်ပါပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ထားခြင်းရှိမရှိအား စစ်ဆေးသုံးသပ်မည်ဖြစ်သည်။ ထိုသို့စစ်ဆေးသုံးသပ်မည့်လုပ်ငန်းအဆင့်ဆင့်အား နောက်ဆက်တွဲ(၁)တွင် ဖော်ပြထားပါသည်။

၁.၁၇ ငွေချေးယူသူအနေဖြင့် အချို့သော ခြွင်းချက်အခြေနေများ၌ အဆိုပြုလွှာတောင်းခံမှုအတွက် ဆန်ခါတင်စာရင်း(Short list) သို့မဟုတ် အလားအလာရှိသောယှဉ်ပြိုင်သူများစာရင်း (Long list)အား မပြုလုပ်နိုင်သည့်အခါ စာဖြင့်ရေးသားတောင်းဆိုခဲ့လျှင် ဘဏ်သည် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ လုပ်ငန်းအားဆောင်ရွက်နိုင်စွမ်းရှိမှုကို မျှော်မှန်း၍ ဆန်ခါတင်စာရင်း [၁၃] နှင့် အလားအလာရှိသောယှဉ်ပြိုင်သူများစာရင်း [၁၄] ပြုလုပ်မှုတွင် ငွေချေးယူသူအား ကူညီနိုင်ပါသည်။ သို့သော် အဆိုပါစာရင်းများပြုလုပ်မှုမှာ ထိုစာရင်းပါအကြံပေးပုဂ္ဂိုလ်များအား ထောက်ခံချက်ပေးမှုအဖြစ် မသတ်မှတ်ရပါ။ ငွေချေးယူသူမှသာ စာရင်းပါအကြံပေးပုဂ္ဂိုလ်များ၏ အရည်အချင်းပြည့်မီခြင်းနှင့် အကျုံးဝင်မှုရှိမရှိတို့ကိုစစ်ဆေးခြင်း တာဝန်ယူရမည်ဖြစ်ပြီး မိမိ၏ထင်မြင်သုံးသပ်ချက်အရ အမည်စာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် အသစ်ထပ်မံဖြည့်စွက်ခြင်းပြုလုပ်နိုင်ပြီး အပြီးသတ်ဆန်ခါတင်စာရင်းကိုမူ ဘဏ်၏ တစ်စုံတစ်ရာကန့်ကွက်ချက်မရှိကြောင်း ရရှိနိုင်ရန်အလို့ငှာ RFP တောင်းခံခြင်းမတိုင်မီ ဘဏ်သို့ ပေးအပ်ရမည်ဖြစ်သည်။

၁.၁၈ ငွေချေးယူသူအနေဖြင့် အကြံပေးပုဂ္ဂိုလ်များ၏လုပ်ဆောင်မှုများအပေါ်ကြီးကြပ်ရန် တာဝန်ရှိသည့်အပြင် ကန်ထရိုက်ပါစည်းကမ်းချက်များအတိုင်း လုပ်ငန်းများအားဆောင်ရွက်နေခြင်းရှိစေရန်လည်း သေချာစေရမည် ဖြစ်သည်။ ငွေချေးယူသူ သို့မဟုတ် အကြံပေးများ၏တာဝန်ဟူ၍သာယူဆမထားဘဲ ဘဏ်မှဝန်ထမ်းများ အနေဖြင့်လည်း အကြံပေးများ၏လုပ်ငန်းအရည်အသွေးအပေါ် ကျေနပ်လက်ခံနိုင်မှုရရှိစေရန် လိုအပ်သလို ထိန်းကျောင်းပေးမည်ဖြစ်ရာ သင့်လျော်သည့်စံချိန်စံနှုန်းများနှင့်အညီဆောင်ရွက်နေမှုရှိမရှိ၊ အားထားနိုင်လောက်သော အချက်အလက်များအား အခြေခံထားခြင်းရှိမရှိ စသည်တို့ဖြစ်သည်။ သင့်တော်သည့်အခါတိုင်း ဘဏ်အနေဖြင့် ငွေချေးယူနှင့် အကြံပေးပုဂ္ဂိုလ်တို့၏ဆွေးနွေးပွဲများတွင်ပါဝင်နိုင်ပြီး လိုအပ်ပါက လုပ်ငန်းနှင့်သက်ဆိုင်သော ပြဿနာရပ်များ ဖြေရှင်းရာတွင်လည်း ဘဏ်အနေဖြင့် ငွေချေးယူသူအားအကူအညီပေးနိုင်သည်။ အကယ်၍ လုပ်ငန်း၏ အရေးပါသောအပိုင်းအား အကြံပေးတို့၏ရုံးဌာနများ၌ ဆောင်ရွက်နေရခြင်းဖြစ်ပါက ငွေချေးယူသူ၏ သဘောတူညီမှုဖြင့် ဘဏ်သည် ထိုရုံးဌာနများသို့သွားရောက်ကာ အကြံပေး၏လုပ်ငန်းဆောင်ရွက်မှုအား လေ့လာစစ်ဆေးနိုင်သည်။

**ဝယ်ယူငှားရမ်းရေးစည်းကမ်းများကိုမလိုက်နာဘဲဝယ်ယူငှားရမ်းခြင်း (Misprocurement)**

၁.၁၉ အကြံပေးဝန်ဆောင်မှုငှားရမ်းခြင်းစာချုပ်များအနေဖြင့် ဆက်လက်ဖော်ပြပါအချက်များအနက်မှ တစ်ခုခုနှင့်ငြိစွန်းသည်ဟု ဘဏ်အနေဖြင့်ကောက်ချက်ချပါက ယင်းအတွက်ကုန်ကျမှုများကို ငွေပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။ (က) ချေးငွေသဘောတူစာချုပ်အရ စာချုပ်ပါသဘောတူညီချက်များနှင့်အညီ စာချုပ်အပ်နှံထားခြင်းမရှိသည့်အပြင် ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း ပြောကြားထားသည့်ဝယ်ယူငှားရမ်းရေးအတွက် ကြိုတင်ရေးဆွဲထားသောအစီအစဉ်များဖြင့် [၁၅] ငှားရမ်းထားခြင်းမရှိသောကုန်ကျမှုများအတွက် ခံစားခွင့်မရှိ။ (ခ) နှောင့်နှေးနေသောစီမံမှုများကြောင့် ရွေးချယ်ခံရသည့်အကြံပေးအား စာချုပ်မချုပ်ဆိုနိုင်ခြင်း သို့မဟုတ် ကြန့်ကြာအောင်လုပ်၍ အကြံပေးအား ငှားရမ်းလိုက်ရမှု သို့မဟုတ် ငွေချေးယူသူ၏ အခြားအပြုအမူတစ်ရပ်ရပ်ကြောင့် အကျိုးအကြောင်းဆီလျော်မှုမရှိသော

---

[၁၃] Short List အတွက် လမ်းညွှန်ပါ အပိုဒ်ခွဲ ၂.၆ ၊ ၂.၇ နှင့် ၂.၈ တို့တွင် လေ့လာနိုင်ပါသည်။

[၁၄] Long List ဟူသည် အလားအလာရှိသော အဖွဲ့အစည်းများအား ကြိုတင်စာရင်းပြုစုထားခြင်းဖြစ်ကာ ၎င်းမှတစ်ဆင့် Short List ကို ထပ်မံပြုစုရမည်ဖြစ်သည်။

[၁၅] အပိုဒ်ခွဲ ၁.၂၅ တွင် လေ့လာပါ။

နှောင့်နှေးမှုများပေါ်ပေါက်လာခြင်း သို့မဟုတ် အောင်မြင်သည့်အဆိုပြုလွှာဆက်လက်မရှိနိုင်တော့ခြင်း သို့မဟုတ် အဆိုပြုလွှာကိုမှားယွင်းစွာပယ်ချမိခြင်းစသည့် ကိစ္စရပ်များအတွက်လည်း ကုန်ကျထားမှုများရှိပါက ငွေကြေး ပြန်ထုတ်ပေးမည်မဟုတ်ပါ။ သို့မဟုတ် (ဂ) ငွေချေးသူ၏ကိုယ်စားလှယ်သော်လည်းကောင်း၊ ချေးငွေပေးသည့် အဆင့်များအလိုက် လက်ခံရရှိသူတစ်ဦးသော်လည်းကောင်း အပိုဒ်ခွဲ ၁.၂၃(ဂ) တွင်ဖော်ပြခဲ့သော အကျင့်ပျက်ခြစားမှု တစ်ခုခုနှင့်ငြိစွန်းနေပါကလည်း ကုန်ကျမှုများအတွက်ငွေကြေးများပြန်ရမည်မဟုတ်ပါ။ ထိုသို့သောအခြေအနေမျိုးတွင် ဝယ်ယူငှားရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဖြစ်စေ၊ ဝယ်ယူငှားရမ်းပြီးမှစစ်ဆေးသုံးသပ်ခြင်းဖြစ်စေ ဝယ်ယူငှားရမ်းရေးစည်းကမ်းများကိုမလိုက်နာဘဲ ဝယ်ယူငှားရမ်းခြင်း ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှ ကြေညာသတ်မှတ်နိုင်သည်။ ကမ္ဘာ့ဘဏ်၏မူဝါဒအရ ဝယ်ယူငှားရမ်းခြင်း စည်းကမ်းများကိုမလိုက်နာဘဲ ဝယ်ယူငှားရမ်းထားသည့်အကြံပေးဝန်ဆောင်ခြင်းများနှင့်ပတ်သက်သော ချေးငွေ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။ ထို့ပြင်သာမက ချေးငွေသဘောတူစာချုပ်အရ ဘဏ်သည် အခြား အမှားပြင်ဆင် ကုစားချက်များ ပြုလုပ်နိုင်သည်။ အကယ်၍ ကန်ထရိုက်စာချုပ်အား ဘဏ်မှ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိဘဲ ပေးအပ်ခဲ့သည့်တိုင်အောင် နောက်ပိုင်းတွင် ဘဏ်ချေးငွေများ ရပ်တန့်ပြီးသည်ဖြစ်စေ၊ မရပ်တန့်ရသေးသည်ဖြစ်စေ ဘဏ်မူဝါဒများအရ ဝယ်ယူငှားရမ်းရေးစည်းကမ်းများကိုမလိုက်နာဘဲဝယ်ယူငှားရမ်းခြင်းအဖြစ် ကြေညာနိုင်ပြီး အခြား ကုစားချက်များအား ဘဏ်၏မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်သည်။ ထိုအခြေအနေမျိုးမှာ ကန်ထရိုက်စာချုပ်အပေါ် ဘဏ်မှကန့်ကွက်မှုမရှိကြေညာခြင်းသည် ငွေချေးယူသူတင်ပြသည့် မပြည့်စုံသော၊ မတိကျသော သို့မဟုတ် လွဲမှားသောသတင်းအချက်အလက်များအားအခြေခံထား၍ဖြစ်ခြင်း သို့မဟုတ် ကန်ထရိုက် စာချုပ်ပါအချက်အလက်များအား ဘဏ်မှကန့်ကွက်မှုမရှိပေးထားသည့်အနေအထားမျိုးမဟုတ်ဘဲ ပြင်ဆင်ပြောင်းလဲမှု များပြုလုပ်ခဲ့ခြင်းစသည်တို့ကို တွေ့ရှိရသည့်အခါမျိုးဖြစ်သည်။

## ဘဏ်သို့ရည်ညွှန်းခြင်း (Reference to Bank)

၁.၂၀ ငွေချေးသူသည် အောက်ဖော်ပြပါစာသားများဖြင့် [၁၆] ကမ္ဘာ့ဘဏ်အား အဆိုပြုလွှာတောင်းခံခြင်း (RFP)နှင့် ကန်ထရိုက်စာရွက်စာတမ်းများတွင် ရည်ညွှန်းဖော်ပြနိုင်သည်။

[ငွေချေးသူအမည်] သည် [အပြည်ပြည်ဆိုင်ရာပြည်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်] မှ (နောင်တွင် "ဘဏ်" ဟုအစားထိုးသုံးစွဲမည်) [စီမံကိန်းအမည်] ၏ ကုန်ကျစရိတ်များအတွက် အမေရိကန်ဒေါ်လာ ____ နှင့်ညီမျှသော [ချေးငွေ] အားရရှိပြီး [သို့မဟုတ် လျှောက်ထားဆဲ] ဖြစ်ကာ ချေးငွေ၏တစ်စိတ်တစ်ဒေသမှ ရရှိလာသောငွေပမာဏများကို သဘောတူစာချုပ်တွင်သတ်မှတ်ထားသည့်အတိုင်း ငွေပေးချေမှုများဆောင်ရွက်မည် ဖြစ်ပါသည်။ ဘဏ်မှငွေပေးချေမှုများသည် [ငွေချေးသူ သို့မဟုတ် တာဝန်ရှိသူအမည်] မှတစ်ဆင့် တောင်းခံလာသည့်အချိန်များတွင်သာ ဘဏ်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ငွေချေးသဘောတူညီမှု စာချုပ်အရသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်းသာ ဖြစ်ရမည်။ ငွေချေးရန်အတွက် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းမှ တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ အခြားသောကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း၊ ပစ္စည်းများတင်သွင်းခြင်း၊ ဝယ်ယူခြင်းများအတွက် ငွေပေးချေမှုများသည် ကုလသမဂ္ဂကြေညာစာတမ်း၏ အခန်း (၇) အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့် တားဆီးကန့်သတ်ထားမှုများ အကျုံးဝင်နေသူများအား ချေးငွေ သဘောတူညီချက်အရငွေထုတ်ခြင်းအား တားမြစ်ပိုင်ခွင့်ရှိသည်။ [ငွေချေးသူ၏အမည်] မှလွဲ၍ အခြားသော မည်သူမဆိုသည် [ချေးငွေ] သဘောတူစာချုပ်အရ သို့မဟုတ် [ချေးငွေ] အား ဆက်လက်အကောင်အထည်ဖော် တောင်းဆိုခွင့်အရ ချေးငွေကိုတောင်းခံပိုင်ခွင့်မရှိ။

## သင်တန်း သို့မဟုတ် ကျွမ်းကျင်မှုများလွှဲပြောင်းရရှိစေခြင်း (Training or Transfer of Knowledge)

၁.၂၁ အကယ်၍လုပ်ငန်းတာဝန်တွင် ငွေချေးယူသူ၏ဝန်ထမ်းများ သို့မဟုတ် ငွေချေးယူသူနိုင်ငံမှ ပြည်တွင်း အကြံပေးပုဂ္ဂိုလ်များအတွက် သင်တန်း သို့မဟုတ် ကျွမ်းကျင်မှုများလွှဲပြောင်းရရှိစေရန်ကဲ့သို့ အရေးပါသောအပိုင်း ပါဝင်နေပါက လုပ်ငန်းဆိုင်ရာသတ်မှတ်ဖော်ပြချက် (TOR) တွင် သင်တန်းပို့ချမှုရည်ရွယ်ချက်များ၊ သင်တန်း သဘာဝ၊ အတိုင်းအတာနှင့်မျှော်မှန်းချက်များ၊နှင့် သင်တန်းပို့ချမည့်သူများနှင့်သင်တန်းတက်မည့်သူများ၊ ကျွမ်းကျင်မှု ဆိုင်ရာပို့ချမည့်ဘာသာရပ်များ၊ သင်တန်းအချိန်ဇယား၊ သင်တန်းကြီးကြပ်မှုနှင့် အကဲဖြတ်မှုအစီအစဉ်များ

[၁၆] IDA ၏ အကြွေး၊ သို့မဟုတ် ထောက်ပံ့ငွေ သို့မဟုတ် ရန်ပုံငွေတို့နှင့်သက်ဆိုင်သောကိစ္စရပ်များတွင် သင့်လျော်သလို ပြင်ဆင်သုံးစွဲရန် ဖြစ်သည်။

စသည်တို့နှင့်တကွ အသေးစိတ်ထည့်သွင်းဖော်ပြထားရမည်။ သင်တန်းအတွက်ကုန်ကျစရိတ်များအား အကြံပေး၏ ကန်ထရိုက်နှင့်ဆောင်ရွက်ရမည့်လုပ်ငန်းအတွက်ခန့်မှန်းကုန်ကျစရိတ်စာရင်း(budget)ထဲတွင် ထည့်သွင်းထားနိုင်သည်။

**ဘာသာစကား (Language)**

၁.၂၂ အဆိုပြုလွှာတောင်းခံလွှာ (RFP) နှင့် အဆိုပြုလွှာများအား ငွေချေးယူသူသည် အင်္ဂလိပ် သို့မဟုတ် ပြင်သစ် သို့မဟုတ် စပိန်စသည့် ဘာသာစကားတစ်ခုခုဖြင့် ဖော်ပြရပါမည်။ အထက်ပါ ဘာသာစကားများအပြင် ငွေချေးယူသူအနေဖြင့် အခြားဘာသာစကားများဖြင့်လည်း ဘာသာပြန်ဆိုဖြန့်ဝေမှုပြုလုပ်နိုင်ရာ ယင်းဘာသာစကား သည်(က) ငွေချေးယူသူနိုင်ငံ၏မိခင်ဘာသာစကားဖြစ်ခြင်း (ခ) ငွေချေးယူသူနိုင်ငံအတွင်းရောင်းဝယ်ဖောက်ကားရာ၌ အသုံးပြုသောဘာသာစကားဖြစ်ခြင်းတို့ဖြစ်သင့်ကာ ယင်းတို့အား နောက်ပိုင်းတွင် မိခင်ဘာသာစကား [၁၇] ဟုသာ သုံးနှုန်းပါမည်။ အပိုဒ်ခွဲ ၂.၇ ပါအတိုင်း အကယ်၍ ဆန်ခါတင်စာရင်းထဲတွင် ငွေချေးယူသူနိုင်ငံသားများသာ ပါဝင်နေပါက ငွေချေးယူသူမှ မိခင်ဘာသာစကားတစ်မျိုးတည်းဖြင့် RFP ထုတ်ဝေမှုအပေါ် ဘဏ်အနေဖြင့် သဘောတူနိုင်ပါသည်။သို့သော် RFP အား ဘာသာစကားနှစ်မျိုးဖြင့်ထုတ်ဝေထားပါက အကြံပေးပုဂ္ဂိုလ်များအနေဖြင့် RFP ပါ ဘာသာစကားနှစ်မျိုးအနက်နှစ်သက်ရာတစ်မျိုးဖြင့် အဆိုပြုလွှာတင်သွင်းနိုင်ကြသည်။ ရွေးချယ်ခံရသော အကြံပေးပုဂ္ဂိုလ်နှင့်ချုပ်ဆိုသည့်ကန်ထရိုက်စာချုပ်အား ၄င်းအဆိုပြုလွှာတင်စဉ်ကအသုံးပြုခဲ့သောဘာသာစကားဖြင့်သာ ချုပ်ဆိုရမည်ဖြစ်ကာ ယင်းဘာသာစကားအား ငွေချေးယူသူနှင့်အကြံပေးအကြား စာချုပ်စာတမ်းဆိုင်ရာ ဆက်သွယ်မှုတွင် အဓိက အသုံးပြုရမည်ဖြစ်သည်။ အကယ်၍ စာချုပ်ကိုငွေချေးယူသူ၏မိခင်ဘာသာစကားနှင့် ချုပ်ဆိုထားပါက နောက်ဆက်တွဲ(၁)အရ မူရင်းစာချုပ်အား ကမ္ဘာ့ဘဏ်သို့တင်သွင်းသည့်အခါ ၄င်းကို တိကျသော ဘာသာပြန်ဆိုမှုဖြင့် အင်္ဂလိပ် သို့မဟုတ် ပြင်သစ် သို့မဟုတ် စပိန်ဘာသာစကားတစ်ခုခုနှင့် တင်ပြရပါမည်။ အကြံပေးပုဂ္ဂိုလ်များအနေဖြင့် ဘာသာစကားတစ်ခုထက်ပို၍ စာချုပ်လက်မှတ်ရေးထိုးရန်လိုအပ်ခြင်း သို့မဟုတ် ခွင့်ပြုခံရခြင်း မရှိရပါ။

**လိမ်လည်လှည့်ဖြားမှုနှင့်အကျင့်ပျက်ခြစားခြင်း (Fraud and Corruption)**

၁.၂၃ ဘဏ်၏မူဝါဒများအရ ဘဏ်ချေးငွေမှအကျိုးအမြတ်များခံစားနေသူများအပါအဝင် ငွေချေးယူသူများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ၄င်းတို့၏ကိုယ်စားလှယ်များ (တရားဝင်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာများ၊ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ ဝန်ဆောင်မှုပေးသူများနှင့် ပစ္စည်းပေးသွင်းသူများ၊ အခြားသောမည်သည့်ဝန်ထမ်းမျိုးမဆို ဘဏ်၏ထောက်ပံ့ချေးငွေများဖြင့် ဆောင်ရွက်နေသည့် သဘောတူညီမှုလုပ်ငန်းများအတွက် ရွေးချယ်ငှားရမ်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း [၁၈] ကိုယ်ကျင့်သိက္ခာကောင်းမွန်အဆင့်အတန်းမြင့်ရန် လိုအပ်သည်။

ဘဏ်သည်၄င်း၏မူဝါဒများအကောင်အထည်ဖော်ရာတွင်

(က) ဤပြဋ္ဌာန်းချက်များအတွက် အသုံးအနှုန်းများကို အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်သည်။

(၁) လာဘ်ပေးလာဘ်ယူအကျင့်ပျက်အပြုအမူ ဆိုသည်မှာ တစ်ဦးတစ်ယောက်ထံသို့ အခြားတစ်ဦး တစ်ယောက်အား လွှမ်းမိုးချုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် အားသာမှု၊ အထက်စီးရရန်၊ ဦးစားပေး ခံရရန် ရည်ရွယ်ပြီး တစ်စုံတစ်ခုကိုပေးမည်ဟု ကမ်းလှမ်းခြင်း၊ ပေးခြင်း၊ လက်ခံခြင်း၊

---

[၁၇] အသုံးပြုသောဘာသာစကားကိုဘဏ်မှကျေနပ်လက်ခံရမည်။ ငွေချေးယူသူသည်အချက်အလက်များကို မိခင်ဘာသာစကားသို့ဘာသာပြန်ဆိုပေးရာတွင် အပြည့်အဝတာဝန်ရှိပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်ဘာသာစကားများဖြင့်ပြန်ဆိုသည့်စာရွက်စာတမ်းများနှင့်ခြားနားသောအဓိပ္ပါယ်ပေါ်ပေါက်ပါက ယင်းဘာသာ စကားများဖြင့်စာသားသည်သာ အတည်ဖြစ်သည်။ အကယ်၍ ငွေချေးယူသူအတွက် မိခင်ဘာသာစကားတစ်မျိုးထက်ပိုရှိကာ ပြည်တွင်းဥပဒေအရ အဆိုပါ တစ်မျိုးထက်ပိုသောဘာသာစကားဖြင့်ဖြန့်ဝေရန်လိုပါက ငွေချေးယူသူအနေဖြင့် RFP တွင် နှစ်သက်ရာမိခင်ဘာသာစကားတစ်မျိုးအားအသုံးပြုနိုင်ပြီး အခြား ဘာသာစကားများသို့ ဘာသာပြန်ဆိုပေးနိုင်သည်။

[၁၈] မမျှတသောအကျိုးအမြတ်ရရှိစေရန် ရွေးချယ်ရေးလုပ်ငန်းစဉ် သို့မဟုတ် ကန်ထရိုက်အကောင်အထည်ဖော်မှုတို့အပေါ် လွှမ်းမိုးရန်လုပ်ဆောင်ချက်များဖြင့် အကြံပေးပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ၄င်း၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာများ၊ ဝန်ဆောင်မှုပေးသူများ၊ ပစ္စည်းပေးသွင်းသူများနှင့် ၄င်းတို့၏အလုပ်သမားများစသည့် မည်သည့်ဝန်ထမ်းမျိုးမဆိုပါဝင်ဆောင်ရွက်သည့် မသမာသော မည်သည့် လုပ်ငန်းဆောင်ရွက်မှုမျိုးမဆို ပါဝင်သည်။

တောင်းဆိုခြင်းစသည့်အပြုအမူများကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုမူခြင်းဖြစ်သည်။[၁၉]

(၂) လိမ်လည်လှည့်ဖြားသည့်အပြုအမူများဆိုသည်မှာ တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ရပ်သည် ငွေကြေးအတွက်ဖြစ်စေ၊ တစ်ခုခုသောအကျိုးအမြတ်အတွက်ဖြစ်စေ၊ တာဝန်ခံထိုက်မှု တစ်ခုခုကို ရှောင်လွှဲရန်ဖြစ်စေ လုပ်ဆောင်လိုက်မှုတစ်ရပ်ရပ် သို့မဟုတ် ထိမ်ချန်ထားမှုတစ်ရပ်ရပ်ဖြစ်ကာ မှားယွင်းအသိပေးတင်ပြခြင်း၊သိလျက်နဲ့ဖြစ်စေ၊ အလေးမထား၍ဖြစ်စေ လွဲမှားမှုများဖြစ်ပေါ်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေရန် ကြိုးပမ်းခြင်းများဖြစ်သည်။[၂၀]

(၃) လျှို့ဝှက်ပူးပေါင်းမသမာမှုပြုခြင်းဆိုသည်မှာ နှစ်ဦး သို့မဟုတ် ၎င်းထက်ပိုသည့်အရေအတွက် အနေဖြင့် အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့်လွှမ်းမိုးမှုများလုပ်နိုင်ရန် အပါအဝင် ထိုကဲ့သို့ပူးပေါင်းမှုများဖြင့် မသမာသော ရည်ရွယ်ချက်အောင်မြင်ရန် ကြိုးပမ်းသဘောတူညီချက် ရယူခြင်းမျိုးဖြစ်သည်။[၂၁]

(၄) ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူဆိုသည်မှာ တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုသည် အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့် လွှမ်းမိုးမှုများလုပ်နိုင်ရန် တစ်စုံတစ်ဦးအပေါ်တွင် ထိခိုက်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်စေရန်၊ အန္တရာယ်ဖြစ်စေရန် ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုခြင်းများအား တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မမှန်ကန်သောအပြုအမူများ ပြုလုပ်ခြင်းကို ဆိုလိုသည်။[၂၂]

(၅) နှောင့်ယှက်ဖျက်ဆီးသည့်အပြုအမူ ဆိုသည်မှာ

(ကက) အထက်ဖော်ပြခဲ့သောအပြုအမူများဖြစ်ကြသည့် လာဘ်ပေးလာဘ်ယူ အကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျှို့ဝှက်ပူးပေါင်းမသမာမှု သို့မဟုတ် ဖိအားပေးအကျပ်ကိုင်မှုများစသည့် စွပ်စွဲချက်များအား ဘဏ်မှစုံစမ်းဖော်ထုတ်ရာတွင် နှောင့်နှေးကြန့်ကြာစေရန်အလို့ငှာ စုံစမ်းစစ်ဆေးသူများထံသို့ မှားယွင်းသော အချက်အလက်များ ထွက်ဆိုခြင်း သို့မဟုတ် သက်သေဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းများအား ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ အတုလုပ်ခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ကွယ်ဝှက်ခြင်း နှင့် ထို့အပြင်စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သော ဖွင့်ဟပြောဆိုမှုများ မပြုလုပ်နိုင်ရန် သို့မဟုတ် ဆက်လက်ဖွင့်ဟမပြောဆိုနိုင်ရန် တစ်စုံတစ်ဦးအား ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းသို့မဟုတ်အန္တရာယ်ဖြစ်စေခြင်းစသည့် အပြုအမူများလည်း ပါဝင်သည်။

(ခခ) အောက်တွင်ဖော်ပြထားသည့် အပိုဒ် ၁.၂၃ (င) အရ ဘဏ်၏စစ်ဆေးခြင်းများ၊ စာရင်းစစ်ခြင်းများကို အနှောင့်အယှက်ပြုခြင်း၊ ထိုသို့ပြုရန်အားထုတ်ခြင်းများလည်း ပါဝင်သည်။

---

[၁၉] ယနေ့စာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာ ဝယ်ယူရေးငှားရမ်းရေးလုပ်ငန်းစဉ်၊ သဘောတူစာချုပ်ပါလုပ်ငန်းများ၊ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်နေသည့် အရာရှိဝန်ထမ်းများကိုဆိုလိုသည်။ အရာရှိဝန်ထမ်းများဆိုသည်မှာ ကမ္ဘာ့ဘဏ်ဝန်ထမ်းများအပါအဝင် ဝယ်ယူရေးအတွက်ဆုံးဖြတ်ချက်ချနိုင်သည့် အခြားမည်သည့်အဖွဲ့အစည်းမှ မည်သည့်ဝန်ထမ်းမဆို ပါဝင်သည်။

[၂၀] ယနေ့စာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာအဖွဲ့အစည်းတစ်ခုခုမှဝန်ထမ်းများကိုဆိုလိုသည်။ "အကျိုးအမြတ်"၊ "လုပ်ရန်တာဝန်ရှိ" ဆိုသည်မှာလည်း ရွေးချယ်ရေးလုပ်ငန်းစဉ်၊ သဘောတူစာချုပ်ပါလုပ်ငန်းများအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည်။ "တမင်ရည်ရွယ်ချက်တစ်ခုဖြင့်ဆောင်ရွက်ခြင်း"၊ "လွတ်ပြီးကျော်သွားအောင်ပြုမူခြင်း" တို့သည် ရွေးချယ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် လွှမ်းမိုးပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းများ ဖြစ်သည်။

[၂၁] ယနေ့စာပိုဒ်ခွဲတွင်ဖော်ပြထားသည့် ''အဖွဲ့များ/နှစ်ဦးထက်ပိုသောအရေအတွက်များ''ဆိုသည်မှာ ဝယ်ယူငှားရမ်းရေး သို့မဟုတ် ရွေးချယ်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်နေသည့် ဝန်ထမ်းများသည် ၎င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဝယ်ယူရေးနှင့် ရွေးချယ်ရေးအဆင့်များတွင်မပါဝင်သည့် အခြားသောသူများ၊ အဖွဲ့များနှင့်သော်လည်းကောင်း၊ ပြိုင်ဆိုင်ရာတွင် အမှန်တကယ်ဝင်ရောက်ပြိုင်ဆိုင်သကဲ့သို့ အတုအယောင်ပြု ပြိုင်ဆိုင်ခြင်းများ၊ မဟုတ်မမှန်သော၊ ဈေးဖျက်သည့်သဘောမျိုး၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ရှိုင်းပင်းသည့်သဘောမျိုးဖြင့် မသမာပြုသည့်အပြုအမူများကို ဆိုလိုသည်။

[၂၂] ယနေ့စာပိုဒ်ခွဲတွင်ဖော်ပြထားသည့် တစ်စုံတစ်ဦးဆိုသည်မှာ ရွေးချယ်ရေးနှင့်စာချုပ်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သောမည်သူကိုမဆို ဆိုလိုခြင်းဖြစ်သည်။

(ခ) အကယ်၍ ငှားရမ်းရန်အဆိုပြုခံရသော အကြံပေး သို့မဟုတ် ၎င်း၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်များ သို့မဟုတ် တစ်ဆင့်အကြံပေးသူများ၊ တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာများ၊ ဝန်ဆောင်မှု ထောက်ပံ့ပေးသူများ၊ ဖြည့်တင်းပံ့ပိုးသူများ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများစသည်တို့သည် ရည်ညွှန်းပါတင်ဒါယှဉ်ပြိုင်မှုများပြုရာတွင် အကျင့်ပျက်အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျှို့ဝှက်မသမာမှုပြုခြင်း၊ ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူစသည်များအနက်မှ တစ်ခုခုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းကျူးလွန်ပတ်သက်သည်ဟု ဆုံးဖြတ်ခံရပါက ဘဏ်အနေဖြင့် အဆိုပါ ငှားရမ်းရန်အဆိုပြုလွှာအား ငြင်းပယ်နိုင်သည်။

(ဂ) ငွေချေးယူသူအားကိုယ်စားပြုသူများ၊ သို့မဟုတ် ချေးငွေနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာလက်ခံရရှိသူ မည်သူမဆိုသည် ရွေးချယ်မှုပြုလုပ်နေစဉ်ကာလအတွင်း သို့မဟုတ် ကန်ထရိုက်အားအကောင်အထည်ဖော် လုပ်ကိုင်နေစဉ်အတွင်း အကျင့်ပျက်အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျှို့ဝှက်မသမာသည့် အပြုအမူ၊ ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူများတွင် ပါဝင်ပတ်သက်နေပြီး ထိုကိစ္စရပ်များအား ငွေချေးယူသူအနေဖြင့် အချိန်မီမဖြေရှင်းနိုင်ခြင်း၊ ဘဏ်မှကျေနပ်လောက်ဖွယ်ရာ သင့်တော်သည့် အရေးယူမှုတစ်စုံတစ်ရာ မလုပ်ဆောင်နိုင်ခြင်းများအပြင် အဆိုပါကိစ္စရပ်များအားသိရှိပြီး အချိန်မီ ဘဏ်အား အကြောင်းကြားရန် ပျက်ကွက်ခြင်းစသည်တို့အားသိရှိသည့် မည်သည့်အခါမဆို ဘဏ်အနေဖြင့် ဝယ်ယူငှားရမ်းရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူခြင်းအဖြစ်ကြေညာခြင်း၊ ကန်ထရိုက်၏ ချေးငွေတစ်စိတ် တစ်ပိုင်းအားပေးရန် ရပ်ဆိုင်းခြင်းများ ပြုလုပ်နိုင်သည်။

(ဃ) အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မည်သည့်အချိန်တွင်မဆို ကမ္ဘာ့ဘဏ်၏ စီးပွားရေး ပိတ်ဆို့မှုလုပ်ငန်းစဉ်များ (Sanction) [၂၃] နှင့် ငြိစွန်းသည်ဟုယူဆပါက အဆိုပါအဖွဲ့အစည်းကိုဖြစ်စေ၊ တစ်ဦးချင်းကိုဖြစ်စေ အရည်အချင်းပြည့်မီခြင်းမရှိဟု လူသိရှင်ကြားထုတ်ဖော်ကြေညာခြင်း အပါအဝင် အချိန်အကန့်အသတ်ဖြင့်ဖြစ်စေ၊ အချိန်အကန့်အသတ်မရှိဖြစ်စေ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ရွေးချယ်ငှားရမ်းခြင်းမပြုရန် ကန့်သတ်နိုင်သည်။

(၁) ဘဏ်ထောက်ပံ့ငွေဖြင့်ချုပ်ဆိုမည့် အကြံပေးပုဂ္ဂိုလ်ငှားရမ်းသည့်စာချုပ်များ

(၂) ဘဏ်ထောက်ပံ့ငွေဖြင့်လုပ်မည့်ကန်ထရိုက်လုပ်ငန်းများအတွက်အရည်အချင်းပြည့်မီသောအဖွဲ့အစည်း တစ်ခုအတွက် အဆိုပြုခြင်းခံရသော တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်၊ ဖြည့်တင်းပံ့ပိုးသူ သို့မဟုတ် ဝန်ဆောင်မှုများထောက်ပံ့ပေးသည့်လုပ်ငန်း[၂၄] အနေဖြင့် ဆောင်ရွက်ခြင်း

(င) ဘဏ်ချေးငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်သည့် ကန်ထရိုက်များနှင့် အဆိုပြုလွှာတောင်းခံမှု (RFP) များတွင် အပိုဒ်ငယ်တစ်ခုပါဝင်ရမည်ဖြစ်ကာ ယင်းအပိုဒ်အရ အကြံပေးပုဂ္ဂိုလ်များနှင့်၎င်းတို့၏ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ တစ်ဆင့်ခံကန်ထရိုက်တာများ၊ ဝန်ဆောင်မှု ထောက်ပံ့ပေးသူများ၊ သို့မဟုတ် ပစ္စည်းဖြည့်ဆည်းတင်သွင်းသူများစသည်တို့နှင့်ပတ်သက်၍ ဘဏ်အနေဖြင့် စာရင်းစစ်ဆေးမှုများပြုလုပ်နိုင်ရန်အလို့ငှာ ဘဏ်မှတာဝန်ပေးအပ်သော စာရင်းစစ်သည် အဆိုပြုလွှာ

---

[၂၃] အဖွဲ့တစ်ခုဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဘဏ်၏ငွေထောက်ပံ့မှုဖြင့်လုပ်နေသောသဘောတူလုပ်ငန်းများအတွက် အရည်အချင်းမပြည့်စုံဟု အောက်ပါအချက်များ အရသတ်မှတ်နိုင်သည်။

(၁) အပြည်ပြည်ဆိုင်ရာငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဘဏ်များ (Multilateral Development Banks)၊ ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးနှင့်ပတ်သက်သော အကျင့်ပျက်ခြစားမှုများမဖြစ်စေရန် စိစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများအပါအဝင် ၎င်းအဖွဲ့အစည်းများနှင့်အမည်ပျက်စာရင်းများကို အခြားအပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးထောက်ပံ့အဖွဲ့အစည်းများနှင့် အချက်အလက်များ အပြန်အလှန် လဲလှယ်စစ်ဆေးခြင်းများဖြင့် ဘဏ်၏ စီမံခန့်ခွဲမှု ဝယ်ယူရေးပိတ်ဆို့မှုများမှတစ်ဆင့် လိမ်လည်မှုနှင့်အကျင့်ပျက်ခြစားမှုများအတွက် အပြစ်ပေး ကန့်သတ်ခြင်းများ (Sanctions) ဖြင့် ငြိစွန်းနေခြင်း။

(၂) လုပ်ငန်းလုပ်နေစဉ်ယာယီအားဖြင့်ဆိုင်းငံ့ထားခြင်း၊ လုပ်ငန်းမလုပ်မီဆိုင်းငံ့ထားခြင်းများဖြင့် အပြစ်ပေးကန့်သတ်ခြင်းလုပ်ငန်းများအဆင့်ဆင့်ကို ဆောင်ရွက်နိုင်သည်။ ထိုအတွက် လမ်းညွှန်၏နောက်ဆက်တွဲ (၁)၊ အပိုဒ် (၈)၏ စာမျက်နှာအောက်ခြေမှတ်စုနံပါတ်(၁၂)တွင် တွေ့နိုင်သည်။

[၂၄] အဆိုပြုခံရသော တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်၊ ဖြည့်တင်းပံ့ပိုးသူ သို့မဟုတ် ဝန်ဆောင်မှုများထောက်ပံ့ပေးသူတစ်ဦးဆိုသည်မှာ အောက်ပါအခြေအနေ တစ်ခုခုဖြင့်ကိုက်ညီသူကို ဆိုလိုသည်။

(၁) လိုအပ်သည့်ဝန်ဆောင်မှုငှားရမ်းနိုင်ရေးအတွက် အကြံပေးပုဂ္ဂိုလ်၏အဆိုပြုလွှာအား နည်းပညာပိုင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် ထူးခြားသည့်အတွေ့အကြုံ၊ တတ်ကျွမ်းမှုရှိသောကြောင့် အကြံပေးပုဂ္ဂိုလ်အနေဖြင့် ၎င်း၏အဆိုပြုလွှာတွင် ထည့်သွင်းနိုင်သည့်သူ၊

(၂) ငွေချေးယူသူက ခန့်အပ်ထားသူများ စသည်တို့ ဖြစ်ကြသည်။

တင်သွင်းမှုနှင့်သက်ဆိုင်သော၊ ကန်ထရိုက်လုပ်ဆောင်မှုနှင့်သက်ဆိုင်သော ငွေစာရင်းအားလုံး၊ မှတ်တမ်းများနှင့် အခြားသောဆက်စပ်စာရွက်စာတမ်းများအား စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) လမ်းညွှန်၏အပိုဒ်ခွဲ ၃.၁၅ တွင်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူတစ်ဦးသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုနှင့်သဘောတူစာချုပ်ချုပ်ဆို၍ နည်းပညာအကူအညီပေးခြင်းဝန်ဆောင်မှု (Technical Assistance Services) အားရယူရန်ဆောင်ရွက်ရာတွင် ဤအပိုဒ်ခွဲ ၁.၂၃ ၏ အထက်ပါ ပြဋ္ဌာန်းချက်များအရ ၎င်းတို့သဘောတူလက်မှတ်ရေးထိုးထားသည့် အကြံပေးပုဂ္ဂိုလ်များနှင့် ယင်းတို့၏ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ ၎င်းတို့၏ဝန်ထမ်းများနှင့်ဖြည့်ဆည်းထောက်ပံ့ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာများစသည်တို့သည် လိမ်လည်လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားမှုများအပေါ်တွင် စီးပွားရေးပိတ်ဆို့မှုအား သက်ရောက်စေရမည်။ ခြွင်းချက်အနေဖြင့် အပိုဒ်ခွဲ ၁.၂၃ (ဃ) နှင့် (င) တို့သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ၎င်းတို့၏ဝန်ထမ်းများအပေါ်တွင် သက်ရောက်မှုမရှိစေရ။ အပိုဒ်ခွဲ ၁.၂၃ (င) သည် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းနှင့် ၎င်း၏ဖြည့်ဆည်းထောက်ပံ့ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသူများအကြားရှိ ကန်ထရိုက်များအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ ထိုသို့သော အခြေအနေများအတွက် ဘဏ်နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအကြား သဘောတူညီထားသည့် လိမ်လည်လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားသည့်အပြုအမူများဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်သည်။ ယင်းအတွက် လိုအပ်သောတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သည့်ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဘဏ်သို့အလျဉ်းသင့်သလို အသိပေးအကြောင်းကြားရမည်။ ဘဏ်အနေဖြင့်လည်း ငွေချေးယူသူများအပေါ် ခေတ္တရပ်ဆိုင်းခံရခြင်း သို့မဟုတ် အပြီးအပြတ် ပိတ်သိမ်းခြင်းစသည့် အမှားပြင်ဆင်ကုစားမှုများတောင်းခံခွင့်အား ဆက်လက်အသုံးပြုနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများသည် ဘဏ်မှ အတည်ပြုထုတ်ပြန်ထားသော ဘဏ်မှ ကန့်သတ်ပိတ်ပင်ထားသည့် သို့မဟုတ် ထုတ်ပယ်ထားသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ မည်သူမည်ဝါဖြစ်ကြောင်းကို လေ့လာ တောင်းယူနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုအနေဖြင့် ကန်ထရိုက်တစ်ခု သို့မဟုတ် ပစ္စည်းအဝယ်အမှာစာတစ်ခုအား ဘဏ်မှအတည်ပြုထုတ်ပြန်ထားသော အဆိုပါအဖွဲ့တစ်ဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးနှင့် သဘောတူစာချုပ်များချုပ်ဆိုခဲ့ပါက ဘဏ်အနေဖြင့် ထိုအတွက် ကုန်ကျစရိတ်များနှင့်သက်ဆိုင်သည့် ငွေကြေးထောက်ပံ့မှုများကိုပေးမည်မဟုတ်သည့်အပြင် အခြားသောသင့်လျော်သည့် အမှား ပြင်ဆင်ကုစားခွင့်ကိုလည်း ပြုလုပ်ခွင့်ရှိသည်။

၁.၂၄ ဘဏ်၏သီးခြားသဘောတူညီချက်အရ ငွေချေးယူသူသည် ဘဏ်ချေးငွေဖြင့်ချုပ်ဆိုမည့် စာချုပ်များအတွက် RFP အတွင်းတွင် လိုအပ်ချက်တစ်ရပ်အနေဖြင့် အဆိုပြုလွှာပါအကြံပေးပုဂ္ဂိုလ်များလေ့လာရသော စာချုပ်ပြိုင်ဆိုင်ရာနှင့်အနိုင်ရ၍အကောင်အထည်ဖော်ရာတွင် အကြံပေးပုဂ္ဂိုလ်များဘက်မှ လိုက်နာရသောအပိုင်း၌ လိမ်လည်လှည့်ဖြားမှုနှင့်အကျင့်ပျက်ခြစားခြင်း(လာဘ်ပေးလာဘ်ယူမှုအပါအဝင်)ဆိုင်ရာ တိုက်ဖျက်မှုအတွက် မိမိနိုင်ငံ၏ ဥပဒေများအား RFP ထဲရှိအစီအစဉ်များတွင် [၂၅] ထည့်သွင်းတင်ပြနိုင်သည်။ ဘဏ်အနေဖြင့် ငွေချေးယူသူနိုင်ငံ၏ တောင်းဆိုချက်အရ အဆိုပါလိုအပ်ချက်တစ်ရပ်တင်ပြခြင်းနှင့် ထိန်းချုပ်မှုအစီအမံများအပေါ် စိတ်ကျေနပ်ဖွယ်ရာ တွေ့ရှိပါက လက်ခံအတည်ပြုနိုင်သည်။

**ဝယ်ယူငှားရမ်းရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ် (Procurement Plan)**

၁.၂၅ စီမံကိန်းတစ်ခုအတွက် လက်တွေ့ကောင်းမွန်သည့် ဝယ်ယူငှားရမ်းရေးအတွက် ကြိုတင်ရေးဆွဲထားသော အစီအစဉ်တစ်ခု [၂၆] ချမှတ်ခြင်းသည် ကောင်းမွန်သောထိန်းသိမ်းစောင့်ကြည့်ခြင်းများနှင့် အကောင်အထည်ဖော်ခြင်းများ

---

[၂၅] ဥပမာအနေဖြင့်အောက်ပါအတိုင်းတွေ့နိုင်သည်။
"ကန်ထရိုက်အတွက် လုပ်ငန်းအပ်နှံသူ (Client) မှ RFP တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါသဘောတူစာချုပ်ကိုအောင်မြင်ရန် ယှဉ်ပြိုင်မှုများပြုလုပ်ရာတွင် (အကယ်၍အနိုင်ရရှိပါက အကောင်အထည်ဖော်ရာတွင်) လုပ်ငန်းအပ်နှံသူနိုင်ငံတွင်ပြဋ္ဌာန်းထားသည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်သည့်ဥပဒေကို လေ့လာကာ မဆန့်ကျင်ဘဲလိုက်နာပါမည်။"

[၂၆] ဝယ်ယူငှားရမ်းရေးအစီအစဉ် နှင့် ထပ်မံပြောင်းလဲပြင်ဆင်မှုများတွင် အနည်းဆုံးအောက်ဖော်ပြပါအချက်များပါဝင်ရသည်။

အတွက်အရေးပါသည်။ စီမံကိန်းတစ်ခုအတွက်ပြင်ဆင်မှုများဆောင်ရွက်နေစဉ် ငွေချေးယူသူသည် ယာယီဖြစ်စေကာမူ စီမံကိန်းတစ်ခုလုံးအတွက်လုပ်ဆောင်မှုများနှင့်ကိုက်ညီမှုရှိနိုင်သော ကနဦး ဝယ်ယူငွေရမ်းရေးအစီအစဉ်တစ်ခုကို ပြင်ဆင်ထားနိုင်သည်။ အနိမ့်ဆုံးအနေဖြင့် ငွေချေးယူသူများသည် စီမံကိန်းပထမ (၁၈)လ အတွင်း အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များရွေးချယ်ငှားရမ်းခြင်းအတွက် ရှင်းလင်းထိရောက်ပြီးအားလုံးအကျုံးဝင်သော အသေးစိတ်အစီအစဉ် ရေးဆွဲရမည်။ ဝယ်ယူငှားရမ်းရေးအကောင်အထည်ဖော်ရမည့်စာချုပ်၊ ကန်ထရိုက်စာချုပ်အားလုံး ပါဝင်ရမည်။ ငွေချေးမှုနှင့်ပတ်သက်သည့်ညှိနှိုင်းမှုများဆောင်ရွက်သည့် နောက်ဆုံးအဆင့်တွင် ဘဏ်ဘက်မှသဘောတူညီမှု ရရှိနေရမည့်ဖြစ်သည်။ ငွေချေးယူသူအနေဖြင့် ဝယ်ယူငှားရမ်းရေးအစီအစဉ်ကို စီမံကိန်းလုပ်ကိုင်နေသည့် ကာလတစ်လျှောက်လုံး အနည်းဆုံး တစ်နှစ်တစ်ခါ ပြန်လည်ဆန်းစစ်သုံးသပ်ရမည်ဖြစ်ကာ ယင်းအား ယခင် ရရှိထားသည့် ကန်ထရိုက်များအပါအဝင် နောက် (၁၂) လအတွင်း ရှိလာနိုင်သော ကန်ထရိုက်များအတွက်ပါ အကျုံးဝင်စေရမည်ဖြစ်သည်။ အဆိုပါ ဝယ်ယူငှားရမ်းရေးအစီအစဉ်များနှင့် ၎င်းတို့အား ထပ်မံ ပြောင်းလဲပြင်ဆင်မှုများသည် ယင်းတို့အားအကောင်အထည်မဖော်မီ ဘဏ်ဘက်မှဝယ်ယူငှားရမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုခြင်းအဆင့်အား[၂၇] လိုက်နာရမည်ဖြစ်ကာ ဘဏ်ဘက်မှ ဝယ်ယူမငှားရမ်းခင် ကြိုတင်သဘောတူရန် လိုအပ်သည်။ ငွေချေးခြင်းဆိုင်ရာညှိနှိုင်းမှုများ လုပ်ဆောင်ပြီးသည့်နောက် ဆန့်ကျင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဘဏ်အနေဖြင့် အများပြည်သူများအတွက်လွှင့်တင်ထားသောတရားဝင် website တွင် သဘောတူညီထားသော ကနဦးဝယ်ယူငှားရမ်းရေးအစီအစဉ်များနှင့် နောက်ဆက်တွဲလုပ်ဆောင်သော ပြောင်းလဲ ပြင်ဆင်ခြင်းများကို ထုတ်ပြန်အသိပေးနိုင်သည်။

(၁) သတ်မှတ်ထားသောအချိန်တစ်ခုအတွင်းထုတ်ဝေရမည့် အဆိုပြုလွှာဖိတ်ကြားခြင်းများတွင် စီမံကိန်းအတွက်လိုအပ်သော အကြံပေးဝန်ဆောင်မှုများအပ်နှံခြင်းဆိုင်ရာ အတိုချုပ်ရှင်းလင်းချက်များ
(၂) ချေးငွေသဘောတူစာချုပ်အရဆောင်ရွက်မည့် ခွင့်ပြုထားသောရွေးချယ်ရေးဆိုင်ရာနည်းလမ်းများကို အဆိုပြုတင်ပြခြင်း
(၃) ဘဏ်၏ စစ်ဆေးသုံးသပ်မှုလိုအပ်ချက်များနှင့် အနိမ့်ဆုံးသတ်မှတ်စံနှုန်းများ
(၄) အဓိကကျသည့် ရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်မည့်အချိန်ဇယား၊ ဘဏ်ဘက်မှသိထားရမည့် အခြားသောအချက်အလက်များ။

အချို့သော အချိန်ကာလကြိုတင်မဖော်ပြနိုင်သည့်သဘာဝရှိသည့်စီမံကိန်းများရှိသည့်အခါ လူထုအခြေပြုဖွံ့ဖြိုးမှု (Community Driven Development – CDD) ကဲ့သို့ လူထုတောင်းဆိုချက်အခြေပြု အချို့သောစီမံကိန်းများနှင့် ၎င်းတို့၏အစိတ်အပိုင်းများ၊ ကဏ္ဍအခြေပြုလုပ်ဆောင်မှုများ (Sector Wide Approaches – SWAps) များအတွက် အကြံပေးပုဂ္ဂိုလ်များငှားရမ်းရေးဆိုင်ရာ ဘဏ်၏ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် အကောင်အထည်ဖော်ရေးအစီအစဉ်နှင့်ကိုက်ညီသည့် သင့်တော်သောဝယ်ယူငှားရမ်းရေးအစီအစဉ်ပါဝင်ရမည်။ အကယ်၍ စီမံကိန်းတွင် ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးအလုပ်များနှင့် အကြံပေးဝန်ဆောင်ခြင်း မဟုတ်သောဝန်ဆောင်မှုများရယူရန်လိုအပ်ပါက ဝယ်ယူငှားရမ်းအသုံးပြုမည့်အစီအစဉ်တွင် “Procurement of Goods, Works, and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers” လမ်းညွှန်ချက်ပါညွှန်ကြားချက်များအတိုင်း ရွေးချယ်ငှားရမ်းခြင်းဆိုင်ရာ နည်းလမ်းများ ပါဝင်ဖော်ပြရမည်။

[၂၇] နောက်ဆက်တွဲ (၁) တွင်လေ့လာပါ။

## ၂။ အရည်အသွေးနှင့်ကုန်ကျစရိတ်အခြေပြု ရွေးချယ်မှုနည်းစနစ်
## II. QUALITY- AND COST-BASED SELECTION (QCBS)

**ရွေးချယ်ရေးလုပ်ငန်းစဉ် (The Selection Process)**

၂.၁ QCBS စနစ်သည် အောင်မြင်သောအဆိုပြုလွှာတင်သွင်းသူအားရွေးချယ်ရာ၌ အဆိုပြုလွှာအရည်အသွေးနှင့် ၎င်း၏ဝန်ဆောင်မှုကုန်ကျစရိတ်တန်ဖိုးအား ထည့်သွင်းစဉ်းစားသုံးသပ်က ဆန်ခါတင်စာရင်းပါအဖွဲ့များအကြား ပြိုင်ဆိုင်မှုလုပ်ငန်းစဉ်ကို အသုံးပြုထားသည်။ ရွေးချယ်မှုအတွက်အခြေခံအချက်တစ်ရပ်အနေဖြင့် ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်တန်ဖိုးအား စဉ်းစားချင့်ချိန်ကြသည်။ လုပ်ငန်းအနေအထားသဘာဝအပေါ်မူတည်၍ အရည်အသွေးနှင့် ကုန်ကျစရိတ်တို့အတွက် နှိုင်းဆအလေးပေးမှုအချိုးအား ရွေးချယ်မှုတစ်ခုချင်းအတွက် သတ်မှတ်ဆုံးဖြတ်ရမည်။

၂.၂ ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် အောက်ပါအဆင့်များ ပါဝင်ကြသည်။
(က)လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် (TOR) ပြင်ဆင်ခြင်း
(ခ) ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် ဘတ်ဂျက်လျာထားချက် ဆန်ခါတင်ရွေးချယ်မှုစံနှုန်းများပြင်ဆင်ခြင်း
(ဂ) ကြော်ငြာခြင်း
(ဃ) ဆန်ခါတင်ရွေးချယ်ထားသောအကြံပေးများစာရင်းပြုစုခြင်း
(င) အဆိုပြုလွှာတောင်းခံမှု (RFP) ပြင်ဆင်ခြင်းနှင့် ထုတ်ဝေခြင်း
(၎င်းတွင် အဆိုပြုလွှာဖိတ်ခေါ်စာ (LOI) ၊ အကြံပေးများအတွက်ညွှန်ကြားချက် (ITC) ၊ လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက်(TOR)နှင့် အဆိုပြုစာချုပ်ကြမ်းစသည်တို့ပါဝင်သင့်သည်)
(စ) အဆိုပြုလွှာများလက်ခံခြင်း
(ဆ) အရည်အသွေးထည့်သွင်းစဉ်းစား၍ နည်းပညာဆိုင်ရာအဆိုပြုလွှာများစိစစ်အကဲဖြတ်ခြင်း
(ဇ) အများရှေ့မှောက်တွင်ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများဖွင့်ဖောက်ခြင်း
(ဈ) ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများစိစစ်အကဲဖြတ်ခြင်း
(ည) အရည်အသွေးနှင့် ကုန်ကျစရိတ်ဆိုင်ရာနောက်ဆုံးစိစစ်အကဲဖြတ်ခြင်း
(ဋ) ရွေးချယ်ခံရသူနှင့်ညှိနှိုင်းဆွေးနွေးခြင်း၊ ကန်ထရိုက်ချုပ်ဆိုခြင်း

**လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် (Terms of Reference/ TOR)**

၂.၃ လုပ်ငန်းအတွက်လိုအပ်သည့် လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် (TOR) အား ငွေချေးယူသူမှ ပြင်ဆင်ရမည်။ ယင်း TOR အား လုပ်ကိုင်ရမည့်လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုရှိသည့် အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးမှ ပြင်ဆင်ရမည်။ TOR တွင်ပါရှိသော ဝန်ဆောင်မှု အတိုင်းအတာပမာဏသည် ရရှိနိုင်မည့် ငွေကြေးပမာဏ(Budget) နှင့်ဆီလျော်မှု ရှိရမည်။ TOR တွင် လုပ်ဆောင်ရမည့်လုပ်ငန်း၏ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များနှင့်လုပ်ငန်းတာဝန်ပမာဏတို့အား ရှင်းလင်းစွာဖော်ပြထားရမည်ဖြစ်ကာ သက်ဆိုင်ရာ လက်ရှိလေ့လာနေမှုများနှင့် အခြေခံအချက်အလက်များအပါအဝင် နောက်ခံအချက်အလက်များအား အဆိုပြုလွှာများပြင်ဆင်ရာတွင် အကြံပေးများအထောက်အကူရစေရန်အလို့ငှာ ဖော်ပြနိုင်ရမည်။ အကယ်၍ သင်တန်း သို့မဟုတ် ကျွမ်းကျင်မှုများလွှဲပြောင်းရရှိစေခြင်းသည် ရည်ရွယ်ချက်တစ်ရပ်ဖြစ်နေပါက သင်တန်းပို့ချခံရမည့်သူအရေအတွက် စသည်ကဲ့သို့သော အသေးစိတ်အချက်များအားအကြံပေးများအနေဖြင့် လိုအပ်သောအရင်းအမြစ်(Resources)များအား ခန့်မှန်းတွက်ချက်နိုင်စေရန် တိကျစွာ ဖော်ပြပေးထားရမည်။ TOR တွင် လုပ်ငန်းအတွက်လိုအပ်နိုင်သည့် ဝန်ဆောင်မှုများနှင့် စူးစမ်းတိုင်းတာမှု (Survey)များအပြင် မျှော်မှန်းရလဒ်များ (ဥပမာအားဖြင့် အစီရင်ခံစာများ၊ အချက်အလက်များ၊ မြေပုံများ၊ စူးစမ်းတိုင်းတာမှုများစသည်ဖြင့်)ကိုလည်း ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ သို့ရာတွင် ဝင်ရောက်ရွေးချယ်ခံမည့်အကြံပေးများ ၎င်းတို့၏ကိုယ်ပိုင်နည်းလမ်းနှင့် ဝန်ထမ်းခန့်ထားခြင်းများအား အဆိုပြုတင်ပြနိုင်ရန် TOR ကို အလွန်အမင်းအသေးစိတ်ကျလွန်ခြင်းနှင့် တင်းကျပ်လွန်းသည့်ပုံစံမျိုး မပြင်ဆင် သင့်ပါ။ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အဆိုပြုလွှာထဲတွင် TOR အပေါ် အကြံပေးမှတ်ချက်ပြုနိုင်ရန်လည်း တိုက်တွန်းနိုင်ရမည် ဖြစ်သည်။ ထို့အပြင် ငွေချေးယူသူနှင့် အကြံပေးများ၏လုပ်ငန်းနှင့်ဆိုင်သည့် သက်ဆိုင်ရာ တာဝန်ဝတ္တရားများအား TOR ထဲတွင် ရှင်းလင်းစွာဖွင့်ဆိုဖော်ပြထားရမည်။

**ခန့်မှန်းကုန်ကျစရိတ်/ ရသုံးမှန်းခြေစာရင်း  (Cost Estimate / Budget)**

၂.၄ အကယ်၍ လက်တွေ့ကျသောဘတ်ဂျက်တွင်ထည့်သွင်းထားသည့်အရင်းအမြစ်များအား ကြိုတင်တွက်ချက်ရန် လိုအပ်သောအခါ သေချာစွာစဉ်းစားတွက်ချက်ထားသည့်ခန့်မှန်းကုန်ကျစရိတ်ပြင်ဆင်ခြင်းသည် မရှိမဖြစ် လိုအပ်သည်။ ယင်းခန့်မှန်းကုန်ကျစရိတ်သည် ငွေချေးယူသူ၏လုပ်ငန်းအတွက် လိုအပ်သောအရင်းအမြစ်များအား လေ့လာဆန်းစစ်မှုအပေါ်တွင်အခြေခံရမည်ဖြစ်ပြီး ကျွမ်းကျင်သူများ၏လုပ်ငန်းအချိန်ကာလ၊ လုပ်ငန်းဆိုင်ရာထောက်ပံ့ပို့ဆောင်မှုနှင့် ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာသွင်းအားစုများ (ဥပမာ ယာဉ်ယန္တရားများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ) စသည်တို့ ပါဝင်ကြသည်။ ကုန်ကျစရိတ်များအား (က) အခကြေးငွေ သို့မဟုတ် ဝန်ဆောင်ခ (အသုံးပြုသောကန်ထရိုက်အမျိုးအစားအလိုက်)နှင့် (ခ) ပြန်လည်ငွေကြေးထုတ်ပေးနိုင်သောအရာများဟူ၍ အမျိုးအစားနှစ်မျိုး ကျယ်ကျယ်ပြန့်ပြန့်ခွဲခြားနိုင်ပြီး တစ်ဖန် ပြည်တွင်းတွင်ကုန်ကျစရိတ်များနှင့် ပြည်ပအတွက်ကုန်ကျစရိတ်များဟူ၍လည်း ထပ်မံခွဲခြားနိုင်ပါသည်။ ကျွမ်းကျင်သူများ၏လုပ်ငန်းအချိန်ကာလအတွက် ကုန်ကျစရိတ်ဟုဆိုရာတွင် ပြည်တွင်းနှင့်ပြည်ပကျွမ်းကျင်သူများလိုအပ်ချက်ကို လက်တွေ့ကျကျလေ့လာဆန်းစစ်မှုအပေါ် အခြေခံတွက်ချက်ရမည်ဖြစ်သည်။ RFP တွင် ကျွမ်းကျင်သူများ၏လုပ်ငန်းအချိန်ကာလခန့်မှန်းပမာဏ သို့မဟုတ် ကန်ထရိုက်၏ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်တန်ဖိုးများဖော်ပြသင့်ပြီး အခကြေးငွေကဲ့သို့သောအသေးစိတ်ကုန်ကျစရိတ်များ မဖော်ပြသင့်ပါ။

**ကြော်ငြာခြင်း  (Advertising)**

၂.၅ စီမံကိန်းအားလုံးတွင် ငွေချေးယူသူအနေဖြင့် အထွေထွေဝယ်ယူရေးအသိပေးချက် (General Procurement Notice) အား ပြင်ဆင်ကာ ဘဏ်သို့တင်သွင်းရမည်ဖြစ်သည်။ ဘဏ် သည် UN Development Business online (UNDB online)တွင် ထုတ်ပြန်အသိပေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ကိုယ်ပိုင်ပြင်ပဆက်သွယ်ရေး ဝက်ဘ်ဆိုက် [၂၈] တွင်လည်း တင်ထားမည်ဖြစ်သည်။ စိတ်ဝင်စားမှုဖော်ပြလွှာ(EOI) များ ရရှိရန် ငွေချေးယူသူသည် လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများစာရင်းကို အထွေထွေဝယ်ယူရေးအသိပေးချက်ထဲတွင်ထည့်သွင်းထားရမည်ဖြစ်ကာ ကန်ထရိုက်တစ်ခုချင်းစီအတွက် အကြံပေးဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှုဖော်ပြလွှာ တောင်းခံခြင်း (REOI) ကို ပြည်တွင်းသတင်းစာထဲတွင်ကြော်ငြာရမည်ဖြစ်ရာ ငွေချေးယူသူနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေဖြန့်ချိသော အနည်းဆုံးပြည်တွင်းထုတ်သတင်းစာတစ်စောင် သို့မဟုတ် နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာမဂ္ဂဇင်း သို့မဟုတ် အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ [၂၉] တို့ဖြင့် ပြည်တွင်းပြည်ပမှ အခမဲ့ကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက်ကြည့်ရှုနိုင်သည့် electronic portal စသည်တို့တွင် ကြော်ငြာရမည်ဖြစ်သည်။ ထို့အပြင် အမေရိကန် ဒေါ်လာ ၃၀၀၀၀၀ နှင့်အထက် ကုန်ကျစရိတ်ရှိနိုင်သောလုပ်ငန်းမျိုးအတွက် UNDB online တွင်ကြော်ငြာပေးရမည်ဖြစ်သည်။ [၃၀] ထို့အတူယင်းကဲ့သို့ပမာဏမျိုးဆိုပါက ငွေချေးယူသူသည် REOI များအား နိုင်ငံတကာဖြန့်ချိသောသတင်းစာတစ်စောင် သို့မဟုတ် နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာမဂ္ဂဇင်းထဲတွင် ထည့်သွင်းကြော်ငြာရမည်ဖြစ်သည်။ သို့သော် ကြော်ငြာပါတောင်းခံသောအချက်အလက်များသည် အဖွဲ့အစည်း၏ သင့်တော်မှုကိုဆုံးဖြတ်နိုင်မည့်အနိမ့်ဆုံးလိုအပ်ချက်သာဖြစ်စေရမည်ဖြစ်ကာ အကြံပေးများအတွက် စိတ်ဝင်စားမှုဖော်ပြရန်ဆန္ဒနည်းပါးစေမည့် ရှုပ်ထွေးမှုများမရှိစေရန်လည်း လိုအပ်သည်။ REOI များတွင် အနိမ့်ဆုံးအားဖြင့် လုပ်ငန်းနှင့်သက်ဆိုင်သော အောက်ပါအချက်အလက်များပါရှိရမည်ဖြစ်ရာ အဆိုပြုအဖွဲ့၏ လိုအပ်သည့် အရည်အချင်းများနှင့် အတွေ့အကြုံ (သို့သော် ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ဦးချင်းအချက်အလက်မဖြစ်ရ) ၊ ဆန်ခါတင်ရွေးချယ်မှုစံနှုန်းများနှင့်အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းဆိုင်ရာရှင်းလင်းအသိပေးမှုများစသည်တို့ ဖြစ်သည်။ လိုအပ်သောတုံ့ပြန်မှုများလုပ်နိုင်ရန် UNDB online တွင် စတင်ကြော်ငြာသည့်နေ့မှ ၁၄ ရက်ထက်မနည်းသောအချိန်ခွင့်ပြုပေးရပြီး

---

[၂၈] UNDB online သည်ကုလသမဂ္ဂမှလွှင့်တင်ထားခြင်းဖြစ်ပြီး သတင်းအချက်အလက်လက်ခံရရှိလိုပါက Development Business, United Nations, GCPO Box 5850, New York, NY 10163-5850, USA (website: www.devbusiness.com; email: dbsubscribe@un.org) နှင့် World Bank External Website : www.worldbank.org သို့ ဆက်သွယ်နိုင်သည်။

[၂၉] ထို့အပြင် အပိုဒ်ခွဲ ၁.၂၂ ပါ မိခင်ဘာသာစကား အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ငွေချေးယူသူရွေးချယ်သောဘာသာစကားဖြင့်။

[၃၀] ခြွင်းချက်အားဖြင့် ဆန်ခါတင်စာရင်းတွင် ပြည်တွင်းအကြံပေးပုဂ္ဂိုလ်များသာပါဝင်နေပါက ဒေါ်လာ ၃၀၀၀၀၀ နှင့်အထက်တန်ဖိုးရှိသည့် ကန်ထရိုက်များအား ငွေချေးယူသူမှ UNDB online တွင် ထုတ်ပြန်ကြော်ငြာခြင်းမပြုမှုအား ဘဏ်မှ သဘောတူခွင့်ပြုကောင်း ခွင့်ပြုနိုင်သည်။ ဤ လမ်းညွှန်တစ်စုလုံးပါ အမေရိကန်ဒေါ်လာ သတ်မှတ်ပမာဏများတွင် သက်ဆိုင်ရာ အကောက်ခွန်နှင့် အခြား အခွန်အခများအားလုံး ပါဝင်သည်။

ဆန်ခါတင်စာရင်းပြင်ဆင်ခြင်းမပြုမီ ခွင့်ပြုပေးရပါမည်။ ရရှိလာသောEOI များအပေါ်မူတည်ကာ ငွေချေးယူသူမှ ဆန်ခါတင်စာရင်းပြင်ဆင်ထားခြင်းမပြုရသေးလျှင်မူ REOI တစ်စောင်အတွက် နောက်ကျပေးပို့ခြင်းသည် ထိုတုံ့ပြန်ချက်အား ပယ်ချရသောအကြောင်းရင်းမဖြစ်စေရပဲ ၎င်း REOI သည် အောက်ပါအပိုဒ်ခွဲ ၂.၆ ရှိ အခြေအနေများနှင့်ဆီလျော်မှုရှိနေမည်ဖြစ်သည်။ ငွေချေးယူသူများမှပြင်ဆင်ပေးပို့လာသော REOI များအား ဘဏ်အနေဖြင့် ၎င်း၏ ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုက်ထဲတွင် တစ်ပြိုင်နက်တည်းထုတ်ပြန်တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

**အကြံပေးပုဂ္ဂိုလ်များဆန်ခါတင်စာရင်း (Short List of Consultants)**

၂.၆ ဆန်ခါတင်စာရင်းများပြုစုထုတ်ပြန်ခြင်းအတွက် ငွေချေးယူသူတွင်တာဝန်ရှိသည်။ သတ်မှတ်ထားသောအရည်အချင်းရှိကာစိတ်ဝင်စားကြောင်းတင်ပြလာသည့်အဖွဲ့အစည်းများအား ငွေချေးယူအနေဖြင့် စတင်စဉ်းစားမှုပြုရမည်ဖြစ်သည်။ ပထဝီဝင်အနေအထားကျယ်ကျယ်ပြန့်ပြန့် ဆန်ခါတင်စာရင်းများတွင် အဖွဲ့အစည်းခြောက်ဖွဲ့ပါဝင်သင့်သည်။ (၁) သတ်မှတ်လိုအပ်ချက်များနှင့်ကိုက်ညီသည့် အခြားမည်သည့်အဖွဲ့အစည်းမျှမရှိသည့်အခါမျိုးမှလွဲ၍ နိုင်ငံတစ်နိုင်ငံမှနှစ်ဖွဲ့ထက်မပိုသောအဖွဲ့အစည်းများ [၃၁] နှင့် (၂) ဖွံ့ဖြိုးဆဲနိုင်ငံများမှ အရည်အချင်းနှင့်ကိုက်ညီသောအဖွဲ့အစည်းတစ်ဖွဲ့မျှမရှိသည့်အခါမျိုးမှလွဲ၍ ယင်းနိုင်ငံတစ်နိုင်ငံမှအနည်းဆုံးအဖွဲ့တစ်ဖွဲ့စသည်ဖြင့်ပါဝင်နေရပါမည်။ ရရှိလာသော EOIs များတွင် အထက်ပါ အရည်အချင်းများကိုက်ညီမှုတစ်ခုမျှမတွေ့ရှိပါက ငွေချေးယူသူသည် ၎င်းသိရှိပြီးဖြစ်သောအတွေ့အကြုံဗဟုသုတများကိုအသုံးပြု၍ အရည်အချင်းပြည့်မီသည့်အဖွဲ့အစည်းထံမှစိတ်ဝင်စားမှုကို တိုက်ရိုက်တောင်းခံခြင်း သို့မဟုတ် အပိုဒ်ခွဲ ၁.၁၇ နှင့်အညီ ဘဏ်ထံမှ အကူအညီတောင်းခံခြင်းများပြုလုပ်နိုင်သည်။ လုပ်ငန်းတစ်ရပ်အတွက် စိတ်ဝင်စားကြောင်းဖော်ပြသည့် အရည်အချင်းပြည့်မီသောအဖွဲ့အစည်းအရေအတွက်မလုံလောက်လျှင်သော်လည်းကောင်း၊ အရည်အချင်းပြည့်မီသောလုံလောက်သည့်အဖွဲ့အစည်းအရေအတွက်မသတ်မှတ်နိုင်လျှင်လည်းကောင်း၊ သို့မဟုတ် ကန်ထရိုက်အရွယ်အစားနှင့်လုပ်ငန်းအနေအထားသည်ကျယ်ပြန့်သောပြိုင်ဆိုင်မှုရှိစေရန်ကျိုးကြောင်းမခိုင်လုံလျှင် ခြွင်းချက်အနေဖြင့် ဘဏ်သည် ဆန်ခါတင်စာရင်း၌အဖွဲ့အစည်းအနည်းငယ်သာပါရှိခြင်းကို သဘောတူကောင်းတူနိုင်ပါသည်။ အကယ်၍ ဘဏ်ဘက်မှ ဆန်ခါတင်စာရင်းနှင့်ပတ်သက်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမပြုလုပ်ခဲ့ပါက ငွေချေးယူသူအနေဖြင့် ဘဏ်၏သဘောတူညီမှုမရှိဘဲ ဆန်ခါတင်စာရင်းတွင် ပြင်ဆင်ပြောင်းလဲခြင်းများ မပြုလုပ်ရပါ။ စိတ်ဝင်စားကြောင်းဖော်ပြသည့် အဖွဲ့အစည်းများ၊ ယင်းအားတောင်းဆိုခြင်းခံရသော အခြား မည်သည့်အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် ဆောင်ရွက်နိုင်သူများသည် ငွေချေးယူသူ၏ဆန်ခါတင်အဖွဲ့အစည်းများစာရင်းထဲတွင် ပါဝင်နိုင်သည်။

၂.၇ အကယ်၍ အပ်နှင်းမည့်လုပ်ငန်းသည် ဘဏ်မှသဘောတူညီထားသော ဝယ်ယူ‌ငွေးရမ်းရေးအစီအစဉ်အရ ချမှတ်ထားသောအမြင့်ဆုံးသတ်မှတ်ချက်အောက်ရှိနေလျှင် [၃၂] ၊ ယှဉ်ပြိုင်မှုဖြင့်အားသာသောဈေးနှုန်းတစ်ခုရှိနိုင်လောက်သော အရည်အချင်းပြည့်မီသောပြည်တွင်းအဖွဲ့များလုံလောက်စွာရှိသောအခါနှင့် ကနဦးအားဖြင့် နိုင်ငံခြားသားအကြံပေးများဝင်ရောက်ယှဉ်ပြိုင်မှုသည်ကျိုးကြောင်းမဆီလျော်ခြင်း သို့မဟုတ် နိုင်ငံခြားသားအကြံပေးများမှ စိတ်ဝင်စားမှုမရှိခြင်းစသည့်အခြေအနေမျိုးတွင် ဆန်ခါတင်စာရင်း၌ ပြည်တွင်းမှအကြံပေးပုဂ္ဂိုလ် (မှတ်ပုံတင်ထားသည့်

---

[၃၁] ဆန်ခါတင်စာရင်းပြုစုရခြင်းရည်ရွယ်ချက်အရ အဖွဲ့အစည်းတစ်ရပ်၏မိခင်နိုင်ငံသည် ယင်းအဖွဲ့အစည်းမှတ်ပုံတင်ထားသည့် သို့မဟုတ် ပူးပေါင်းဖွဲ့စည်းကာလုပ်ကိုင်နေသည့်နိုင်ငံဖြစ်ပြီး အကျိုးတူပူးပေါင်းဖက်စပ်လုပ်ထားသည့်အဖွဲ့ဖြစ်ပါက ဦးဆောင်သည့်အဖွဲ့အစည်း၏သက်ဆိုင်ရာမိခင်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

[၃၂] **စီမံကိန်း၏သဘောသဘာဝ၊** ပြည်တွင်းအကြံပေးပုဂ္ဂိုလ်များ၏အရည်အချင်းနှင့် လုပ်ငန်းများ၏ရှုပ်ထွေးမှုများအား ထည့်သွင်းစဉ်းစားပြီးမှသာ ကိစ္စရပ်တစ်ခုချင်းစီအတွက် ဒေါ်လာဖြင့်အမြင့်ဆုံးသတ်မှတ်ချက် (dollar ceilings) အား ဆုံးဖြတ်ရမည်။ ယင်း အမြင့်ဆုံးသတ်မှတ်ချက်ပမာဏသည် သာမန်အားဖြင့် ငွေချေးယူသူနိုင်ငံနှင့်သက်ဆိုင်သည့် နိုင်ငံအဆင့်ပစ္စည်းဝယ်ယူခြင်း လေ့လာဆန်းစစ်မှုအစီရင်ခံစာ (CPAR) သို့မဟုတ် ဘဏ်မှပြုလုပ်ခဲ့သော အခြား အလားတူလေ့လာဆန်းစစ်မှုများပါ ပမာဏထက် ပိုများလိမ့်မည်မဟုတ်ပါ။ ငွေချေးယူသူ နိုင်ငံတစ်နိုင်ငံချင်းစီအတွက် dollar ceilings များအား ဘဏ်၏ ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုက်ထဲတွင် ဖော်ပြထားမည်ဖြစ်သည်။

ငွေချေးယူသူ၏တောင်းဆိုချက်အရ ပေးအပ်မည့်လုပ်ငန်းများအတွက် RFPs များတွင် ငွေချေးယူသူနိုင်ငံရှိ အဖွဲ့အစည်းတစ်ရပ်အား ဘဏ်မှငွေကြေးထောက်ပံ့ခြင်းမှာထိုက်တန်မှုမရှိကြောင်းပြဆိုသည့် အပိုဒ်ခွဲတစ်ခုထည့်သွင်းခြင်းအား ဘဏ်မှ သဘောတူကောင်းတူမည်ဖြစ်ရာ ငွေချေးယူသူနိုင်ငံ၏သင့်လျော်သည့် တရားစီရင်ရေးအာဏာပိုင်မှ ကန်ထရိုက်ရယူလုပ်ပိုင်ခွင့်အားတားမြစ်ခံထားရခြင်းကြောင့်လည်းကောင်း၊ သက်ဆိုင်ရာတရားဥပဒေများအရ အရေးယူဆောင်ရွက်ထားခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်သည့်အပြင် ဘဏ်အနေဖြင့်လည်း ထိုကဲ့သို့ အဖွဲ့အစည်းအား လိမ်လည်လှည့်ဖြားမှု သို့မဟုတ် အကျင့်ပျက်ခြစားခြင်းတွင် ပါဝင်ပတ်သက်နေသည်ဟုသတ်မှတ်ထားပြီး တရားစီရင်ရေးလမ်းကြောင်းမှ လုံလုံလောက်လောက်အရေးယူဆောင်ရွက်ထားသည်ဟု သတ်မှတ်ထားသောအခါမျိုးတွင် ဖြစ်ပါသည်။

သို့မဟုတ် ပူးပေါင်းဖွဲ့စည်းထားသည့်အဖွဲ့အစည်း)များသာ ပါဝင်နိုင်ပါသည်။ ဤအမြင့်ဆုံး သတ်မှတ်ချက်များအား ကဏ္ဍအခြေပြုလုပ်ဆောင်မှုများ (Sector Wide Approaches – SWAps) [၂၄] (အစိုးရနှင့်/ သို့မဟုတ်အလှူရှင်ရန်ပုံငွေများပေါင်းထားခြင်း) အတွက် ဘဏ်မှချေးငွေထုတ်ပေးခြင်းများတွင် စတင်စဉ်းစားသည့် သတ်မှတ်ချက်တစ်ရပ်အဖြစ် အသုံးပြုကြပြီး ဆန်ခါတင်စာရင်း၌ ဘဏ်မှသဘောတူညီချက်ထားသော လုပ်ထုံးလုပ်နည်းအတိုင်းရွေးချယ်ထားသည့် ပြည်တွင်းမှအဖွဲ့အစည်းများသာ ပါဝင်ရမည်။ သို့သော် ပြည်ပမှ အဖွဲ့အစည်းများကစိတ်ဝင်စားမှုဖော်ပြလျှင်မူ ၎င်းတို့အားလည်းထည့်သွင်းစဉ်းစားရမည်။

၂.၈ သာမန်အားဖြင့် ဆန်ခါတင်စာရင်းတွင်နီးစပ်သောလုပ်ငန်းရည်ရွယ်ချက်များ၊ ပူးပေါင်းဆောင်ရွက်တတ်သည့် စွမ်းရည်၊ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုနယ်ပယ်စသည်ဖြင့် အမျိုးအစားတူသောလုပ်ငန်းအမျိုးအစားများအတွက် အကြံပေးများပါဝင်လေ့ရှိပြီး ရှုပ်ထွေးမှုချင်း၊ သဘောသဘာဝချင်းဆင်တူသောလုပ်ငန်းမျိုးများအတွက် တာဝန်ပေးလေ့ရှိကြသည်။ သို့သော် အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့် အကျိုးအမြတ်မယူသောအဖွဲ့အစည်းများ (အင်ဂျီအိုများ၊ တက္ကသိုလ်များ၊ ကုလသမဂ္ဂအေဂျင်စီများစသည်ဖြင့်) သည် ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၁.၁၃(ခ)ရှိ လိုအပ်ချက်များနှင့်ကိုက်ညီလျက် စီးပွားရေးအကျိုးအမြတ်အလို့ငှာ လည်ပတ်လုပ်ရှားနေသူများမဟုတ်ပါက ဆန်ခါတင်စာရင်းတစ်ခုထဲတွင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်အတူ ထည့်သွင်းခြင်း မပြုရ။ အကယ်၍ ရောထွေးထည့်သွင်းထားမှုရှိနေလျှင်မူ QBS စနစ်ကိုအသုံးပြု၍ ရွေးချယ်ခြင်း သို့မဟုတ် သေးငယ်သောလုပ်ငန်းမျိုးအတွက်ဆိုပါက အကြံပေးများ၏အရည်အချင်းအပေါ် အကဲဖြတ်ရွေးချယ်သည့် (CQS) စနစ်ကို အသုံးပြု၍ရွေးချယ်ခြင်းများ ပြုလုပ်ရမည်။ [၂၅] ဆန်ခါတင်စာရင်းတွင် တစ်သီးပုဂ္ဂလအကြံပေးပုဂ္ဂိုလ်များ မပါဝင်ရပါ။ နောက်ဆုံးအချက်အနေဖြင့် အဖွဲ့အစည်းတစ်ခုတည်းအား လုပ်ဆောင်ရမည့်လုပ်ငန်းအမျိုးမျိုးအတွက် ဆန်ခါတင်စာရင်းတွင်ထည့်သွင်းလိုပါက ၎င်း၏ကန်ထရိုက်အမျိုးမျိုးဆောင်ရွက်နိုင်စွမ်းအတွက် တစ်ခုထက်ပိုသော ဆန်ခါတင်စာရင်းများ၌ ၎င်းအဖွဲ့အစည်းအားထည့်သွင်းခြင်းမပြုမီ ယင်း၏ဘက်စုံစွမ်းဆောင်ရည်အပေါ် ငွေချေးယူသူမှ စစ်ဆေးအကဲဖြတ်မည်ဖြစ်သည်။

## အဆိုပြုလွှာတောင်းခံမှုပြင်ဆင်ခြင်းနှင့် ထုတ်ဝေခြင်း (Preparation and Issuance of the Request for Proposals/ RFP)

၂.၉ အဆိုပြုလွှာတောင်းခံမှုတွင် (က) ဖိတ်ခေါ်စာတစ်စောင် (ခ) အကြံပေးများအတွက်ညွှန်ကြားချက်နှင့် အချက်အလက်စာရွက် (ဂ) လုပ်ငန်းဆိုင်ရာရည်ညွှန်းသတ်မှတ်ချက် (TOR) နှင့် (ဃ) အဆိုပြုကန်ထရိုက်အမျိုးအစားစသည်တို့ ပါဝင်သည်။ ငွေချေးယူသူများသည် စီမံကိန်းအခြေအနေနှင့်ကိုက်ညီကာ ဘဏ်အနေဖြင့် ကျေနပ်လက်ခံနိုင်သော စံသတ်မှတ်ထားသောဘဏ်မှထုတ်ပေးထားသည့် RFP များအား ပြင်ဆင်မှုအနည်းဆုံး ပြုလုပ်ကာ အသုံးပြုရမည်ဖြစ်သည်။ ထို့အပြင် မည်သည့်ပြောင်းလဲမှုမျိုးမဆို RFP ပါ အချက်အလက်စာရွက်မှ တစ်ဆင့်သာ ဖော်ပြအသိပေးနိုင်သည်။ ငွေချေးယူသူသည် RFP တွင်ပါဝင်သောစာရွက်စာတမ်းများအား စာရင်းပြုစုထားရှိရမည်။ ငွေချေးယူသူသည် RFP အား ဖြန့်ဝေရာတွင် အီလက်ထရောနစ်စနစ်ကိုအသုံးပြုနိုင်ပြီး အဆိုပါစနစ်၏ပြည့်စုံစိတ်ချရမှုအား ဘဏ်မှကျေနပ်လက်ခံရမည်။ အကယ်၍ အီလက်ထရောနစ်စနစ်ကို အသုံးပြုကာ RFP အား ဖြန့်ဝေမည်ဆိုပါက ယင်းစနစ်သည် RFP အား ပြင်ဆင်ပြောင်းလဲမှုများမပြုလုပ်နိုင်စေရန် လုံခြုံမှု ရှိရမည်ဖြစ်ပြီး ဆန်ခါတင်စာရင်းဝင်အကြံပေးပုဂ္ဂိုလ်များ၏ RFP ရယူမှုအပေါ်တွင်လည်း နှောင့်ယှက်ဟန့်တားမှု မရှိစေရပါ။

[၂၄] SWAps သည်နိုင်ငံတော်မှ ဦးဆောင်အကောင်အထည်ဖော်သည့် သာမန်စီမံကိန်းတစ်ခုထက်ပမာဏကြီးမားသော အစီအစဉ်များတွင် ဖွံ့ဖြိုးရေးအေဂျင်စီများမှ အသုံးပြုသောချဉ်းကပ်နည်းလမ်းများအား ကိုယ်စားပြုပါသည်။ ယင်းတွင် ပုံမှန်အားဖြင့် ကဏ္ဍတစ်ရပ်လုံး သို့မဟုတ် ကဏ္ဍတစ်ရပ်၏ကြီးမားသောအစိတ်အပိုင်းများ ပါဝင်သည်။

[၂၅] ကိစ္စရပ်တစ်ခုချင်းစီအတွက် သေးငယ်သည်ဟုသတ်မှတ်သည့် ဒေါ်လာပမာဏအား လုပ်ငန်း၏သဘောသဘာဝနှင့်ရှုပ်ထွေးမှုအပေါ်ထည့်သွင်းစဉ်းစားကာ သတ်မှတ်ဆုံးဖြတ်ရမည်ဖြစ်သော်လည်း အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ထက်မပိုစေရပဲ အရေးပေါ်အခြေအနေဟုငွေချေးယူသူမှကြေညာကာ ဘဏ်မှအသိအမှတ်ပြု လက်ခံသည့် ခြွင်းချက်ပြုထားသော ကိစ္စမျိုးမှလွဲ၍ဖြစ်သည်။

**အဆိုပြုလွှာဖိတ်ခေါ်စာ (Letter of Invitation/ LOI)**

၂.၁၀ အဆိုပြုလွှာအတွက်ဖိတ်ခေါ်စာ (LOI) တွင် လိုအပ်သည့်အကြံပေးဝန်ဆောင်မှုများ၊ ငွေကြေးရရှိမည့် အရင်းအမြစ်၊ လုပ်ငန်းအပ်နှံမည့်သူ၏အသေးစိတ်အကြောင်းအရာနှင့် အဆိုပြုလွှာများတင်ရမည့် နေ့ရက်၊ အချိန်၊ လိပ်စာစသည့် ကန်ထရိုက်အတွင်းထည့်သွင်းချုပ်ဆိုရန် ငွေချေးယူသူရည်ရွယ်ထားသည့် အကြောင်းအရာများကို ဖော်ပြရမည်။

**အကြံပေး ပုဂ္ဂိုလ်များအတွက်ညွှန်ကြားချက်နှင့် အချက်အလက်စာရွက် (Instructions to Consultants and Data Sheet / ITC)**

၂.၁၁ ITCသည် အကြံပေးများအနေဖြင့် လုပ်ငန်းနှင့်ဆက်နွယ်မှုရှိသောအဆိုပြုလွှာများပြင်ဆင်သောအခါ အထောက်အကူရစေရန် လိုအပ်သောအချက်အလက်အားလုံးပါဝင်နေရမည်ဖြစ်ရာ စိစစ်အကဲဖြတ်မှုဆိုင်ရာစံနှုန်းများနှင့်အခြေခံထားသည့်အကြောင်းအရာများ၊ ၄င်းတို့အတွက်အလေးပေးမှုအချိုးများနှင့် အနည်းဆုံးရရှိရမည့် အရည်အသွေးဆိုင်ရာရမှတ်ပမာဏစသည်တို့ကို ဖော်ပြထားရမည်ဖြစ်ပြီး စိစစ်အကဲဖြတ်မှုလုပ်ငန်းတစ်ခုလုံးအတွက် သတင်းအချက်အလက်များပံ့ပိုးပေးနိုင်ခြင်းဖြင့် ရွေးချယ်မှုလုပ်ထုံးလုပ်နည်းများအား တတ်နိုင်သမျှ ပွင့်လင်းမြင်သာမှုရှိစေရမည်ဖြစ်သည်။ ITC တွင် အကြံပေးများမှပေးရန်လိုအပ်သော အရေးပါသည့် အဓိကကျွမ်းကျင်ပုဂ္ဂိုလ်များ၏ ခန့်မှန်းပမာဏ (တစ်ဦးစီအတွက်လိုအပ်မည့်လအရေအတွက်) သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏတို့ကိုသာ ဖော်ပြရန်လိုအပ်ပြီး နှစ်မျိုးစလုံးတင်ပြရန်မလိုပေ။ သို့သော် အကြံပေးများအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကျွမ်းကျင်ပုဂ္ဂိုလ်များအတွက် မိမိတို့၏ခန့်မှန်းအချိန်ကာလအား လွတ်လွတ်လပ်လပ် တွက်ချက်ရမည်ဖြစ်ကာ ၄င်းတို့၏အဆိုပြုလွှာများတွင် တွက်ချက်မှုနှင့်လိုက်လျောညီထွေရှိသည့်ကုန်ကျစရိတ်အား အဆိုပြု ဖော်ပြပေးရမည်။ အချိန်ကာလအခြေခံကန်ထရိုက်များတွင် ဝန်ဆောင်မှုများအနေဖြင့် ပုံမှန်လုပ်ရိုးလုပ်စဉ်သဘော သဘာဝမျိုး သို့မဟုတ် တီထွင်ဆောင်ရွက်ရန်မလိုအပ်သည့်အခါမျိုး၌ ဘဏ်မှကန့်ကွက်ရန်မရှိခြင်းနှင့်အတူ ငွေချေးယူသူအနေဖြင့် အကြံပေးပုဂ္ဂိုလ်များအား ၄င်းတို့၏အဆိုပြုလွှာများ၌ RFP ထဲတွင်ဖော်ပြထားသည့်အတိုင်း အဆင့်တူကျွမ်းကျင်ပုဂ္ဂိုလ်များ၏လိုအပ်သည့်အချိန်ကာလများအား ထည့်သွင်းစေရမည်ဖြစ်ပြီး အကယ်၍ မဖြစ်နိုင်ခဲ့ပါက အဆိုပြုလွှာများအားနှိုင်းယှဉ်စိစစ်ရန်နှင့် ကန်ထရိုက်ပေးအပ်နိုင်ရန်အလို့ငှာ ၄င်းတို့၏ဘဏ္ဍာရေး အဆိုပြုလွှာများအား ပြန်လည်ညှိနှိုင်းပြင်ဆင်စေရမည်ဖြစ်သည်။ ITCတွင် အဆိုပြုလွှာအကျုံးဝင်နေသော သက်တမ်းကာလအားသတ်မှတ်ရမည်ဖြစ်ကာ ယင်းကာလသည် အဆိုပြုလွှာများအားစိစစ်အကဲဖြတ်ရန်၊ ကန်ထရိုက်ဆုံးဖြတ်ပေးအပ်ရန်၊ ဘဏ်မှစစ်ဆေးသုံးသပ်ရန်နှင့် ကန်ထရိုက်အပြီးသတ်ညှိနှိုင်းဆွေးနွေးရန်ကိစ္စရပ်များအတွက် လုံလောက်မှုရှိနေရမည်ဖြစ်သည်။ နောက်ဆက်တွဲလ(၂) တွင် ITC ထဲ၌ပါဝင်သင့်သည့်အချက်အလက်များ အသေးစိတ်စာရင်းကို ဖော်ပြပေးထားပါသည်။

**ကန်ထရိုက်အမျိုးအစား (Contract)**

၂.၁၂ ဤလမ်းညွှန်၏ အခန်း (၄) တွင် အသုံးပြုမှုအများဆုံး ကန်ထရိုက်အမျိုးအစားများအကြောင်း အကျဉ်းချုံး ဖော်ပြထားသည်။ ငွေချေးယူသူများသည် ဘဏ်မှလက်ခံနိုင်ကာ သီးခြား နိုင်ငံနှင့်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်အရ ဘဏ်မှထုတ်ပေးထားသည့် သင့်လျော်သောစံကန်ထရိုက်ပုံစံများကို ပြင်ဆင်ပြောင်းလဲမှု အနည်းဆုံးပြုလုပ်ကာ အသုံးပြုရမည်ဖြစ်သည်။ မည်သည့်ပြင်ဆင်ပြောင်းလဲမှုမဆို ဘဏ်၏သတ်မှတ်စံပုံစံထဲပါ ကန်ထရိုက်ဆိုင်ရာ ယေဘုယျအခြေအနေများဟူသည့်စကားရပ်များထဲ၌ ထည့်သွင်းရမည်မဟုတ်ဘဲ ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ သို့မဟုတ် ကန်ထရိုက်ဆိုင်ရာအထူးအခြေအနေများထဲတွင်သာ ပြင်ဆင်ထည့်သွင်းရမည်။ ဤကဲ့သို့ ကန်ထရိုက်အမျိုးအစားအားလုံးသည် အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ အများစုနှင့်အကျုံးဝင်မှုရှိသည်။ အကယ်၍ အဆိုပါပုံစံများနှင့်မသင့်လျော်ပါက (ဥပမာအားဖြင့် သင်္ဘောမတင်မီစစ်ဆေးခြင်း၊ ပစ္စည်းဝယ်ယူရေး ဝန်ဆောင်မှုများ၊ တက္ကသိုလ်ကျောင်းသားများအား လေ့ကျင့်သင်တန်းပေးခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဆိုင်ရာ ကြော်ငြာခြင်းများ သို့မဟုတ် တွဲဖက်ထားခြင်း) ငွေချေးယူသူအနေဖြင့် ဘဏ်မှလက်ခံနိုင်သော အခြားကန်ထရိုက် ပုံစံများအား အသုံးပြုရမည်။

**အဆိုပြုလွှာများလက်ခံခြင်းနှင့်ဖွင့်ဖောက်ခြင်း (Receipt and Opening of Proposals)**

၂.၁၃ ငွေချေးယူသူမှ အကြံပေးပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့၏အဆိုပြုလွှာများပြင်ဆင်နိုင်ရန် အချိန်လုံလောက်စွာ ပေးရမည်။ ခွင့်ပြုရမည့်အချိန်အတိုင်းအတာမှာ လုပ်ငန်းအမျိုးအစားအပေါ်မူတည်နေမည်ဖြစ်ရာ ယေဘုယျအားဖြင့် ရက်သတ္တပတ်လေးပတ်အောက်မနည်း သို့မဟုတ် သုံးလထက်မပိုရပါ။ ဥပမာအားဖြင့် ထူးခြားသောနည်းပညာမျိုး အသုံးပြုရမည့်လုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းမှုများပါဝင်သည့်မဏ္ဍိုင်ပြုအစီအစဉ် (Master Plan) ပြင်ဆင်ခြင်း စသည်တို့ ဖြစ်ကြသည်။ ဤအခိုက်အတန့်ကြားကာလတွင် စိတ်ဝင်စားသောအဖွဲ့အစည်းများအနေဖြင့် RFP ထဲတွင် ပါရှိသောအချက်အလက်များနှင့်ပတ်သက်၍ မရှင်းလင်းသည်များကိုတောင်းဆိုမေးမြန်းနိုင်ကြသည်။ ငွေချေးယူသူသည် ပြန်လည်ရှင်းလင်းဖြေကြားချက်များအားစာဖြင့်ရေးသားကာ ဆန်ခါတင်စာရင်းတွင်ပါရှိသော အဆိုပြုလွှာတင်လိုသည့် အဖွဲ့အစည်းများအားလုံးထံသို့ မိတ္တူကူးယူပေးပို့ရမည်။ လိုအပ်ပါက ငွေချေးယူသူသည် အဆိုပြုလွှာတင်ရမည့် နောက်ဆုံးရက်အား ထပ်မံတိုးမြှင့်ပေးနိုင်သည်။ နည်းပညာနှင့်ဘဏ္ဍာရေးပိုင်းဆိုင်ရာ အဆိုပြုလွှာများအား တစ်ပြိုင်နက်တည်း ပေးပို့ရမည်။ နောက်ဆုံးပေးပို့ရမည့်ရက်မတိုင်ခင် အမှားပြင်ဆင်အဆိုပြုလွှာများအား ပေးပို့နိုင်သော်လည်း အဆိုပါရက်ကျော်လွန်သွားလျှင်မူ နည်းပညာနှင့်ဘဏ္ဍာရေးပိုင်းဆိုင်ရာအဆိုပြုလွှာများအား မည်သည့်ပြင်ဆင်ပြောင်းလဲမှုကိုမျှ ပြုလုပ်ခြင်းအား ခွင့်မပြုရပါ။ လုပ်ငန်းစဉ်အား ပိုမိုကောင်းမွန်ယုံကြည်စိတ်ချရစေရန် နည်းပညာနှင့်ဘဏ္ဍာရေးပိုင်းဆိုင်ရာအဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များဖြင့် သီးခြားစီ တင်သွင်းစေရမည်။ အဆိုပြုလွှာပေးပို့ရန်သတ်မှတ်ထားသောနောက်ဆုံးရက်အထိ အဆိုပြုလွှာအရေအတွက် မည်မျှပင်ရရှိစေကာမူ ထိုသတ်မှတ်ထားသောနောက်ဆုံးရက်တွင် RFP ထဲပါ ဖော်ပြထားသည့်နေရာ၌ ငွေချေးယူသူဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာဌာနအသီးသီးမှ (နည်းပညာ၊ ဘဏ္ဍာရေး၊ ဥပဒေစသည်ဖြင့် သင့်တော်သလို) တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သောကော်မတီသည် နည်းပညာဆိုင်ရာအဆိုပြုလွှာများအား ဖွင့်ဖောက်ပေးရမည်။ နည်းပညာဆိုင်ရာအဆိုပြုလွှာများဖွင့်ဖောက်ရာသို့ တက်ရောက်ရန်ဆန္ဒရှိသည့် အကြံပေးပုဂ္ဂိုလ်များ တက်ရောက်နိုင်ရာ ငွေချေးယူယူသည် မည်သည့်အဆိုပြုလွှာနှင့်ပတ်သက်၍မျှ အကောင်းအဆိုးတစ်စုံတစ်ရာ ပြောဆိုဆွေးနွေးခြင်း မပြုရ။ နောက်ဆုံးလက်ခံသည့်အချိန်ကျော်လွန်ပြီးမှရောက်ရှိလာသော အဆိုပြုလွှာများအား နောက်ကျရောက်ရှိမှုအဖြစ် အသိပေးကြေညာလျက် ၎င်းပယ်ကာ ဖွင့်ဖောက်ခြင်းမပြုဘဲ ချက်ချင်းပြန်လည်ပေးပို့ရမည်။ အထက်ပါ ကော်မတီသည် အဆိုပြုလွှာပေးပို့သည့်အကြံပေးများ၏ အမည်များ၊ မှန်ကန်စွာချိတ်ပိတ်ထားသည့် ဘဏ္ဍာရေး အဆိုပြုလွှာပါစာအိတ်များ ရောက်ရှိမှု သို့မဟုတ် ပျက်ကွက်မှုနှင့် အခြား သင့်လျော်သည့် အချက်အလက်များအား အများသိရှိအောင် ဖတ်ကြားတင်ပြရမည်။ အပိုဒ်ခွဲ ၂.၂၃ နှင့်အညီ ဘဏ္ဍာရေးအဆိုပြုလွှာများအား ဖွင့်ဖောက်ခြင်း မတိုင်မီ ဂုဏ်သိက္ခာရှိသည့် အများပြည်သူအသိအမှတ်ပြုစာရင်းစစ် သို့မဟုတ် လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ် [၃၅] ထံ၌ ချိပ်ပိတ်လျက် ထားရှိရမည်။ အကြံပေးပုဂ္ဂိုလ်များအနေဖြင့် အီလက်ထရောနစ်နည်းလမ်းများအသုံးပြုကာအဆိုပြုလွှာပေးပို့ခြင်းအတွက် ငွေချေးယူသူသည် အီလက်ထရောနစ်စနစ်များအား အသုံးပြုနိုင်ပြီး ယင်းစနစ်၏ပြည့်စုံမှုအပေါ် ဘဏ်မှကျေနပ်လက်ခံနိုင်ရမည်ဖြစ်ရာ စနစ်၏လုံခြုံမှု၊ လျှို့ဝှက် ထားနိုင်မှု၊ ယုံကြည်စိတ်ချရမှုနှင့် ပေးပို့လာသောအဆိုပြုလွှာများ၏ စိတ်ချမှန်ကန်ရမှုစသည်တို့ပါဝင်ပြီး ငွေချေးယူသူသည် အကြံပေးများကို ၎င်းတို့၏အဆိုပြုလွှာများနှင့်ပတ်သက်၍ ချည်နှောင်တာဝန်ရှိမှု သေချာစေရန် အတွက် အီလက်ထရောနစ်နည်းဖြင့်လက်မှတ်ရေးထိုးသည့်စနစ် သို့မဟုတ် အလားတူစနစ်တစ်ခုခုကို အသုံးပြု နိုင်သည်။

**အဆိုပြုလွှာများအားရှင်းလင်းခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း (Clarification or Alteration of Proposals)**

၂.၁၄ ခြွင်းချက်အားဖြင့် ဤလမ်းညွှန်အခန်း(၂) ပါ အပိုဒ် ခွဲ ၂.၂၇ မှ ၂.၂၉ အထိနှင့် နောက်ဆက်တွဲ (၂) ပါ အပိုဒ်ခွဲ ၁(တ) ပါ ပြဋ္ဌာန်းချက်များမှလွဲ၍ အကြံပေးပုဂ္ဂိုလ်များသည် မည်သည့်နည်းနှင့်မျှ ၎င်းတို့၏အဆိုပြုလွှာများအား အဆိုပြုလွှာပေးပို့ရမည့်ရက်ကျော်လွန်သွားပါက ပြောင်းလဲမှုပြုလုပ်ရန် ခွင့်ပြုခံရခြင်း သို့မဟုတ် တောင်းဆိုခံရခြင်း မရှိရပါ။ အဆိုပြုလွှာများအား စိစစ်အကဲဖြတ်မှုပြုလုပ်နေစဉ်အတွင်းပေးပို့လာသော နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား ငွေချေးယူသူသည် ဘဏ်၏သဘောတူညီမှုကြိုတင်ရယူပြီး တာဝန်အရ သာမန်မေးမြန်းမှုမျိုးမှလွဲ၍ အကြံပေးပုဂ္ဂိုလ်များအားရှင်းလင်းချက်တောင်းခံခြင်းမပြုရဘဲ မိမိတစ်ဦးတည်း

---

[၃၅] ယင်းကဲ့သို့ လွတ်လပ်သောအဖွဲ့အစည်းဟူသည် အဆိုပါလုပ်ငန်းမှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးအမြတ်ရရှိခြင်း သို့မဟုတ် လုပ်ငန်းတွင် ပါဝင်ပတ်သက်ခြင်းမျိုး မရှိရပါ။

စိစစ်အကဲဖြတ်ရမည်ဖြစ်သည်။

**အရည်အသွေးနှင့် ကုန်ကျစရိတ်ထည့်သွင်းစဉ်းစား၍ အဆိုပြုလွှာများအား စိစစ်အကဲဖြတ်ခြင်း (Evaluation of Proposals: Consideration of Quality and Cost )**

၂.၁၅ အဆိုပြုလွှာများအား စိစစ်အကဲဖြတ်ခြင်းကို အဆင့်နှစ်ဆင့်ဖြင့်ဆောင်ရွက်ရမည်ဖြစ်ရာ ပထမအဆင့်တွင် အရည်အသွေးနှင့် ဒုတိယအဆင့်တွင်ကုန်ကျစရိတ် တို့ဖြစ်ကြသည်။ နည်းပညာဆိုင်ရာအဆိုပြုလွှာများအတွက် စိစစ်အကဲဖြတ်မည့်သူများသည် ဘဏ္ဍာ၏စစ်ဆေးသုံးသပ်မှုများနှင့်ကန့်ကွက်မှုမရှိကြောင်း အပါအဝင် နည်းပညာဆိုင်ရာအကဲဖြတ်ခြင်းမပြီးဆုံးခင် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား ကိုင်တွယ်ကြည့်ရှုစစ်ဆေးခြင်း မပြုလုပ်ရပါ။ ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား ယင်းအဆင့်ပြီးဆုံးပြီးမှသာ ဖွင့်ဖောက်ရမည်ဖြစ်သည်။ စိစစ်အကဲဖြတ်မှုအား RFP ထဲတွင် ဖော်ပြထားမှုများအတိုင်း တိတိကျကျ ဆောင်ရွက်ပေးရမည်။

**အရည်အသွေးပိုင်းဆိုင်ရာ စိစစ်အကဲဖြတ်ခြင်း (Evaluation of the Quality)**

၂.၁၆ အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများအားလိုအပ်သောကြောင့် နည်းပညာဆိုင်ရာအဆိုပြုလွှာများအား စိစစ်အကဲဖြတ်မှုအရည်အသွေးမှာ အခြားအချက်များထက် ပိုမိုအရေးကြီးသည်။ ငွေချေးယူသူသည် နည်းပညာဆိုင်ရာအဆိုပြုလွှာတစ်စောင်ချင်းစီအား အဖွဲ့ဝင်အနည်းဆုံးသုံးဦးနှင့် အများအားဖြင့် ခုနစ်ဦးထက်မပိုသောအရေအတွက်ဖြင့်ဖွဲ့စည်းထားသောစိစစ်အကဲဖြတ်မှုကော်မတီဖြင့် အကဲဖြတ်ရမည်ဖြစ်ရာ ယင်းကော်မတီဝင်များမှာ လုပ်ဆောင်ရမည့်လုပ်ငန်းနယ်ပယ်အတွက် အရည်အချင်းပြည့်ဝသောကျွမ်းကျင်သူများဖြစ်စေရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ကော်မတီဝင်တစ်ဦးစီသည် အပိုဒ်ခွဲ ၁.၉ (ဂ) အရ အကျိုးစီးပွားချင်းပဋိပက္ခဖြစ်နိုင်မည့် အခြေအနေများမှကင်းလွတ်နေရမည့်အပြင် စိစစ်အကဲဖြတ်မှုလုပ်ငန်းတွင်ပါဝင်ခြင်းမရှိမီ ထိုသို့ အကျိုးသက်ရောက်မှုမရှိစေရန်လည်း အာမခံပေးနိုင်ရမည်ဖြစ်သည်။ အကယ်၍ နည်းပညာဆိုင်ရာအကဲဖြတ်မှုသည် RFP နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် အဆိုပြုလွှာများ၏ အားသာချက်၊ အားနည်းချက်များအား မှန်ကန်စွာအကဲဖြတ်မှုမရှိကြောင်းနှင့် ကော်မတီသည် အခြေအနေအား အချိန်မီကိုင်တွယ်ဖြေရှင်းရန်ပျက်ကွက်ခဲ့ကြောင်း ဘဏ်မှသတ်မှတ်ဆုံးဖြတ်ခဲ့ပါက ဘဏ်မှ ငွေချေးယူသူအား စိစစ်အကဲဖြတ်မှုကော်မတီတစ်ရပ်ထပ်မံဖွဲ့စည်းရန်နှင့်လိုအပ်ပါက လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်သူနိုင်ငံခြားသားပညာရှင်များထည့်သွင်းပေးရန် တောင်းဆိုကောင်းတောင်းဆိုနိုင်သည်။

၂.၁၇ နည်းပညာဆိုင်ရာစိစစ်အကဲဖြတ်မှုတွင် RFP အား ပြန်လည်ထင်ဟပ်စေသည့်အနေဖြင့် အပိုဒ်ခွဲ ၂.၁၈ တွင် ဖော်ပြထားသော စံနှုန်း (Criteria) များနှင့် အပိုဒ်ခွဲ ၂.၁၉ နှင့် ၂.၂၀ တို့တွင် ဖော်ပြထားသည့် စံနှုန်းခွဲ (Sub-criteria) များအား ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ RFP တွင် အဆိုပါ စံနှုန်းများနှင့် စံနှုန်းခွဲတစ်ခုချင်းစီ အတွက် ၎င်းတို့ရရှိနိုင်သောအမြင့်ဆုံးရမှတ်များနှင့်အတူ အနိမ့်ဆုံးအမှတ်မရပါက အဆိုပြုလွှာတစ်စောင်အား အရည်အချင်းပြည့်မီခြင်းမရှိဟုငြင်းပယ်နိုင်ခွင့်ရှိသည့် ခြုံငုံတွက်ချက်ထားသော အနည်းဆုံးရရှိရမည့်နည်းပညာပိုင်းဆိုင်ရာရမှတ်ကိုလည်း ဖော်ပြထားပေးရမည်။ အမှတ်ပေးစကေးအား ၀ မှတ် မှ ၁၀၀ မှတ်အထိသတ်မှတ်ထားသည့်အနက် ခြုံငုံတွက်ချက်ထားသော အနည်းဆုံးနည်းပညာပိုင်းဆိုင်ရာရမှတ်အတိုင်းအတာအဖြစ် ၇၀မှတ် မှ ၈၅ မှတ် အထိအား သတ်မှတ်ထားသည်။ အဆိုပါ စံနှုန်းတစ်ခုချင်းအလိုက် အမြင့်ဆုံးရမှတ်နှင့် ခြုံငုံတွက်ချက် ထားသော အနည်းဆုံးရရှိရမည့်နည်းပညာပိုင်းဆိုင်ရာရမှတ်တို့အား သက်ဆိုင်ရာလုပ်ငန်းတစ်ခုစီ၏ သဘောသဘာဝနှင့်ခက်ခဲရှုပ်ထွေးမှုများအပေါ် အခြေခံသတ်မှတ်ရမည်ဖြစ်သည်။

၂.၁၈ စံနှုန်းများ၌ (က) သက်ဆိုင်ရာလုပ်ငန်းအတွက်အကြံပေး၏အတွေ့အကြုံ (ခ) အဆိုပြုကမ်းလှမ်းသောလုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်းအရည်အသွေး (ဂ) အဆိုပြုထားသော အရေးပါသည့်ကျွမ်းကျင်ပုဂ္ဂိုလ်များ၏ အရည်အချင်း (ဃ) အကယ်၍ TOR တွင် လိုအပ်ပါက နည်းပညာ/အသိပညာအတတ်ပညာ လွှဲပြောင်းပေးနိုင်မှု (င) လုပ်ငန်းအားဆောင်ရွက်ရာတွင် အဓိကကျသော ကျွမ်းကျင်သူပုဂ္ဂိုလ်များအကြား ပြည်တွင်းမှပုဂ္ဂိုလ်များ ပါဝင်နိုင်ခွင့်အတိုင်းအတာစသည်တို့ ပါဝင်ကြသည်။ ယင်းစံနှုန်းများကို ဘဏ်၏ကန့်ကွက်ရန်မရှိပေးထားသော ခြွင်းချက်အနေအထားမှလွဲ၍ အောက်တွင်ဖော်ပြထားသည့် အမှတ်ရရှိနိုင်မှုအတိုင်းအတာအတွင်း ထည့်သွင်းရမည်ဖြစ်သည်။ ပြည်တွင်းမှကျွမ်းကျင်သူပုဂ္ဂိုလ်များပါဝင်နိုင်ခွင့်စံနှုန်းအတွက် အမြင့်ဆုံးရမှတ်မှာ အောက်တွင်ဖော်ပြထားသည့်အတိုင်း ၁၀ မှတ်ထက် မပိုရပါ။

| | |
|---|---|
| အကြံပေး၏ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ | ၀ မှတ် – ၁၀ မှတ် |
| လုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်းအရည်အသွေး | ၂၀ မှတ် – ၅၀ မှတ် |
| အရေးပါသည့်ကျွမ်းကျင်ပုဂ္ဂိုလ်များ | ၃၀ မှတ် – ၆၀ မှတ် |
| နည်းပညာ/အသိပညာအတတ်ပညာ လွှဲပြောင်းပေးနိုင်မှု[၃၆] | ၀ မှတ် – ၁၀ မှတ် |
| ပြည်တွင်းမှ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များပါဝင်နိုင်ခွင့်[၃၇] | ၀ မှတ် – ၁၀ မှတ် |
| စုစုပေါင်း | ၁၀၀ မှတ် |

၂.၁၉ သာမန်အားဖြင့် ငွေချေးယူသူသည် အဆိုပါစံနှုန်းများအား စံနှုန်းခွဲများအဖြစ်သို့ ထပ်မံခွဲခြားလိုက်ပါသည်။ ထို့နောက် စံနှုန်းတစ်ခုစီအား ၎င်းတို့နှင့်သက်ဆိုင်သောစံနှုန်းခွဲများအတွက်သတ်မှတ်ထားသည့် အလေးပေးမှုများ အပေါ်အခြေခံကာ ဆက်လက်၍အမှတ်ပေးရပါမည်။ ဥပမာ- လုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်းအရည်အသွေးဆိုသည့် စံနှုန်းအောက်တွင် တီထွင်ကြံဆနိုင်မှုနှင့် အသေးစိတ်ကျမှုတို့မှာ စံနှုန်းခွဲများဖြစ်ကြသည်။ သို့သော် စံနှုန်းခွဲများ၏ အရေးအတွက်မှာအလွန်အရေးကြီးသဖြင့် ဂရုစိုက်ရမည်။ စံနှုန်းခွဲများအား အလွန်အမင်းအသေးစိတ်ကျကျ ပြုစု သတ်မှတ်၍အသုံးပြုခြင်းမှာ အဆိုပြုလွှာများအား ကျွမ်းကျင်သူပညာရှင်ရှုထောင့်မှ အကဲဖြတ်ခြင်းထက် စက်ယန္တရား ဆန်ဆန်ပြုမူကာ အကဲဖြတ်ခြင်းမျိုးရောက်စေနိုင်သဖြင့် ဘဏ်အနေဖြင့်အားမပေးလိုချေ။ တစ်ဖန် အကြံပေး ပုဂ္ဂိုလ်များအား ဆန်ခါတင်စာရင်းပြုစုရာတွင် အတွေ့အကြုံကဲ့သို့သောစံနှုန်းအား ထည့်သွင်းစဉ်းစားကာ အသုံးပြုထားပြီးဖြစ်သောကြောင့် ယင်းအတွက်အလေးပေးရာတွင် များစွာပေးရန် မလိုအပ်တော့ချေ။ သို့သော် နက်နဲရှုပ်ထွေးစွာဆောင်ရွက်ရမည့်လုပ်ငန်းများအတွက်မူ လုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်းအား ပိုမိုအလေးပေးလေ့ ရှိကြရာ ဥပမာအားဖြင့် ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်သောဖြစ်နိုင်ခြေစွမ်းလေ့လာမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာလေ့လာမှုတို့ ဖြစ်ကြသည်။

၂.၂၀ အရေးပါသော ကျွမ်းကျင်ပုဂ္ဂိုလ်များကိုသာလျှင် အကဲဖြတ်စိစစ်ရမည်။ အဆိုပါ ပုဂ္ဂိုလ်များမှာ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးပိုင်းအတွက် အဓိကအနေအထားတွင်ရှိသောကြောင့် အကယ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းမှာ နက်နဲရှုပ်ထွေးပါက ယင်းစံနှုန်းအပေါ်တွင် ပိုမိုအလေးပေးသင့်ပါသည်။ ငွေချေးယူသူသည် အဆိုပြုထားသည့် ကျွမ်းကျင်သူပုဂ္ဂိုလ်၏ အရည်အချင်းနှင့် အတွေ့အကြုံများအား ၎င်းတို့၏ ကိုယ်ရေးအချက်အလက် (CV) မှတစ်ဆင့် ကြည့်ရှုစစ်ဆေးမည်ဖြစ်ရာ အဆိုပါ အချက်အလက် (CV) များမှာ တိကျရန်၊ ပြည့်စုံရန်လိုသည့်အပြင် သက်ဆိုင်ရာ အကြံပေးအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးနှင့် အဆိုပြုထားသူပုဂ္ဂိုလ်တို့မှ လက်မှတ်ရေးထိုးထားရန်လည်း လိုအပ်သည်။ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် အလိုက် အကြံပေးပုဂ္ဂိုလ်များအား အောက်ပါစံနှုန်းခွဲသုံးခုဖြင့် အဆင့်သတ်မှတ်ရမည်။

(က) အတွေ့တွေ့အရည်အချင်းသတ်မှတ်ချက် — အတွေ့တွေ့ပညာအရည်အချင်း၊ သင်တန်း၊ အတွေ့အကြုံ သက်တမ်း၊ ရရှိဖူးသော ရာထူး/ တာဝန်၊ ကျွမ်းကျင်သူအဖြစ်လုပ်ကိုင်ဖူးသည့် ယခင်အလုပ်အကိုင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လုပ်ကိုင်ဖူးသည့်အတွေ့အကြုံစသည်ရှိမှု

(ခ) လုပ်ငန်းအတွက် ပြည့်စုံလုံလောက်မှု — အပ်နှံမည့်လုပ်ငန်းတစ်ခုအတွက် ပညာအရည်အချင်း၊ သင်တန်းနှင့် သက်ဆိုင်ရာ ဘာသာရပ်၊ နယ်ပယ်နှင့်ကဏ္ဍအတွင်း အတွေ့အကြုံစသည်ရှိမှု

(ဂ) ဒေသဆိုင်ရာအတွေ့အကြုံ — ဒေသန္တရ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့၊ အုပ်ချုပ်ရေးစနစ်၊ အစိုးရအဖွဲ့အစည်းစသည်တို့နှင့်ပတ်သက်၍ တတ်ကျွမ်းနားလည်ဗဟုသုတရှိမှု

---

[၃၆] အချို့သောလုပ်ငန်းများတွင် နည်းပညာ/အသိပညာအတတ်ပညာ လွှဲပြောင်းပေးခြင်းသည် အဓိကရည်ရွယ်ချက်ဖြစ်နိုင်ရာ အဆိုပါ ကိစ္စရပ်များ၌ ဘဏ်၏ ကန့်ကွက်ရန်မရှိခြင်းနှင့်အတူ ၎င်းအချက်အား TOR ထဲတွင် ထည့်သွင်းဖော်ပြရန်လိုအပ်ပြီး ယင်း၏အရေးပါမှုအရ ပိုမိုအလေးပေးမှုတစ်ရပ် ထားရှိနိုင်သည်။

[၃၇] အဆိုပြုလွှာထဲပါ အရေးပါသည့်ကျွမ်းကျင်သူပုဂ္ဂိုလ်များတွင် ပြည်တွင်းမှပုဂ္ဂိုလ်များ (ပြည်တွင်းအဖွဲ့အစည်းမှဖြစ်စေ ပြည်ပအဖွဲ့အစည်းမှဖြစ်စေတင်ပြမှုအရ) ပါဝင်နိုင်ခွင့်အရနှင့် တွက်ချက်ထားသောအဓိကကျသည့် ပြည်တွင်းမှကျွမ်းကျင်သူအရေအတွက်၏ အချိန်စုစုပေါင်း (လအလိုက်လူအရေအတွက်)နှင့် အဓိကကျသည့်ကျွမ်းကျင်သူအရေအတွက်၏ အချိန်စုစုပေါင်း (လအလိုက်လူအရေအတွက်) အချိုးအရ။

၂.၂၁ ငွေချေးယူသူများသည် အဆိုပြုလွှာတစ်စောင်ချင်းစီအား TOR နှင့် ၎င်းတို့၏ဆက်နွယ်အကျုံးဝင်မှုအပေါ် အခြေခံပြီးစိစစ်အကဲဖြတ်ရမည်။ အဆိုပြုလွှာတစ်စောင်သည် RFP ထဲတွင်ပါရှိသည့် အရေးကြီးသောအစိတ်အပိုင်း၊ အချက်အလက်များနှင့်ကိုက်ညီမှုမရှိသောအခါ ဤအဆင့်တွင်ပင် အရည်အချင်းသင့်လျော်မှုမရှိဟု ယူဆခံရပြီး ပယ်ချခံရနိုင်ပါသည်။ ထို့အပြင် မည်သည့်ဘဏ္ဍာရေးအချက်အလက်မဆိုပါဝင်နေသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာများအား အပ်စပ်မှုမရှိသောအဆိုပြုလွှာများအဖြစ် ကြေညာသတ်မှတ်ခံရမည်ဖြစ်သည်။

၂.၂၂ စိစစ်အကဲဖြတ်မှုကော်မတီဝင်များသည် RFP ထဲပါ စိစစ်အကဲဖြတ်မှုစံနှုန်းများအတိုင်း အဆိုပြုလွှာများအား တစ်ဦးနှင့်တစ်ဦးလွတ်လပ်စွာနှင့် ပြင်ပမှပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ လွှမ်းမိုးချုပ်ကိုင်မှုမပါဘဲ စိစစ်အကဲဖြတ်ရမည်။ အကယ်၍ အဆိုပြုလွှာတစ်စောင်သည် RFP ထဲတွင်သတ်မှတ်ထားသည့် ခြုံငုံတွက်ချက်ထားသော အနည်းဆုံး နည်းပညာပိုင်းဆိုင်ရာရမှတ်အားပြည့်မီခြင်းမရှိပါက ပယ်ချခြင်းခံရမည်။ စိစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်ပြီးဆုံးသွားပါက ငွေချေးယူသူသည် နည်းပညာဆိုင်ရာအကဲဖြတ်မှုအစီရင်ခံစာ (Technical Evaluation Report) အား ဘဏ်၏ စံသတ်မှတ်ထားသော အကဲဖြတ်မှုအစီရင်ခံစာပုံစံ သို့မဟုတ် ဘဏ်မှလက်ခံနိုင်သော အခြားသောအစီရင်ခံစာပုံစံကိုအသုံးပြုကာ ပြုစုထုတ်ပြန်ရမည်ဖြစ်သည်။ အစီရင်ခံစာသည် စိစစ်အကဲဖြတ်မှုရလဒ်များအား အချက်အလက်များနှင့်တကွဖော်ပြထားရမည်ဖြစ်ရာ အဆိုပြုလွှာများ၏အားသာချက် အားနည်းချက်များကိုပါဖော်ပြလျက် အဆိုပြုလွှာတစ်စောင်ချင်းစီအတွက် စုစုပေါင်းနည်းပညာပိုင်းဆိုင်ရာရမှတ်များကိုလည်း စစ်ဆေးတွက်ချက်ပေးနိုင်ရမည်။ တူညီသောစံနှုန်းများ သို့မဟုတ် စံနှုန်းခွဲများအတွက် အဆိုပြုလွှာတစ်စောင်အပေါ် ကော်မတီဝင်များမှအမှတ်ပေးရာတွင် တစ်ဦးနှင့်တစ်ဦးအကြားကွာခြားမှုကြီးမားနေပါက အလေးထားစဉ်းစားရမည်ဖြစ်ပြီး ကျိုးကြောင်းပြဆိုချက်တစ်ခုအား နည်းပညာဆိုင်ရာအကဲဖြတ်မှုအစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြရမည်။ စာချုပ်ချုပ်ဆိုငှားရမ်းခြင်းမတိုင်မီ သုံးသပ်စစ်ဆေးခြင်းအဆင့်နှင့်သက်ဆိုင်သော ကန်ထရိုက်ကိစ္စရပ်များတွင် ကော်မတီဝင်တစ်ဦးချင်းစီ၏ စိစစ်အကဲဖြတ်ချက်အသေးစိတ်စာရွက်စာတမ်းများပါဝင်သော technical evaluation report အား ဘဏ်၏စစ်ဆေးသုံးသပ်မှုခံယူရန်နှင့် ကန့်ကွက်ရန်မရှိကြောင်းရရှိရန် ဘဏ်သို့ ပေးပို့ရမည်။ စိစစ်အကဲဖြတ်မှုနှင့်သက်ဆိုင်သည့် တစ်ဦးချင်းရမှတ်ရရှိမှုစာရွက်စာတမ်းများကဲ့သို့ မှတ်တမ်းမှတ်ရာ များအားလုံးကို နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၂ (ဋ) နှင့် ၅ အရ ထိန်းသိမ်းထားရှိပေးရမည်။

**ဘဏ္ဍာရေးအဆိုပြုလွှာများဖွင့်ဖောက်ခြင်းနှင့် ကုန်ကျစရိတ်စိစစ်အကဲဖြတ်ခြင်း (Opening of Financial Proposals and Evaluation of Cost)**

၂.၂၃ နည်းပညာဆိုင်ရာအကဲဖြတ်မှုအစီရင်ခံစာ (Technical Evaluation Report) ပြီးဆုံးသောအခါ (Prior Review နှင့်ဆိုင်သော ကန်ထရိုက်များဆိုပါက ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း ထုတ်ပေးပြီးသည့်အခါ) မည်သည့် အကြံပေးများ၏အဆိုပြုလွှာများသည် သတ်မှတ်ထားသော နည်းပညာပိုင်းဆိုင်ရာအရည်အချင်းပြည့်မီမှုရလဒ်ကို မရရှိကြောင်း သို့မဟုတ် RFP နှင့် TOR များတွင်ဖော်ပြထားသည်များနှင့်ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိကြောင်း စသည်တို့အား ငွေချေးယူသူသည် အဆိုပြုလွှာပေးပို့သည့်အကြံပေးပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်ဖြစ်ကာ ၎င်းတို့၏ဘဏ္ဍာရေးအဆိုပြုလွှာများကိုလည်း ဖွင့်ဖောက်ခြင်းမရှိဘဲ ကန်ထရိုက်လက်မှတ်ရေးထိုးမှုများပြီးဆုံးပါက ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း အသိပေးရမည်။ ထို့အပြင် အဆိုပါအကြံပေးတစ်ဦးချင်းထံသို့ ၎င်းတို့ရရှိသည့် ခြုံငုံတွက်ချက်ထားသော နည်းပညာပိုင်းဆိုင်ရာရမှတ်များနှင့် စံနှုန်းနှင့်စံနှုန်းခွဲတစ်ခုစီစသည်ဖြင့် ရရှိခဲ့သော ရမှတ်များကိုလည်း ငွေချေးယူသူမှအသိပေးရမည်။ တစ်ချိန်တည်းတွင် ငွေချေးယူသူသည် ခြုံငုံတွက်ချက်ထားသော နည်းပညာပိုင်းဆိုင်ရာအနည်းဆုံးရမှတ်ကိုရရှိထားသည့် အကြံပေးများထံ ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများ ဖွင့်ဖောက်မည့် နေ့ရက်၊ အချိန်နှင့် နေရာတို့အား အသိပေးအကြောင်းကြားရမည်။ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများဖွင့်ဖောက်မည့်နေ့ရက်အား သက်ဆိုင်သည့်အကြံပေးများ တက်ရောက်နိုင်ကြစေရေး ၎င်းတို့ ပြင်ဆင်မှုများပြုလုပ်နိုင်ရန် လုံလောက်သည့်အချိန်ပေးကာ သတ်မှတ်ရမည်။ ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများ ဖွင့်ဖောက်ခြင်းကိုတက်ရောက်ရန် (လူကိုယ်တိုင်ဖြစ်စေ Online မှဖြစ်စေ) အကြံပေးများ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်ရမည်။ အကြံပေးပုဂ္ဂိုလ်အမည်၊ စံနှုန်းအလိုက်ရရှိသည့်အမှတ်များ အပါအဝင် နည်းပညာပိုင်းဆိုင်ရာရမှတ်နှင့် စုစုပေါင်းအဆိုပြုကုန်ကျစရိတ်များအား ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများ ဖွင့်ဖောက်၍ဖတ်ကြားကြေညာကာ (အကယ်၍ အီလက်ထရောနစ်စနစ်သုံး အဆိုပြုလွှာပေးပို့မှုအားအသုံးပြုပါက

Online တွင်ထုတ်ပြန်ခြင်းဖြင့်) မှတ်တမ်းတင်ရမည်ဖြစ်သည်။ ထို့အပြင် ငွေချေးယူသူသည် ဖွင့်ဖောက်ခြင်း အခမ်းအနားအစီအစဉ်အကြောင်းအရာများအားမှတ်တမ်းတင်ကာ မိတ္တူကူးယူ၍ ဘဏ်နှင့်အဆိုပြုလွှာတင်သွင်းသည့် အကြံပေးအားလုံးထံ လျင်မြန်စွာပေးပို့ရမည်။

၂.၂၄ ငွေချေးယူသူသည် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား အောက်ပါလုပ်ထုံးလုပ်နည်းများအတိုင်း နှိုင်းယှဉ်ကာ စိစစ်အကဲဖြတ်ရမည်။ အဆိုပြုကုန်ကျစရိတ်များအားလည်း RFP ထဲတွင်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူမှရွေးချယ်ထားသည့် တစ်မျိုးတည်းသောငွေကြေး (ပြည်တွင်းသုံးငွေကြေး သို့မဟုတ် လွယ်ကူစွာ ပြောင်းလဲနိုင်သော နိုင်ငံခြားငွေကြေးတစ်ရပ်)အဖြစ်သို့ ပြောင်းလဲပေးရမည်။ ငွေချေးယူသူသည် ထိုကဲ့သို့ ပြောင်းလဲမှုပြုလုပ်ရာတွင် အဆိုပါငွေကြေးများ၏ ငွေကြေးလဲလှယ်မှုရောင်းဈေးနှုန်းများကို အသုံးပြုရမည်ဖြစ်ရာ ဗဟိုဘဏ်ကဲ့သို့တရားဝင်ဌာနများ သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဘဏ်များ သို့မဟုတ် နိုင်ငံတကာဖြန့်ချိသော သတင်းစာများပါဈေးနှုန်းများအား အသုံးပြုရမည်ဖြစ်သည်။ RFP ထဲတွင် အသုံးပြုရမည့်ငွေကြေးလဲလှယ်နှုန်းထား အတွက် ရင်းမြစ်နှင့်နှုန်းထားရယူမည့်နေ့ရက်တို့အားဖော်ပြထားရမည်ဖြစ်ပြီး အဆိုပါနေ့သည် အဆိုပြုလွှာနောက်ဆုံး ပေးပို့ရမည့်ရက်ထက်လေးပတ်ထက်မစောရဘဲ အဆိုပြုလွှာအတည်ဖြစ်မှုသက်တမ်းကုန်ဆုံးမည့်မူလနေ့ရက်ထက်လည်း နောက်မကျရပါ။ အချိန်ကာလကိုအခြေခံထားသည့်ကန်ထရိုက်အတွက်မှု [၂၈] ဖော်ပြထားသည့်ဈေးနှုန်းများသည် သက်ဆိုင်ရာနည်းပညာဆိုင်ရာအဆိုပြုလွှာများတွင်ဖော်ပြထားသော ထည့်ဝင်မည့်အရင်းအမြစ် (Inputs) အားလုံးကို မလွှမ်းခြုံသေးပါက ယင်းဈေးနှုန်းများအား ပြန်လည်ပြင်ဆင်ချိန်ညှိရမည်ဖြစ်ကာ အခြားသင်္ချာတွက်ချက်မှုဆိုင်ရာ အမှားများကိုလည်း ပြင်ဆင်ပေးရမည်ဖြစ်သည်။ တစ်လုံးတစ်ခဲတည်းကုန်ကျမှုအပေါ်အခြေခံသည့် ကန်ထရိုက် အတွက်ဆိုပါက အကြံပေးသည် ကုန်ကျစရိတ်အားလုံးအား ၎င်း၏အဆိုပြုလွှာထဲတွင်ထည့်သွင်းထားရမည်ဖြစ်ပြီး နောက်ထပ်ဈေးနှုန်းပြန်လည်ချိန်ညှိမှုနှင့် သင်္ချာတွက်ချက်မှုဆိုင်ရာအမှားပြင်ဆင်ခြင်းကိုလည်း လိုအပ်မည်မဟုတ်ပဲ အောက်ပါအပိုဒ်ခွဲ ၂.၂၅ အရ သိရှိပြီးဖြစ်သော အသားတင်အခွန်ကျသင့်မှုအပါအဝင် ဘဏ္ဍာရေးအဆိုပြုလွှာထဲတွင် ပါရှိသည့် စုစုပေါင်းကုန်ကျစရိတ်တန်ဖိုးအား အဆိုပြုဈေးနှုန်းအဖြစ် မှတ်ယူရမည်ဖြစ်သည်။

၂.၂၅ စိစစ်အကဲဖြတ်မှုပြုလုပ်ရန်အတွက် အဆိုပြုထားသောဈေးနှုန်းများတွင် ကန်ထရိုက်အပေါ်ကောက်ခံနိုင်မည့် ဖော်ပြနိုင်သော ပြည်တွင်းသွယ်ဝိုက်ခွန်များ [၂၉] နှင့် ပြည်တွင်းအခြေချနေထိုင်သူများမဟုတ်သည့် ကျွမ်းကျင်သူများ၊ အကြံပေး၏အခြားဝန်ထမ်းများအား ငွေချေးယူသူ၏နိုင်ငံအတွင်းလုပ်ကိုင်သည့် ဝန်ဆောင်မှုမှရရှိသည့်ငွေအပေါ် ကောက်ခံမည့် ငွေချေးယူသူနိုင်ငံ၏ဝင်ငွေခွန်များအား ဖယ်ထုတ်ထားရမည်ဖြစ်သည်။ ငွေချေးယူသူအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုမှုများအားစိစစ်အကဲဖြတ်ရာတွင်သွယ်ဝိုက်ခွန်များအား ပြည့်စုံစွာမဖော်ပြနိုင်သည့် အချို့သော ခြွင်းချက်အခြေအနေများတွင် ဘဏ်သည်စိစစ်အကဲဖြတ်နိုင်ရန်အတွက်သာရည်ရွယ်လျက် အဆိုပါဈေးနှုန်းများ၌ ငွေချေးယူသူ၏နိုင်ငံမှ ကောက်ခံနိုင်သည့်အခွန်အခများအားလုံးထည့်သွင်းခြင်းကို သဘောတူကောင်းတူနိုင်သည်။ စုစုပေါင်းကုန်ကျစရိတ်အဆိုပြုဈေးနှုန်းတွင် အကြံပေးများအတွက် အခကြေးငွေနှင့် အခြား ကုန်ကျစရိတ်များ ဖြစ်သည့် ခရီးသွားလာစရိတ်၊ ဘာသာပြန်စရိတ်၊ အစီရင်ခံစာပုံနှိပ်စရိတ် သို့မဟုတ် အတွင်းရေးမှူးခန့်ထားမှု စရိတ်များအားလုံး ပါဝင်ရမည်။ စုစုပေါင်းကုန်ကျစရိတ်ဈေးနှုန်းအနည်းဆုံးရှိသည့်အဆိုပြုလွှာအား ဘဏ္ဍာရေး ဆိုင်ရာရမှတ် ၁၀၀ ပေးရမည်ဖြစ်ပြီး အခြားအဆိုပြုလွှာများအား ၎င်းတို့၏ဈေးနှုန်းများနှင့် ပြောင်းပြန်အချိုးကျသည့် ဘဏ္ဍာရေးဆိုင်ရာရမှတ်များ ပေးရမည်။ အခြားတစ်နည်းအားဖြင့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား အမှတ်ပေးရာတွင် တိုက်ရိုက်အချိုးကျသည့်နည်းလမ်း သို့မဟုတ် အခြားအလားတူ နည်းလမ်းတစ်ရပ်အား အသုံးပြုနိုင်သည်။ အသုံးပြုရမည့်နည်းလမ်းများအား RFP ထဲတွင် ဖော်ပြထားရမည် ဖြစ်သည်။

**အရည်အချင်းနှင့်ကုန်ကျစရိတ်များအားပေါင်းစပ်ကာစိစစ်အကဲဖြတ်ခြင်း (Combined Quality and Cost Evaluation)**

---

[၂၈] အခန်း (၄) ရှိ ကန်ထရိုက်ပုံစံများအား လေ့လာပါ။

[၂၉] နိုင်ငံအဆင့်၊ ပြည်နယ်/ဒေသအဆင့်နှင့် မြူနီစီပါယ်အဆင့်များ၌ ကန်ထရိုက်ဝင်ငွေအပေါ် ကောက်ခံတတ်သည့် အရောင်းခွန်၊ ထပ်ဆင့်တိုးတန်ဖိုးခွန် (VAT)၊ ယစ်မျိုးခွန်နှင့် အခြားအလားတူအခွန်များ၊ စည်းကြပ်ငွေများစသည့်ကဲ့သို့ သွယ်ဝိုက်ခွန်များအားလုံး။

၂.၂၆ အရည်အသွေးနှင့်ကုန်ကျစရိတ်ဆိုင်ရာရမှတ်များအား အလေးပေးမှုများပြုလုပ်ကာပေါင်းထည့်ခြင်းအားဖြင့် စုစုပေါင်းရမှတ်အား ရရှိနိုင်ပါသည်။ ကုန်ကျစရိတ်အတွက်အလေးပေးမှုကို လုပ်ငန်း၏ခက်ခဲရှုပ်ထွေးမှုနှင့် သက်ဆိုင်ရာအရည်အသွေးပိုင်းအရေးပါမှုများအားထည့်သွင်းစဉ်းစားလျက် ရွေးချယ်သတ်မှတ်ရမည်။ အခန်း(၃)တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုအမျိုးအစားများမှလွဲ၍ ကုန်ကျစရိတ်အတွက်အလေးပေးမှုကို အများအားဖြင့် စုစုပေါင်းရမှတ် ၁၀၀ အနက်မှ ၂၀ မှတ်ကို ပေးရမည်။ RFP ထဲတွင် အရည်အသွေးနှင့် ကုန်ကျစရိတ်ဆိုင်ရာ အလေးပေးမှုများကို ဖော်ပြထားပေးရမည်။ စုစုပေါင်းရမှတ်အများဆုံးရရှိသည့်အဖွဲ့အစည်းကိုသာ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန်အတွက် ဖိတ်ကြားရမည်။

## ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်ချုပ်ဆိုခြင်း (Negotiations and the Award of Contract )

၂.၂၇ ညှိနှိုင်းဆွေးနွေးမှုပြုရာတွင် TOR ၊ အသုံးပြုမည့်နည်းလမ်း ၊ ငွေချေးယူသူ၏ပံ့ပိုးမှုနှင့် ကန်ထရိုက်၏ ထူးခြားသောအခြေအနေများစသည်တို့ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးမှုများမှာ TOR သို့မဟုတ် စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအောက်ရှိ ဝန်ဆောင်မှုများ၏မူလအနေအထားအား ပြောင်းလဲစေနိုင်မည်မဟုတ်သည့် အပြင် နောက်ဆုံးထွက်ရှိရမည့်ရလဒ်အရည်အသွေး၊ ဈေးနှုန်းနှင့် ကနဦးစိစစ်အကဲဖြတ်ခြင်းမှ သက်ဆိုင်သည်များ အပေါ်တွင်လည်း ပြောင်းလဲမှုမရှိစေရမည် ဖြစ်သည်။ ရရှိနိုင်သောငွေကြေး (Budget) သို့မဟုတ် ခန့်မှန်းထားသော ကုန်ကျစရိတ်နှင့်ကိုက်ညီစေရန်အတွက်သာ အလုပ်နှင့်သက်ဆိုင်သော ထည့်ဝင်ပံ့ပိုးမှုများအပေါ် အဓိကကျသည့် လျှော့ချမှုများအားဆောင်ရွက်ခြင်း မပြုရပါ။ ကန်ထရိုက်၏တစ်စိတ်တစ်ဒေသဖြစ်သော ဝန်ဆောင်မှုများဆိုင်ရာ ဖော်ပြချက် (Description of Services) တွင်လည်း နောက်ဆုံးသဘောတူညီထားသည့် TOR နှင့် နည်းလမ်းများအား ထည့်သွင်းထားရမည်။

၂.၂၈ ရွေးချယ်ရေးလုပ်ငန်းစဉ်အတွင်းရှိလိုသည်ထက်ပိုသောနှောင့်နှေးမှုများကြောင့် မလွှဲမရှောင်သာဘဲ အစားထိုး ပြုလုပ်ရမှုအပေါ် နှစ်ဖက်စလုံးမှသဘောတူညီမှုမရှိခြင်း သို့မဟုတ် ထိုကဲ့သို့ပြောင်းလဲမှုမျိုးမှာ လုပ်ငန်း၏ ရည်ရွယ်ချက်များအားပြည့်ဝစေဖို့[၆၀] အရေးပါအရာရောက်ခြင်းမျိုးဖြစ်မနေခြင်းစသည်တို့တွင် ရွေးချယ်ခံရသော အဖွဲ့အစည်းသည် အဓိကကျသောကျွမ်းကျင်သူများအတွက်အစားထိုးလဲလှယ်မှုအား ခွင့်ပြုခံရမည်မဟုတ်ပါ။ ဤအခြေအနေမျိုးမဟုတ်ဘဲ အကယ်၍ ကျွမ်းကျင်သူများ၏ရရှိနိုင်မှုအပေါ်အတည်မပြုရသေးပဲ အဆိုပြုလွှာအတွင်း ပါဝင်ခံရကြောင်းခိုင်လုံပါက ရွေးချယ်ထားသည့်အဖွဲ့အစည်းအား အရည်အချင်းပျက်ယွင်းသည်ဟုသတ်မှတ်ကာ အနီးကပ်ဆုံးလျာထားသောအခြားအဖွဲ့အစည်းနှင့် ဆက်လက်ဆောင်ရွက်ရမည်။ အစားထိုးလဲလှယ်ရန်အတွက် အဆိုပြုထားသောအဓိကကျွမ်းကျင်သူများသည် မူလအဆိုပြုထားသည့် အဓိကကျွမ်းကျင်သူများနှင့်အရည်အချင်း တူညီခြင်း သို့မဟုတ် ပိုမိုကောင်းမွန်ခြင်း ရှိရမည်ဖြစ်သည်။[၆၁]

၂.၂၉ ဘဏ္ဍာရေးဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများတွင် ငွေချေးယူသူနိုင်ငံအတွင်း အကြံပေး၏ပေးဆောင်ရန် တာဝန်ရှိသောအခွန်ကိစ္စ (ယင်းကဲ့သို့တစ်ခုခု)အပေါ်ရှင်းလင်းအသိပေးခြင်းနှင့် ကန်ထရိုက်ထဲတွင် ယင်းပေးဆောင်ရန် တာဝန်ရှိသောအခွန်ကိစ္စအား မည်သို့ထည့်သွင်းထား သို့မဟုတ် ထည့်သွင်းမည့်အကြောင်းများ ပါဝင်မည်ဖြစ်သည်။ တစ်လုံးတစ်ခဲတည်းကုန်ကျမှုအပေါ်အခြေခံသည့်ကန်ထရိုက်များအတွက် ပေးချေမှုများကို လုပ်ငန်းပြီးစီး၍အပ်နှံမှုများ (သို့မဟုတ် ထွက်ရှိလာမှုများ) အပေါ် အခြေခံရမည်ဖြစ်ရာ အဆိုပြုကမ်းလှမ်းသောဈေးနှုန်းတွင် ကုန်ကျစရိတ်များ (ကျွမ်းကျင်သူများ၏ အချိန်၊ အထွေထွေစီမံစရိတ်၊ ခရီးသွားလာစရိတ်၊ ဟိုတယ်ခ စသည်) အားလုံး ပါဝင်ရမည်။ နောက်ဆက်တွဲအားဖြင့် တစ်လုံးတစ်ခဲတည်းကုန်ကျမှုအပေါ်အခြေခံသည့်ကန်ထရိုက်များအတွက် ရွေးချယ်မှု နည်းလမ်းတွင် ကုန်ကျစရိတ်အား စိစစ်အကဲဖြတ်ရန်အချက်တစ်ချက်အနေဖြင့်ထည့်သွင်းထားလျှင် အဆိုပြု ကမ်းလှမ်းဈေးနှုန်းအတွက် ညှိနှိုင်းခြင်းမပြုရပါ။ အချိန်ကာလကိုအခြေခံထားသည့်ကန်ထရိုက်များအတွက်မှု ပေးချေမှုအား သုံးစွဲရသည့်သွင်းအားစုများ (ကျွမ်းကျင်သူများ၏အချိန်နှင့်ပြန်လည်ပေးချေစရာများ) အပေါ် အခြေခံ ရမည်ဖြစ်ပြီး အဆိုပြုကမ်းလှမ်းဈေးနှုန်းတွင် ကျွမ်းကျင်သူများအတွက်ပေးရသောအခနှုန်းထားများနှင့် ပြန်လည်

---

[၆၀] RFP ထဲတွင် လက်တွေ့ကျသောအဆိုပြုလွှာ၏သက်တမ်းကာလများထည့်သွင်းထားခြင်းနှင့် ထိရောက်သောအကဲဖြတ်မှုများပြုလုပ်ခြင်းသည် အဆိုပါစွန့်စားရမှုကို လျှော့နည်းစေခြင်း။

[၆၁] အသေးစိတ်အား နောက်ဆက်တွဲ (၂) အပိုဒ်ခွဲ ၁ (တ) တွင် လေ့လာပါ။

ပေးချေစရာများအတွက် ခန့်မှန်းပမာဏတို့လည်း ပါဝင်ရမည်။ ရွေးချယ်မှုနည်းလမ်းတွင် ကုန်ကျစရိတ်အား စိစစ်အကဲဖြတ်ရန်အချက်တစ်ချက်အနေဖြင့်ထည့်သွင်းထားသောအခါ ထူးခြားသောအခြေအနေများဖြစ်သည့် အလားတူကန်ထရိုက်မျိုးအား အကြံပေးများပုံမှန်တောင်းခံသည့်နှုန်းထားထက်များစွာမြင့်မားနေသောအခါမျိုးမှလွဲ၍ ကျွမ်းကျင်သူများအတွက်ပေးရသော အဆိုပါအခန္နှန်းထားများနှင့်ပတ်သက်၍ ညှိနှိုင်းမှုများမလုပ်ရပါ။ နောက်ဆက်တွဲအားဖြင့် ညှိနှိုင်းဆွေးနွေးမှုမပြုရန်တားမြစ်ခြင်းသည် လုပ်ငန်းအပ်နှံသူအနေဖြင့် အဆိုပြုလွှာတင်သူများထံမှ ရှင်းလင်းချက်တောင်းခံပိုင်ခွင့်ရှိခြင်းကို ဟန့်တားရာမရောက်ပဲ အကယ်၍ အခကြေးငွေသည်အလွန်မြင့်မားနေပါက ဘဏ်နှင့်ဆွေးနွေးတိုင်ပင်ပြီးနောက် ၎င်းအတွက်ပြောင်းလဲခြင်းပြုလုပ်ရန် လုပ်ငန်းအပ်နှံသူမှမေးမြန်းတောင်းဆိုနိုင်သည်။ ပြန်လည်ပေးချေစရာများဆိုသည်မှာ မူရင်းပြေစာများပါတန်ဖိုးအရ အမှန်တကယ်သုံးစွဲခဲ့ရသည့် ကုန်ကျစရိတ်များအပေါ်အခြေခံကာ ပေးအပ်ရမည်ဖြစ်သဖြင့် ညှိနှိုင်းဆွေးနွေးမှုနှင့်မသက်ဆိုင်ပေ။ သို့သော် ငွေချေးယူသူသည် အချို့သောပြန်လည်ပေးချေစရာများ (ဥပမာ ခရီးသွားစရိတ်နှင့်ဟိုတယ်နှုန်းထား)အတွက်အမြင့်ဆုံးတန်ဖိုးပမာဏကို သတ်မှတ်ချင်ပါက အဆိုပါ နှုန်းထားများအတွက်အမြင့်ဆုံးပမာဏများ သို့မဟုတ် နေ့တွက်စရိတ် (Per Diem) အား RFP ထဲတွင် သတ်မှတ်ဖော်ပြထားသင့်သည်။

၂.၃၀ အကယ်၍အမှတ်အများဆုံးရရှိထားသောအကြံပေးနှင့်ညှိနှိုင်းဆွေးနွေးမှုများမအောင်မြင်ပါက ငွေချေးယူသူသည် သက်ဆိုင်ရာအကြံပေးထံ ဆိုင်းငံ့ထားသောကိစ္စရပ်များနှင့် သဘောထားကွဲလွဲသည့်အချက်များအားလုံးကို စာဖြင့်ရေးသားအသိပေးကာ ၎င်းတို့အား နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် စာဖြင့် ပြန်လည်ဖြေရှင်းခွင့်ပေးရမည်။ ကန်ထရိုက်ညှိနှိုင်းဆွေးနွေးမှုများအား လျာထားငွေ (Budget) ကိစ္စများကြောင့် ရပ်ဆိုင်းခြင်းမလုပ်ရပါ။ အကယ်၍ သဘောထားကွဲလွဲမှုရှိသေးပါက ငွေချေးယူသူသည် ၎င်းအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများရပ်ဆိုင်းလိုမှုအား အကြံပေးထံ စာဖြင့်ရေးသားအသိပေးရမည်။ ဘဏ်ထံမှကန့်ကွက်ရန်မရှိမှုအားရရှိပြီးသည့်နောက် ညှိနှိုင်းဆွေးနွေးမှု များအား ရပ်ဆိုင်းခြင်းပြုလုပ်နိုင်မည်ဖြစ်ကာ အနီးကပ်ဆုံးအမှတ်ရရှိထားသည့် အခြားအကြံပေးတစ်ဦးအား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် ထပ်မံဖိတ်ခေါ်ရမည်။ ငွေချေးယူသူသည်ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာမှတ်တမ်းတင်ထားမှုများနှင့် အခြားဆက်စပ်အချက်အလက်များအား ဘဏ်မှသုံးသပ်စစ်ဆေးမှုပြုနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများအားရပ်ဆိုင်းရသည့် အကြောင်းအရင်းများနှင့်တကွပေးပို့ရမည်။ အခြား အကြံပေးပုဂ္ဂိုလ်တစ်ဦးနှင့်ညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်သောအခါ ငွေချေးယူသူသည် ယခင်ညှိနှိုင်းဆွေးနွေးမှုများအား ပြန်လည်ဖွင့်ကြည့်ခြင်း မပြုလုပ်ရပါ။ ညှိနှိုင်းဆွေးနွေးမှုများအောင်မြင်စွာပြီးဆုံးသွား၍ နှစ်ဘက်စလုံးမှသဘောတူလက်မှတ်တိုရေးထိုးထားသော ညှိနှိုင်းထားသည့် ကန်ထရိုက်အပေါ် ဘဏ်မှကန့်ကွက်ရန်မရှိထုတ်ပေးပြီးပါက ငွေချေးယူသူသည် ဆန်ခါတင်စာရင်းပါအခြားသူများထံသို့ ၎င်းတို့အရွေးမခံရကြောင်းကို လျင်မြန်စွာ အသိပေးအကြောင်းကြားရမည်။

**ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်းထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract)**

၂.၃၁ ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်းထုတ်ပြန်ကြေညာခြင်း လုပ်ငန်းအဆင့်ဆင့်ကို နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည်။

**ငွေချေးယူသူမှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Borrower)**

၂.၃၂ အပိုဒ်ခွဲ ၂.၃၁ တွင် ရည်ညွှန်းသည့်အတိုင်း ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်း အများသိစေရန်ကြေညာသည့်အခါ ငွေချေးယူသူအနေဖြင့် အဆိုပြုလွှာပေးပို့သည့်မည်သည့်အကြံပေးမဆို မိမိတို့၏အဆိုပြုလွှာအဘယ့်ကြောင့်ရွေးချယ်ခြင်းမခံရသည်ကို သိရှိလိုပါက ဆက်သွယ်၍ ရှင်းလင်းချက်တောင်းဆိုမေးမြန်းနိုင်ကြောင်း ထည့်သွင်းဖော်ပြရမည်။ ထိုသို့ မေးမြန်းလာပါကလည်း ငွေချေးယူသူအနေဖြင့် ယင်းအဆိုပြုလွှာကို အဘယ့်ကြောင့်ရွေးချယ်မှုမပြုခြင်းဖြစ်ကြောင်းကို စာလျင်စွာစာဖြင့်ရေးသား၍ ရှင်းလင်းပြောကြားပေးရမည်။ အကယ်၍ အကြံပေးတစ်ဦးက အဆိုပြုလွှာရွေးချယ်မှုဆိုင်ရာ အပြီးသတ်ရှင်းလင်းတင်ပြခြင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ပေးရန်တောင်းဆိုလာပါက ထိုသို့အစည်းအဝေးပြုလုပ်ခြင်းအတွက်ကုန်ကျမည့်ကုန်ကျစရိတ်များကို ယင်းသို့တောင်းဆိုမှုပြုသည့်အကြံပေးက ကျခံပေးရမည်ဖြစ်သည်။

**အဆိုပြုလွှာအားလုံးကိုပယ်ချခြင်းနှင့် ပြန်လည်ဖိတ်ခေါ်ခြင်း (Rejection of All Proposals, and Re-invitation)**

၂.၃၃ ငွေချေးယူသူအနေဖြင့် (၁) အဆိုပြုလွှာအားလုံးသည် TOR ထဲပါ အရေးပါသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသဖြင့် သို့မဟုတ် အပိုဒ်ခွဲ ၂.၂၁ ပါ TOR နှင့်ကိုက်ညီရန်အတွက် အဓိကကျသည့် လိုအပ်ချက်များ ရှိနေသဖြင့် ၄င်းတို့အနေဖြင့်ကန်ထရိုက်နှင့်လိုက်လျောညီညွတ်မှုမရှိခြင်း သို့မဟုတ် (၂) အဆိုပြုလွှာများသည် RFP ထဲတွင်ဖော်ပြထားသည့် နည်းပညာဆိုင်ရာအနိမ့်ဆုံးရမှတ်ကိုမရရှိကြခြင်း သို့မဟုတ် (၃) အောင်မြင်သော အဆိုပြုလွှာ၏တောင်းခံသည့်ကုန်ကျစရိတ်သည် ရရှိနိုင်သောခွင့်ပြုငွေကြေးပမာဏ သို့မဟုတ် မကြာသေးမီက ပြင်ဆင်ထားသည့် ခန့်မှန်းကုန်ကျပမာဏထက်များစွာကျော်လွန်နေခြင်းစသည့် အခြေအနေများရှိနေမှသာလျှင် အဆိုပြုလွှာများအား စိစစ်သုံးသပ်ကာ ပယ်ချရမည်။ နောက်ပိုင်းဖြစ်စဉ်ကဲ့သို့ အကြောင်းအရင်းများတွင် ပြန်လည်ဖိတ်ခေါ်ခြင်းအစား အခြားနည်းလမ်းတစ်ရပ်အနေဖြင့် ခွင့်ပြုငွေကြေးပမာဏကိုတိုးမြှင့်ပေးနိုင်မှုအလားအလာ သို့မဟုတ် ရွေးချယ်ခံရသူမှလုပ်ဆောင်ပေးရမည့် ဝန်ဆောင်မှုအတိုင်းအတာအား လျှော့ချပေးနိုင်မှုအလားအလာ များအား ဘဏ်နှင့်တိုင်ပင်ဆွေးနွေးကာ ရှာဖွေစူးစမ်းမှုပြုလုပ်ရမည်။ သို့သော် အပိုဒ်ခွဲ ၂.၂၇ နှင့်အညီ မည်သည့် ကြီးမားသောဝန်ဆောင်မှုအတိုင်းအတာလျှော့ချမှုမျိုးမဆို လက်သင့်ခံရမည်မဟုတ်ဘဲ ပြန်လည်၍ဖိတ်ခေါ်ရန် လိုအပ်မည်ဖြစ်သည်။ အချိန်ကာလကိုအခြေခံထားသည့်ကန်ထရိုက်တစ်ခုတွင် ကုန်ကျစရိတ်မှာစိစစ်အကဲဖြတ်ရန် အချက်တစ်ချက်ဖြစ်နေလျှင် အကြံပေးပုဂ္ဂိုလ်အဆိုပြုထားသည့် လအလိုက်လူအရေအတွက်အား ပြန်လည် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နိုင်ပြီး လုပ်ငန်းအရည်အသွေးပိုင်း သို့မဟုတ် ထိခိုက်နစ်နာမှုများမရှိစေရန်လည်း ဆွေးနွေးသဘောတူထားရမည်။ ယင်းကဲ့သို့ကိစ္စရပ်များတွင် ကျွမ်းကျင်သူများအတွက် အခကြေးငွေနှုန်းထားများအား အများအားဖြင့် အပိုဒ်ခွဲ ၂.၂၉ ပါ ညွှန်ကြားချက်အတိုင်း ညှိနှိုင်းဆွေးနွေးမှု မပြုလုပ်ရပါ။

၂.၃၄ အဆိုပြုလွှာအားလုံးကိုပယ်ချကာ အဆိုပြုလွှာအသစ်များ ပြန်လည်ဖိတ်ခေါ်ခြင်းမပြုမီ အဆိုပြုလွှာများအား ပယ်ချရသည့်အကြောင်းအရင်းများနှင့်တကွ ငွေချေးယူသူသည် ယင်းကိစ္စအတွက် ဘဏ်သို့အသိပေးရမည်ဖြစ်ကာ ဆက်လက်၍ ထပ်မံပယ်ချမှုပြုလုပ်ခြင်းနှင့် နောက်တစ်ဖန်လုပ်ငန်းစဉ်များမပြုလုပ်သေးမီ ဘဏ်မှ ကန့်ကွက်ရန်မရှိ ရယူရမည်ဖြစ်သည်။ နောက်တစ်ဖန်လုပ်ငန်းစဉ်များတွင် TOR အပါအဝင် RFP ၊ ဆန်ခါတင်စာရင်းနှင့် ခွင့်ပြုငွေကြေးပမာဏများအား ပြင်ဆင်မွမ်းမံခြင်း တို့ပါဝင်သည်။ အဆိုပါ ပြင်ဆင်မွမ်းမံမှုများအပေါ်လည်း ဘဏ်မှ သဘောတူညီမှုရှိရမည် ဖြစ်သည်။

**လျှို့ဝှက်ထားမှု (Confidentiality)**

၂.၃၅ အဆိုပြုလွှာများအားစိစစ်အကဲဖြတ်ခြင်းနှင့် ရွေးချယ်ရန်ထောက်ခံတင်ပြခြင်းတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အဆိုပြုလွှာတင်သည့်အကြံပေးပုဂ္ဂိုလ်များ သို့မဟုတ် ဤလုပ်ငန်းစဉ်များနှင့် တရားဝင် မသက်ဆိုင်သည့်အခြားပုဂ္ဂိုလ်များထံ အပိုဒ်ခွဲ ၂.၂၃ နှင့် ၂.၃၀ ပါပြဋ္ဌာန်းချက်များအရမှလွဲ၍ ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းအား အများသူငါသိရှိရန်ကြေညာခြင်းမပြုမီအချိန်အထိ အသိပေးအကြောင်းကြားခြင်း မပြုရ။

## ၃။ အခြားရွေးချယ်ရေးနည်းလမ်းများ
## III. OTHER METHODS OF SELECTION

**အထွေထွေ (General)**

၃.၁ ဤအခန်းတွင် QCBS နည်းလမ်းမှလွဲ၍ အခြားနည်းလမ်းများနှင့် ၎င်းတို့ကိုလက်ခံကျင့်သုံးနိုင်သော အခြေအနေများနှင့်တကွ ဖော်ပြထားသည်။ အခန်း (၂) ပါပြဋ္ဌာန်းချက်များကို အခန်း (၃) ရှိ အခြားရွေးချယ်ရေး နည်းလမ်းများတွင် ဆက်လက်အသုံးပြုရမည်။ အခန်း(၃) တွင် အခန်း(၂)နှင့်မတူညီသော ပြဋ္ဌာန်းချက်များ သီးခြား သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုအချက်များကို အသုံးပြုရမည်။ [၆၂] ငွေချေးယူသူများသည် ဘဏ်မှထုတ်ပေးထားသည့် သက်ဆိုင်ရာစံသတ်မှတ်ထားသော RFP အား ဘဏ်မှလက်ခံနိုင်ပြီး စီမံကိန်း၏အခြေအနေနှင့်အညီလိုအပ်သလို ပြင်ဆင်ပြောင်းလဲမှုအနည်းဆုံးပြုလုပ်ကာ အသုံးပြုရမည်ဖြစ်ရာ ဤအခန်းရှိ အပိုဒ်ခွဲ ၃.၈၊ ၃.၁၂၊ ၃.၁၃၊ ၃.၁၄ နှင့် ၃.၁၅ များပါ ခြွင်းချက်အခြေအနေများမှ လွဲ၍ဖြစ်သည်။

**အရည်အသွေးအခြေပြုရွေးချယ်ခြင်း (Quality-Based Selection/ QBS)**

၃.၂ QBS နည်းလမ်းသည် အောက်ပါစီမံကိန်းလုပ်ငန်းအခြေအနေအမျိုးအစားများအတွက် သင့်လျော်မှုရှိသည်။

(က) အကြံပေးထံမှလိုအပ်သောထည့်ဝင်ပံ့ပိုးမှုနှင့် တိကျပြည့်စုံသော TOR အား သတ်မှတ်ဖော်ပြရန် ခက်ခဲ တတ်သောရှုပ်ထွေးသည့် သို့မဟုတ် အထူးပြုဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းများဖြစ်သည့်အပြင် လုပ်ငန်းအပ်နှံသူအနေဖြင့်လည်း အကြံပေးများအား ၎င်းတို့၏အဆိုပြုလွှာများတွင် တီထွင်ဖန်တီးမှု လုပ်ဆောင်မှုများ သရုပ်ပြဖော်ပြ ပါဝင်စေလိုသည့် (ဥပမာ - နိုင်ငံလုံးဆိုင်ရာစီးပွားရေး သို့မဟုတ် ကဏ္ဍအလိုက်လေ့လာဆန်းစစ်မှု ၊ ကဏ္ဍပေါင်းစုံဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှု၊ အန္တရာယ်ရှိသော စွန့်ပစ်ရေဆိုးများသန့်စင်ရေးစက်ရုံဆောက်လုပ်မှုဒီဇိုင်း သို့မဟုတ် မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာအစီအစဉ် ရေးဆွဲခြင်း၊ ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးများ) စီမံကိန်းလုပ်ငန်းများ။

(ခ) အတော်ဆုံးသောကျွမ်းကျင်သူများရရှိရေးအတွက်ရည်ရွယ်ချက်ထားရှိသည့်အပြင် အထက်မှအောက်သို့ အကျိုး သက်ရောက်မှုကြီးမားသော (ဥပမာ- ကြီးမားသောဆည်မြောင်းတာတမံများကဲ့သို့ အဓိကကျသည့် အခြေခံ အဆောက်အအုံများအတွက် ဖြစ်မြောက်နိုင်စွမ်းနှင့်ဖွဲ့စည်းမှုဆိုင်ရာအင်ဂျင်နီယာဒီဇိုင်းရေးဆွဲခြင်း) နိုင်ငံတော် ခမ်းနားတိုးတက်ရေးမူဝါဒဆိုင်ရာလေ့လာမှုများ၊ ကြီးမားသောအစိုးရအဖွဲ့အစည်းများအတွက်စီမံခန့်ခွဲမှုဆိုင်ရာ လေ့လာမှုများစသည့် စီမံကိန်းလုပ်ငန်းများ။

(ဂ) စီမံကိန်းလုပ်ငန်းများအား ခြားနားသောနည်းလမ်းအမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်ပြီး အဆိုပြုလွှာများကို နှိုင်းယှဉ်စရာမလိုအပ်သည့် (ဥပမာ- စီမံခန့်ခွဲမှုပိုင်းအကြံပေးမှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် ဆန်းစစ်သုံးသပ်မှု အရည်အသွေးအပေါ်မူတည်သောကဏ္ဍအလိုက်နှင့်မူဝါဒဆိုင်ရာလေ့လာမှုများစသည်ဖြင့်)စီမံကိန်းလုပ်ငန်းများ။

၃.၃ QBS နည်းလမ်းအရ RFP ထဲတွင် နည်းပညာဆိုင်ရာအဆိုပြုလွှာတစ်မျိုးတည်းကိုသာ တောင်းဆိုခြင်း (ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာမပါဘဲ) သို့မဟုတ် တစ်ပြိုင်နက်တည်း နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာနှစ်မျိုးစလုံးအား သီးခြားစာအိတ်ကိုယ်စီဖြင့်တောင်းဆိုခြင်း (စာအိတ် ၂ အိတ်အသုံးပြုစနစ်) ကို ပြုလုပ် နိုင်သည်။ RFP သည် ခန့်မှန်းခွင့်ပြုငွေပမာဏ သို့မဟုတ် အရေးပါသောကျွမ်းကျင်သူများအတွက် လိုအပ်သည့် ခန့်မှန်းအချိန်ကာလကို ဖော်ပြပေးနိုင်ရာ အဆိုပါ အချက်အလက်များသည် ရှင်းလင်းဖော်ပြချက်တစ်ရပ်သာဖြစ်၍

---

[၆၂] ဥပမာအားဖြင့် ငွေချေးယူသူတစ်ယောက်သည် (၁) QBS နည်းလမ်းတွင်စာအိတ်နှစ်အိတ်အသုံးပြုရမည့်နည်းလမ်းအစား စာအိတ်တစ်အိတ်တည်းအသုံးပြုခြင်း (၂) FBS နည်းလမ်းအရ RFP ထဲတွင် လအလိုက်လူအရေအတွက်ခန့်မှန်းစာရင်းအား မဖော်ပြထားခြင်း (၃) SSS နည်းလမ်းအောက်တွင် EOI နည်းလမ်း တစ်ရပ်အားအသုံးမပြုထားခြင်း သို့မဟုတ် CQS နည်းလမ်းအောက်တွင် EOI များအား UNDB ၌ ကြော်ငြာမှုမလုပ်ထားခြင်း (၄) အလွန်သေးငယ်သောတန်ဖိုးရှိသည့်ကန်ထရိုက်များ (စာမျက်နှာအောက်ခြေမှတ်စုနံပါတ်– ၄၆ တွင်လေ့လာပါ) အတွက် CQS ကဲ့သို့ နည်းလမ်းအသုံးပြုရာတွင် ဘဏ်၏စံသတ်မှတ်ထားသည့် RFP နှင့် ကန်ထရိုက်ပုံစံများကိုအသုံးမပြုခြင်း (၅) QBS ၊ CQS သို့မဟုတ် SSS နည်းလမ်းတစ်ရပ်ရပ်အရ သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးကျင့်ဝတ်အရ ဈေးနှုန်းညှိနှိုင်းမှုများဆောင်ရွက်ခြင်းအားခွင့်ပြုခြင်း (၆) အပိုဒ်ခွဲ ၃.၁၂ နှင့်အညီ ငွေချေးယူသူနိုင်ငံတွင်းရှိ စနစ်များအားအသုံးပြုခြင်း (UCS) ရေ့ပြေးအစီအစဉ်အရ အကြံပေးအားရွေးချယ်ခြင်း (၇) ပစ္စည်းဝယ်ယူရေးကိုယ်စားလှယ်တစ်ဦး၊ စစ်ဆေးရေးကိုယ်စားလှယ် တစ်ဦး၊ ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ဘဏ် သို့မဟုတ် စာရင်းစစ်တစ်ဦးအားငှားရမ်းရာတွင် ၂၀ ရာခိုင်နှုန်း ထက်ပိုသည့်ဈေးနှုန်းအချက်အား အသုံးပြုခြင်း (၈) ကူးသန်းရောင်းဝယ်ရေးကျင့်ဝတ်များအောက်ရှိ QCBS လုပ်ထုံးလုပ်နည်းများအားလိုက်နာမှုမရှိခြင်း စသည်ဖြင့် ။

အကြံပေးများအနေဖြင့် မိမိတို့၏ခန့်မှန်းတွက်ချက်မှုများအား လွတ်လပ်စွာ ပြုလုပ်နိုင်ကြောင်း ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၃.၄ အကယ်၍နည်းပညာဆိုင်ရာအဆိုပြုလွှာများကိုသာဖိတ်ခေါ်ထားပါက ယင်းအဆိုပြုလွှာများအား QCBS ထဲပါ နည်းလမ်းကိုအသုံးပြုလျက် စိစစ်အကဲဖြတ်ပြီးသည့်နောက် ငွေချေးယူသူသည် နည်းပညာဆိုင်ရာရမှတ်အများဆုံး ရရှိသည့်အကြံပေးအား အသေးစိတ်ပြင်ဆင်ထားသောဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာပေးပို့ရန် တောင်းခံနိုင်သည်။ ထို့နောက် ငွေချေးယူသူနှင့်အကြံပေးတို့သည် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာနှင့် ကန်ထရိုက်ကိစ္စ ညှိနှိုင်းဆွေးနွေး ရမည်။[၆၃] ရွေးချယ်ရေးဆိုင်ရာလုပ်ငန်းစဉ်ပါ အခြားသောအခြေအနေအစိတ်အပိုင်းများအားလုံးသည်လည်း QCBS ပါ အချက်များနှင့်တူညီရမည်ဖြစ်ရာ နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၂.၃၁ နှင့် ၇ တို့အရ ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီးကြောင်း ထုတ်ပြန်ကြေညာခြင်းလည်း အပါအဝင် ဖြစ်သည်။ ခြွင်းချက်အားဖြင့် အနိုင်ရသွားသောအဖွဲ့၏ စာချုပ်တန်ဖိုးကိုသာ ကြေညာရမည်။ အကယ်၍ အကြံပေးများအား ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာနှင့်အတူ နည်းပညာဆိုင်ရာအဆိုပြုလွှာကိုပါ တစ်ပါတည်းပေးပို့ရန်ဖိတ်ခေါ်ထားပါက QCBS မှာကဲ့သို့ပင် လုံခြုံစိတ်ချရသည့် အစီအမံများချမှတ်ထားရမည်ဖြစ်ရာ ရွေးချယ်ခံရသောအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာကိုသာ ဖွင့်ဖောက်စေရန်နှင့် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်ပြီးသည့်နောက် ကျန်အဆိုပြုလွှာများကိုဖွင့်ဖောက်ခြင်းမပြုဘဲပြန်လည် ပေးပို့ရန်တို့ ပါဝင်ရမည်။

## ပုံသေခွင့်ပြုငွေကြေးပမာဏအရရွေးချယ်ခြင်း (Selection under a Fixed Budget/ FBS)

၃.၅ လုပ်ဆောင်ရမည့်လုပ်ငန်းအနေဖြင့် ရိုးရှင်းကာတိတိကျကျသတ်မှတ်ပေးနိုင်သည့်အခါမျိုးနှင့် ခွင့်ပြုငွေကြေး ပမာဏမှာလဲ ပုံသေသတ်မှတ်ထားသောအခြေအနေမျိုးဖြစ်မှသာ ဤနည်းလမ်းနှင့်သင့်တော်သည်။ RFP ထဲတွင် ခွင့်ပြုနိုင်သောငွေကြေးပမာဏကိုထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ယင်းပမာဏနှင့်အညီ အကြံပေးများအား ၎င်းတို့၏နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာအကောင်းဆုံးအဆိုပြုလွှာများကို သီးခြားစာအိတ်တစ်အိတ်စီဖြင့် ပေးပို့ကြရန် တောင်းခံနိုင်သည်။ မျှော်လင့်ထားသောလုပ်ငန်းဆောင်တာများအား အကြံပေးများဆောင်ရွက်ရာတွင် ခွင့်ပြုနိုင်သော ငွေကြေးပမာဏသည်လုံလောက်မှုရှိစေရန်အတွက် TORအား ကောင်းစွာပြင်ဆင်ထားရမည်။ RFP တွင်ခွင့်ပြုနိုင်သော ငွေကြေးပမာဏ၌ ငွေချေးယူသူနိုင်ငံအတွင်းပေးဆောင်ရမည့်အခွန်များနှင့်စည်းကြပ်ငွေများ ပါဝင်ခြင်း ရှိမရှိနှင့် လုပ်ငန်းအပ်နှံသူမှပံ့ပိုးမည့် မည်သည့်သွင်းအားစုမဆို၏ဈေးနှုန်းအား ရှင်းလင်းစွာ ဖော်ပြထားရမည်ဖြစ်သည်။ နည်းပညာဆိုင်ရာအဆိုပြုလွှာများစိစစ်အကဲဖြတ်ခြင်းအား QCBS ပါ နည်းလမ်းများအတိုင်း ဦးစွာပြုလုပ်ရမည်။ ထို့နောက် အပိုဒ်ခွဲ ၂.၂၃ ပါ စည်းကမ်းချက်များအတိုင်း ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများကို ဖွင့်ဖောက် စစ်ဆေးရမည်။ ခွင့်ပြုနိုင်သောငွေကြေးပမာဏထက်ပိုသောအဆိုပြုလွှာများကို ပယ်ချရမည်။ အမှတ်အများဆုံး ရရှိသည့် နည်းပညာဆိုင်ရာအဆိုပြုလွှာပေးပို့သည့် အကြံပေးအားရွေးချယ်၍ ကန်ထရိုက်ကိစ္စအတွက် ညှိနှိုင်း ဆွေးနွေးရန် ဖိတ်ကြားရမည်။ ကန်ထရိုက်စာချုပ်ရရှိကြောင်းကို နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၇ တွင် ဖော်ပြ ထားသည့်အတိုင်း ထုတ်ပြန်အသိပေးရမည်။

## အနည်းဆုံးကုန်ကျစရိတ်အားရွေးချယ်ခြင်း (Least-Cost Selection/ LCS)

၃.၆ စံနှုန်းသတ်မှတ်မှုများရှိသည့်အပြင် လုပ်ကိုင်ရမည့်နည်းလမ်းများကောင်းစွာချမှတ်ထားသောစံနှုန်းလိုအပ်သည့် သို့မဟုတ် ပုံမှန်လုပ်ရိုးလုပ်စဉ်သဘာဝရှိသည့် (ဥပမာ– စာရင်းစစ်ခြင်း၊ ရှုပ်ထွေးမှုမရှိသည့်တည်ဆောက်ရေး ဆိုင်ရာ အင်ဂျင်နီယာဒီဇိုင်းဆွဲခြင်းစသည်ဖြင့်) လုပ်ငန်းတစ်ရပ်အတွက် အကြံပေးများအားရွေးချယ်ရာတွင် ဤနည်းလမ်းမှာ ယေဘုယျအားဖြင့်သင့်တော်သည်။ ဤနည်းလမ်းအောက်တွင် အရည်အသွေးသတ်မှတ်ရန်အတွက် အရည်အသွေးပြည့်မီမှုအနိမ့်ဆုံးရမှတ်အား သတ်မှတ်ထားရမည်။ ဆန်ခါတင်စာရင်းမှတစ်ဆင့် အဆိုပြုလွှာများအား စာအိတ်နှစ်အိတ်ဖြင့်ပေးပို့ရန် ဖိတ်ခေါ်နိုင်သည်။ နည်းပညာဆိုင်ရာအဆိုပြုလွှာများအား ဦးစွာဖွင့်ဖောက်စစ်ဆေးကာ

---

[၆၃] QBS နည်းလမ်းအရ ဘဏ္ဍာရေးဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများတွင် အကြံပေးပုဂ္ဂိုလ်များရရှိမည့်အခကြေးငွေနှင့် အခြား အသုံးစရိတ်များအတွက် ညှိနှိုင်း ဆွေးနွေးမှုများပါဝင်သည်။

စိစစ်အကဲဖြတ်ရမည်။ အရည်အသွေးပြည့်မီမှုအနိမ့်ဆုံးရမှတ်အား [၆၆] မရရှိသည့် အဆိုပြုလွှာများအားပယ်ချကာ ကျန်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများကိုလည်း အပိုဒ်ခွဲ ၂.၂၃ ပါစည်းကမ်းချက်များအတိုင်း ဖွင့်ဖောက်စစ်ဆေးရမည်။ ထို့နောက် အနည်းဆုံးကုန်ကျစရိတ်အားတောင်းခံသည့်အဖွဲ့အစည်းကို ရွေးချယ်ရမည်။ ဤနည်းလမ်းအရ အရည်အသွေးပြည့်မီမှုအနိမ့်ဆုံးရမှတ်သတ်မှတ်ပြီး အနိမ့်ဆုံးရမှတ်အထက်တွင်ရှိသော အဆိုပြုလွှာများအားလုံးမှာ ကုန်ကျစရိတ်အပေါ်တွင်သာပြိုင်ဆိုင်ကြရကြောင်း နားလည်ရမည်ဖြစ်သည်။ အရည်အသွေးပြည့်မီမှုအနိမ့်ဆုံးရမှတ်အား RFP ထဲတွင် ထည့်သွင်းဖော်ပြထားရမည်။ ကန်ထရိုက်စာချုပ်ရရှိကြောင်းကို နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပြန်အသိပေးရမည်။

**အကြံပေးများ၏အရည်အချင်းများအပေါ်အခြေပြုရွေးချယ်ခြင်း (Selection Based on the Consultants' Qualifications/ CQS)**

၃.၇ ဤ CQS နည်းလမ်းအား ဘဏ်မှအသိအမှတ်ပြုကာ ငွေချေးယူသူမှကြေညာထားသော အရေးပေါ်အခြေအနေများနှင့်သေးငယ်သော [၆၇] လုပ်ငန်းအမျိုးအစားများအတွက်အသုံးပြုနိုင်ပြီး RFP ထုတ်ဝေခြင်း၊ အဆိုပြုလွှာများပြိုင်ဆိုင်မှုအတွက်ပြင်ဆင်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းစသည့်လိုအပ်မှုများအား ထည့်သွင်းလုပ်ဆောင်ရန် မလိုအပ်ပါ။ သို့သော် ဤကဲ့သို့ကိစ္စရပ်များတွင် ငွေချေးယူသူသည် TOR အားပြင်ဆင်ကာ အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှုဖော်ပြလွှာများအား လုပ်ထုံးလုပ်နည်းအတိုင်း REOI ကို အသုံးပြုကာ တတ်နိုင်သမျှရယူရမည်ဖြစ်ရာ ယင်းစိတ်ဝင်စားမှုဖော်ပြလွှာတွင် ၎င်းတို့၏ အတွေ့အကြုံနှင့်အရည်အချင်းများ ပါဝင်နေရမည်ဖြစ်ပြီး အနည်းဆုံးအားဖြင့်သက်ဆိုင်ရာအတွေ့အကြုံရှိသည့် အဖွဲ့အစည်း (၃) ဖွဲ့ထံမှ ရယူရန် လိုအပ်သည်။ လုပ်ငန်းအတွက် လိုအပ်သောအတွေ့အကြုံနှင့်အရည်အချင်းကိုက်ညီမှုရှိသောအဖွဲ့အစည်းများအား နှိုင်းယှဉ်အကဲဖြတ်မှုများပြုလုပ်ကာ အရည်အချင်းအပြည့်အဝဆုံးနှင့် အတွေ့အကြုံအများဆုံးရှိသောအဖွဲ့အစည်းအား ရွေးချယ်ရမည်။ ရွေးချယ်ထားသည့်အဖွဲ့အစည်းကိုသာလျှင် နည်းပညာပိုင်းနှင့် ဘဏ္ဍာရေးပိုင်းတွဲဖက်ပါဝင်သော အဆိုပြုလွှာတစ်စောင်ပေးပို့ရန်တောင်းခံနိုင်ပြီး အကယ်၍ ၎င်း၏အဆိုပြုလွှာသည်လိုအပ်ချက်များနှင့်ကိုက်ညီကာလက်ခံဖွယ်ရာဖြစ်ပါက ကန်ထရိုက်ကိစ္စ ညှိနှိုင်းဆွေးနွေးမှုပြုရန် ဖိတ်ခေါ်ရမည်။ အဆိုပြုလွှာ၏ နည်းပညာပိုင်းနှင့်ဘဏ္ဍာရေးပိုင်းနှစ်ရပ်စလုံးအား ညှိနှိုင်းဆွေးနွေးရမည်။ အကယ်၍ ရွေးချယ်ထားသောအဖွဲ့အစည်းနှင့် ညှိနှိုင်းဆွေးနွေးမှုပျက်ပြယ်သွားပါက အပိုဒ်ခွဲ ၂.၃၀ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်လုပ်ဆောင်ရမည်။ ညှိနှိုင်းဆွေးနွေးမှုနှင့်သက်ဆိုင်သောအကြောင်းအရာနှင့်အချက်အလက်များအားမှတ်တမ်းတင်ကာ နှစ်ဖက်စလုံးမှ လက်မှတ်ရေးထိုးရမည်။ ကန်ထရိုက်စာချုပ်ရရှိကြောင်းကို နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပြန်အသိပေးရမည်။

**အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်း (Single-Source Selection/ SSS)**

၃.၈ အကြံပေးပုဂ္ဂိုလ်များအားအရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်းသည် အရည်အသွေးနှင့် ကုန်ကျစရိတ်ပိုင်းအလို့ငှာ ယှဉ်ပြိုင်မှုအကျိုးရလဒ်ကိုမရရှိစေနိုင်သည့်အပြင် ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုလျော့နည်းစေခြင်းနှင့်လက်မခံနိုင်သောလုပ်ထုံးလုပ်နည်းများကိုလည်း အားပေးရာရောက်စေသည်။ ထို့ကြောင့် ဤနည်းလမ်းအားအချို့သော ခြွင်းချက်ပြုရမည့်ကိစ္စရပ်များတွင်သာ အသုံးပြုရန်လိုအပ်သည်။ အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်မှုပြုလုပ်ရာတွင် လုပ်ငန်းအပ်နှံသူနှင့် စီမံကိန်း၏အကျိုးစီးပွားများနှင့် ဘဏ်၏သက်ဆိုင်သောတာဝန်များဖြစ်သည့် ငွေကြေးအလေအလွင့်မရှိစေရန်နှင့်လုပ်ငန်းများထိရောက်စွာလုပ်ဆောင်နိုင်စေရန်၊ အရည်အချင်းပြည့်ဝသောအကြံပေးများအားတန်းတူအခွင့်အရေးပေးရန်စသည့် အချက်များအားလုံးကို ထည့်သွင်းစဉ်းစားပြီးမှဆုံးဖြတ်ရမည်ဖြစ်သည်။

---

[၆၆] ဤနည်းလမ်းအား QCBS အတွက် အစားထိုးနည်းလမ်းတစ်ရပ်အနေဖြင့်အသုံးပြုရမည်မဟုတ်ဘဲ တင်းကျပ်သည့် စံနှုန်းသတ်မှတ်ချက်ဖြင့် နည်းပညာပိုင်းအလွန်လုပ်ရိုးလုပ်စဉ်ဆန်ကာ ညဏ်ရည်ညဏ်သွေးပိုင်းကိုသာမညအဆင့်ထားရှိသည့် တစ်ချို့သောကိစ္စရပ်များအတွက်သာလျှင် အသုံးပြုရမည်။ ဤနည်းလမ်း အတွက် အရည်အသွေးပြည့်မီမှုအနိမ့်ဆုံးရမှတ်အား '၇၀' သို့မဟုတ် ၎င်းအထက်အား သတ်မှတ်ပေးရမည်။

[၆၇] ကိစ္စရပ်တစ်ခုချင်းစီအတွက် သေးငယ်သည်ဟုအနည်းဆုံးစတင်သတ်မှတ်သည့် ဒေါ်လာပမာဏအား လုပ်ငန်း၏သဘောသဘာဝနှင့်ရှုပ်ထွေးမှုအပေါ် ထည့်သွင်းစဉ်းစားကာသတ်မှတ်ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ခြွင်းချက်ကိစ္စရပ်များမှလွဲ၍ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ထက် မပိုစေရပါ။

၃.၉ ယှဉ်ပြိုင်ရွေးချယ်ခြင်းထက် ရှင်းလင်းသိသာသည့်အကျိုးရလဒ်ရှိနေပါက အရင်းအမြစ်တစ်ခုတည်းအပေါ် အခြေခံရွေးချယ်ခြင်းမှာ အောက်ပါကိစ္စရပ်များအတွက်သင့်လျော်နိုင်ရာ (က) အခြေအနေအရ အဖွဲ့အစည်းတစ်ရပ်မှ လုပ်ဆောင်ခဲ့ပြီးဖြစ်သောအလုပ်နှင့်ဆက်စပ်ကာ ဆက်လက်လုပ်ဆောင်ရန်လိုအပ်နေသည့် လုပ်ငန်းမျိုးဖြစ်ခြင်း (နောက်စာပိုဒ်တွင်ကြည့်ပါ) (ခ) ဘဏ်မှအသိအမှတ်ပြုကာ ငွေချေးယူသူမှကြေညာထားသော သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေဆိုင်ရာတုံ့ပြန်ခြင်းကဲ့သို့သော ကန့်သတ်ချက်မထားနိုင်သည့် ခြွင်းချက်အခြေအနေများ (ဂ) အလွန်သေးငယ်သော[၄၆] လုပ်ငန်းအမျိုးအစားများ သို့မဟုတ် (ဃ) အဖွဲ့အစည်းတစ်ရပ်တည်းမှသာလျှင် လုပ်ငန်းအတွက်အရည်အချင်းပြည့်ဝခြင်း သို့မဟုတ် ထိုက်တန်သည့်အတွေ့အကြုံရှိနေခြင်းစသည်တို့ဖြစ်သည်။ အထက်ပါ ကိစ္စရပ်အားလုံးတွင် ငွေချေးယူသူသည် RFP ထုတ်ဝေမှုပြုရန် မလိုအပ်သော်လည်း ဘဏ်၏စစ်ဆေးသုံးသပ်မှုနှင့်ကန့်ကွက်ရန်မရှိခြင်းအလို့ငှာ လုပ်ငန်း၏ TOR အား ဘဏ်သို့ပေးပို့ရမည်ဖြစ်ပြီး ယှဉ်ပြိုင်မှုပြုကာရွေးချယ်သည့်နည်းလမ်းအစား SSS နည်းလမ်းအားအသုံးပြုရသည့် အကြောင်းအရင်းအပါအဝင် အဖွဲ့အစည်းတစ်ရပ်အားထောက်ခံမှုပြုလုပ်ခြင်းအခြေခံအချက်များပါဝင်သည်။ ခြွင်းချက်အနေဖြင့် စီမံကိန်း၏ လုပ်ငန်းနယ်ပယ်နှင့်ဆုံးရှုံးမှုအန္တရာယ်အပေါ် အခြေခံသတ်မှတ်ထားသည့်အဆင့်အောက်တွင်ရှိနေသည့် ကန်ထရိုက်များမှလွဲ၍ ဝယ်ယူငှားရမ်းရေးအစီအစဉ်တွင်ချမှတ်ထားသည့်အခြေခံအချက်အလက်များအတိုင်း တင်ပြရမည် ဖြစ်သည်။

၃.၁၀ အကယ်၍ လုပ်ဆောင်ဆဲဖြစ်သောလုပ်ငန်းတစ်ခုအားဆက်လက်လုပ်ဆောင်ရန် မဖြစ်မနေလိုအပ်နေလျှင် ကနဦး RFP ထဲတွင် ဤအချက်အားထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက အကြံပေးရွေးချယ်ခြင်းဆိုင်ရာ အချက်အလက်များ၌ ဆက်လက်လုပ်ဆောင်နိုင်မှုအနေအထားများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ဆက်လက်လုပ်ဆောင်နိုင်မှုအတွက် နည်းပညာပိုင်းဆိုင်ရာနည်းလမ်း၊ ယခင်အတွေ့အကြုံရရှိထားမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဆက်လက်တာဝန်ယူလိုမှုရှိနေသော မူလအကြံပေးသည် ယခင်လုပ်ငန်းတာဝန်အားကျေနပ်ဖွယ်ရာစွမ်းဆောင်နိုင်မှုအတွက် ထပ်မံယှဉ်ပြိုင်မှုပြုရာတွင်လည်း ဦးစားပေးသင့်လျော်မှုရရှိခွင့်နှင့်အတူ ဆက်လက်တာဝန်ယူလုပ်ဆောင်နိုင်သည်။ အဆိုပါ ဆက်လက်လုပ်ဆောင်ရန်လိုအပ်သောလုပ်ငန်းများအတွက် ငွေချေးယူသူသည် ကနဦး ရွေးချယ်ထားသောအကြံပေးအား ထုတ်ပြန်ထားသော TOR အပေါ်အခြေခံကာ နည်းပညာပိုင်းနှင့်ဘဏ္ဍာရေးပိုင်းဆိုင်ရာ အဆိုပြုလွှာများပေးပို့ရန် တောင်းဆို၍ အဆိုပါအဆိုပြုလွှာများအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးရမည်။

၃.၁၁ အကယ်၍ ယခင်လုပ်ငန်းမှာယှဉ်ပြိုင်မှုအပေါ်အခြေခံ၍ရရှိခဲ့သည်မဟုတ်ခြင်း သို့မဟုတ် ကန့်သတ်ငွေထောက်ပံ့မှုအစီအစဉ်အရရရှိခဲ့ခြင်း သို့မဟုတ် အကယ်၍ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်း၏ တန်ဖိုးပမာဏမှာကြီးမားနေခြင်းစသည်တို့အတွက် ဘဏ်မှလက်ခံနိုင်သော ယှဉ်ပြိုင်ရွေးချယ်မှုလုပ်ငန်းစဉ်အား ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကာ အကယ်၍ ကနဦးအားဖြင့် လုပ်ငန်းအားလုပ်ဆောင်နေဆဲဖြစ်သည့်အကြံပေးသည် ဆက်စပ်လုပ်ငန်းတွင် စိတ်ဝင်စားမှုရှိနေသေးပါက ရွေးချယ်ရန်ထည့်သွင်းစဉ်းစားမှုမှ ဖယ်ထုတ်ခြင်းမပြုရပါ။ ဘဏ်သည် ဤအခြေအနေများအတွက်ခြွင်းချက်ထားမှုများကို ထူးခြားသောအခြေအနေများနှင့် ထပ်မံယှဉ်ပြိုင်မှုတစ်ခုသည် လက်တွေ့မကျဘဲဖြစ်နေခြင်းစသည့် အနေအထားများတွင်သာ စဉ်းစားသုံးသပ်မည် ဖြစ်သည်။ ကန်ထရိုက်စာချုပ်ရရှိကြောင်းကို နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပြန်အသိပေးရမည်။

**ငွေချေးယူသူနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုခြင်း (Use of Country Systems)**

၃.၁၂ ငွေချေးယူသူနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုခြင်းဆိုသည်မှာ ငွေချေးယူသူနိုင်ငံအတွင်း ပြည်သူ့အကျိုးပြု ပစ္စည်းဝယ်ယူရေးစနစ်ကိုအသုံးပြုရာတွင် ထည့်သွင်းစဉ်းစားလေ့ရှိသည့်အကြံပေးများ (တစ်ဦးတစ်ယောက်ချင်းအပါအဝင်)ရွေးချယ်ခြင်းဆိုင်ရာနည်းလမ်းများကိုရည်ညွှန်းခြင်းဖြစ်ကာ ယင်းနည်းလမ်းများအား ဘဏ်၏ငွေချေးယူသူ

[၄၆] ကိစ္စရပ်တစ်ခုချင်းစီအတွက် အလွန်သေးငယ်သည်ဟု အနည်းဆုံးစတင်သတ်မှတ်သည့်ဒေါ်လာပမာဏအား လုပ်ငန်း၏သဘောသဘာဝနှင့်ရှုပ်ထွေးမှုအပေါ် ထည့်သွင်းစဉ်းစားကာသတ်မှတ်ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ခြွင်းချက်ကိစ္စရပ်များမှလွဲ၍ အမေရိကန် ဒေါ်လာ ၁၀၀၀၀၀ ထက် မပိုစေရပါ။

နိုင်ငံတွင်းရှိစနစ်များအားရှေ့ပြေးစမ်းသပ်အသုံးပြုခြင်းအစီအစဉ်[၅၇] အရ ဘဏ်မှလက်ခံနိုင်သည်ဟု သတ်မှတ်ဆုံးဖြတ်ထားရမည်ဖြစ်သည်။ ငွေချေးယူသူများသည် အဆိုပါစနစ်များအား ရှေ့ပြေးစမ်းသပ်စီမံကိန်းများတွင် အသုံးပြုနိုင်သော်လည်း ထိုစနစ်များသည်ရှေ့ပြေးအစီအစဉ်အရ ဘဏ်မှအတည်ပြုထားပြီး ဖြစ်ရမည်။

**ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများနှင့် တရားဝင်ရပ်တည်နေသည့်အဖွဲ့အစည်းများအားချေးငွေပေးအပ်မှုအောက်မှ အကြံပေးပုဂ္ဂိုလ်များရွေးချယ်ခြင်း (Selection of Consultants in Loans to Financial Intermediary Institutions and Entities)**

၃.၁၃ ချေးငွေပေးအပ်ခြင်းအရ ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းတစ်ခု သို့မဟုတ် တရားဝင်ရပ်တည်နေသည့်အဖွဲ့အစည်းတစ်ခု (သို့မဟုတ် ၎င်းမှလွှဲအပ်ထားသည့်ကိုယ်စားလှယ်) အား ၎င်းတို့အနေဖြင့် အခြားအကျိုးခံစားသူများဖြစ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ သို့မဟုတ် မိမိဘာသာလွတ်လပ်စွာစီမံလည်ပတ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် တစ်ဆင့်ခံစီမံကိန်းများတွင် တစ်စိတ်တစ်ပိုင်းငွေကြေးပါဝင်ထောက်ပံ့လိုမှုတို့အတွက် ဆက်လက်ချေးငှားမှုများ ပြုလုပ်နိုင်စေရန် ငွေကြေးထောက်ပံ့သည့်အခါ အကြံပေးများရွေးချယ်ခြင်းကို သက်ဆိုင်ရာအကျိုးခံစားသူများမှ ဘဏ်မှ လက်ခံနိုင်သည့်[၅၈] ပြည့်စုံစွာပြင်ဆင်ထားသော ပုဂ္ဂလိကကဏ္ဍဝယ်ယူငှားရမ်းရေးနည်းလမ်းများ သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ ချေးငွေများသည် အစိုးရ/အများပိုင်ကဏ္ဍရှိအကျိုးခံစားသူများ သို့မဟုတ် အရွယ်အစားကြီးမား၍ရှုပ်ထွေးသောလုပ်ငန်းများအား ဆက်လက်ချေးငှားခြင်း (On Lent) အတွက်ဆိုပါက ဤလမ်းညွှန်ပါ ယှဉ်ပြိုင်မှုပြုကာရွေးချယ်ခြင်းနည်းလမ်းများအား အသုံးပြုရန်စဉ်းစားပေးရမည် ဖြစ်သည်။

**ဘဏ်မှအာမခံပေးသောချေးငွေများအောက်မှအကြံပေးများရွေးချယ်ခြင်း (Selection of Consultants under Loans Guaranteed by the Bank)**

၃.၁၄ အကယ်၍ ဘဏ်အနေဖြင့် အခြားငွေချေးပေးသူတစ်ဦး၏ချေးငွေအပေါ် ပြန်ဆပ်ငွေအတွက် အာမခံပေးသည်ဆိုပါက အဆိုပါချေးငွေဖြင့် ရွေးချယ်ငှားရမ်းသောအကြံပေးဝန်ဆောင်မှုများအား အပိုဒ်ခွဲ ၁.၁၈ တွင် ပါရှိသည့် လိုအပ်ချက်များနှင့်ကိုက်ညီသော စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများအား ဂရုပြုအလေးထားကာ ရွေးချယ်ငှားရမ်းရမည်ဖြစ်သည်။ ဘဏ်သည် ချေးငွေပိတ်သိမ်းပြီးပါက ဝယ်ယူငှားရမ်းရေးလုပ်ဆောင်ချက်များအား ပြန်လည်သုံးသပ်စစ်ဆေးမှုတစ်ရပ် ပြုလုပ်နိုင်သည်။

**သီးခြားလိုအပ်သည့်အကြံပေးများအားရွေးချယ်ခြင်း (Selection of Particular Types of Consultants)**

၃.၁၅ *ကုလသမဂ္ဂအေဂျင်စီများအားရွေးချယ်မှု* ။ ။ ကုလသမဂ္ဂလက်အောက်ခံအေဂျင်စီများသည်[၅၉] ၎င်းတို့ကျွမ်းကျင်သည့်နယ်ပယ်၌ တစ်ဦးတည်းထူးခြားစွာ သို့မဟုတ် ခြွင်းချက်အားဖြင့် နည်းပညာပိုင်းအကူအညီပံ့ပိုးပေးရန်နှင့် အကြံပေးအတိုင်ပင်ခံပြုလုပ်ရန်အရည်အချင်းရှိနေသည့်အခါ ၎င်းတို့မှာ ငွေချေးယူသူများ ရယူရမည့် တစ်ခုတည်းသောအရင်းအမြစ် ဖြစ်လာနိုင်သည်။ ဘဏ်သည် ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများအသုံးပြုခြင်းကို (က) ၎င်းတို့အနေဖြင့် တစ်ဆင့်ခံအကြံပေးများ၊ တစ်ဦးချင်းကျွမ်းကျင်သူများ ရွေးချယ်ခြင်းများနှင့် ကန်ထရိုက်ဆောင်ရွက်ရန် အနည်းဆုံးလိုအပ်သည့် ကုန်ပစ္စည်းများထောက်ပံ့ခြင်း (ခ)

---

[၅၇] ရှေ့ပြေးစမ်းသပ်အသုံးပြုခြင်းအစီအစဉ်အား Use of Country Systems in Bank-Supported Operations: Proposed Piloting Program (R2008-0036 and 0036 and 0036/1) ဟူသော ခေါင်းစဉ်ဖြင့် ၂၀၀၈ ခုနှစ် မတ်လ ၃ ရက်နှင့် ၂၅ ရက်နေ့ ရက်စွဲများတပ်ထားသော ဘုတ်အဖွဲ့အစီရင်ခံစာ (Board paper) ထဲတွင်ဖော်ပြထားကာ ဘဏ်၏အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့မှ ၂၀၀၈ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

[၅၈] အချို့သော အသေးစိတ်အကြောင်းအရာများအတွက် Guidelines: Procurement of Goods, Works, and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers တွင်ပါရှိသော အပိုဒ်ခွဲ ၃.၁၃ (ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများနှင့် တရားဝင်လည်ပတ်ရပ်တည်နေသောအဖွဲ့အစည်းများအားချေးငွေပေးအပ်ခြင်းအောက်မှ ပစ္စည်းဝယ်ယူငှားရမ်းခြင်း) တွင် လေ့လာနိုင်သည်။

[၅၉] ကုလသမဂ္ဂအေဂျင်စီတစ်ရပ်ဆိုသည်မှာ ကုလသမဂ္ဂအဖွဲ့အောက်ရှိ ဌာနများ၊ အထူးပြုအေဂျင်စီများနှင့် ၎င်းတို့၏ ဒေသဆိုင်ရာရုံးခွဲများ (ဥပမာ – the PanAmerican Health Organization – PAHO) ၊ ထောက်ပံ့မှုများနှင့်အစီအစဉ်များစသည်တို့ကို ရည်ညွှန်းသည်။ ငွေချေးယူသူသည် ဘဏ်၏ ကန့်ကွက်ရန်မရှိရယူရန်အလို့ငှာ ပြည့်စုံသောစဉ်းစားသုံးသပ်ချက်များနှင့်တကွ ယင်းနှင့်ကုလသမဂ္ဂအေဂျင်စီအကြား သဘောတူညီချက်ပုံစံအကြမ်းအား ဘဏ်သို့ ပေးပို့ရမည်ဖြစ်သည်။

ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၃.၇ အောက်ဘက်ရှိ စာမျက်နှာအောက်ခြေမှတ်စု နံပါတ်-၄၅ တွင်ဖော်ပြထားသည့် အရွယ်အစားသေးငယ်သည့်လုပ်ငန်းများနှင့် (ဂ) ဘဏ်မှအသိအမှတ်ပြုကာ ငွေချေးယူသူမှကြေညာထားသည့် သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေတုံ့ပြန်မှုများဆိုင်ရာ အချို့သောထူးခြားသည့်အခြေအနေများ စသည်တို့နှင့်ပတ်သက်၍အသုံးပြုသည့်အခါ သဘောတူညီကောင်းတူညီနိုင်သည်။ ဘဏ်၏သဘောတူညီမှုဖြင့် ငွေချေးယူသူသည် ယင်းနှင့်ကုလသမဂ္ဂအေဂျင်စီအကြားတွင် နည်းပညာပိုင်းကူညီရန်အတွက်စာချုပ်ချုပ်ဆိုရာတွင် ဘဏ်၏စံသတ်မှတ်ထားသောသဘောတူညီမှုစာချုပ်ပုံစံကို အသုံးပြုရမည်။ ငွေချေးယူသူသည် ဘဏ်၏ကန့်ကွက်ရန် မရှိရယူရန်အလို့ငှာ ပြည့်စုံသော ကျိုးကြောင်းပြဆိုသုံးသပ်ချက်များနှင့်တကွ ယင်းနှင့်ကုလသမဂ္ဂအေဂျင်စီအကြား သဘောတူညီချက်ပုံစံအကြမ်းအား လက်မှတ်ရေးထိုးခြင်းမပြုမီ ဘဏ်သို့ ပေးပို့ရမည်ဖြစ်သည်။ ခြွင်းချက်အားဖြင့် ငွေချေးယူသူသည် ဘဏ်မှလက်ခံပါက ကုလသမဂ္ဂအေဂျင်စီများနှင့်၎င်းတို့၏ဝန်ထမ်းများအား နိုင်ငံတကာ သဘောတူညီချက်များအရပေးအပ်ထားသည့် ဦးစားပေးမှုများနှင့် ကင်းလွတ်ခွင့်ပြုခြင်းများအားလက်ခံခြင်းနှင့် ကုလသမဂ္ဂအေဂျင်စီ၏ တရားဝင်ရပိုင်ခွင့်စည်းမျဉ်းအရ ငွေကြေးပေးချေမှုအထူးအစီအမံလိုအပ်ချက်အပေါ် ယင်း အေဂျင်စီနှင့်သဘောတူညီထားခြင်းစသည့်ကိစ္စရပ်များမှလွဲ၍ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ယှဉ်ပြိုင်ရွေးချယ်မှု လုပ်ငန်းစဉ်အတွင်းပါဝင်ယှဉ်ပြိုင်နေစဉ် မည်သည့်ဦးစားပေးအခွင့်အရေးမျှ မရရှိစေရပါ။ ထို့အပြင် သေးငယ်သော လုပ်ငန်းများ (စာမျက်နှာအောက်ခြေမှတ်စုနံပါတ်-၄၅တွင်လေ့လာပါ) အတွက်ဆိုပါက ကုလသမဂ္ဂအေဂျင်စီများ၏ ဦးစားပေးခံရမှုများနှင့်အခြားအခွင့်အရေးများဖြစ်သော အခွန်ကင်းလွတ်ခွင့်၊ လိုအပ်သည့်ပံ့ပိုးမှုရရှိခြင်းနှင့် ငွေကြေး ပေးချေမှုအထူးနည်းလမ်းများအသုံးပြုနိုင်ခြင်းစသည်တို့မှ လျော့နည်းသက်သာစေရန်အတွက် QBS နည်းလမ်း သို့မဟုတ် CQS နည်းလမ်းများကို အသုံးပြုရမည်။

၃.၁၆ *အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များအားအသုံးပြုခြင်း* ။ ။ NGO များသည် ငွေကြေးအကျိုးအမြတ် မယူသောအဖွဲ့အစည်းများဖြစ်ကြပြီး ၎င်းတို့သည် ဒေသဆိုင်ရာကိစ္စရပ်များ၊ အောက်ခြေလူထုလိုအပ်ချက်များနှင့်/ သို့မဟုတ် အများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး ပါဝင်ဖြေရှင်းပေးနေမှုများ၊ ကျွမ်းကျင်နားလည်သည့်အတွေ့အကြုံများရှိခြင်းကြောင့် စီမံကိန်းများပြင်ဆင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အကောင် အထည်ဖော်ခြင်းကိစ္စရပ်များတွင် ၎င်းတို့အနေဖြင့် ကူညီဆောင်ရွက်ပေးရန် ထူးခြားသည့် အရည်အချင်းပြည့်ဝမှု ရှိနေနိုင်သည်။ အကယ်၍ NGO များအနေဖြင့် စိတ်ဝင်စားကြောင်းဖော်ပြပြီး ၎င်းတို့၏အရည်အချင်းနှင့်ပတ်သက်၍ ငွေချေးယူယူနှင့် ဘဏ်တို့မှ ကျေနပ်မှုရှိပါက ဆန်ခါတင်စာရင်းထဲတွင် ၎င်းတို့အား ထည့်သွင်းနိုင်သည်။ အကယ်၍ လုပ်ငန်းအနေဖြင့် အများမှပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ဒေသန္တရဗဟုသုတကြွယ်ဝမှုတို့အပေါ် အလေးအနက် ထားသည့်အခါမျိုးတွင် ဆန်ခါတင်စာရင်းထဲ၌ NGO အဖွဲ့အစည်းများသာ ပါဝင်နေခွင့်ရှိသည်။ အကယ်၍ ထိုသို့ ဆိုပါက လုပ်ငန်း၏အရွယ်အစား၊သဘောသဘာဝနှင့်ခက်ခဲရှုပ်ထွေးမှုများအပေါ်အခြေခံကာသင့်လျော်သောရွေးချယ်ရေး နည်းလမ်းတစ်ခုခု (QCBS ၊ FBS ၊ LCS သို့မဟုတ် CQS စသည်) အားအသုံးပြုရမည်ဖြစ်ပြီး ရွေးချယ်သည့် စံနှုန်းတွင် ဒေသန္တရဗဟုသုတကြွယ်ဝမှု၊ လုပ်ငန်းအရွယ်အစားနိုင်နင်းမှုနှင့် ယခင်သက်ဆိုင်ရာအတွေ့အကြုံများပြားမှု စသည့် NGO များ၏ထူးခြားသောအရည်အသွေးများအား ထင်ဟပ်နေစေရမည် ဖြစ်သည်။ လမ်းညွှန်တွင်ပါရှိသည့် အပိုဒ်ခွဲ ၃.၉ ၌ဖော်ပြထားသော စံနှုန်းများနှင့်ကိုက်ညီသည့်အခါတွင်လည်း ငွေချေးယူသူများသည် NGO များအား တစ်ခုတည်းသောအရင်းအမြစ်အဖြစ် သတ်မှတ်ကာ ရွေးချယ်နိုင်သည်။

၃.၁၇ *ပစ္စည်းဝယ်ယူရေးကိုယ်စားလှယ်များနှင့်ဆောက်လုပ်ရေးမန်နေဂျာများ* ။ ။ ငွေချေးယူသူတစ်ဦးသည် လိုအပ်သော အဖွဲ့အစည်း၊ အရင်းအမြစ်များ သို့မဟုတ် အတွေ့အကြုံများစသည် ချို့တဲ့အားနည်းသောအခါ ဝယ်ယူငှားရမ်းရေးကိစ္စရပ်များတွင် အထူးကျွမ်းကျင်သည့်အဖွဲ့အစည်းတစ်ရပ်အား ၎င်း၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအဖြစ်ခန့်အပ်ခြင်းမှာ ပိုမိုသင့်လျော်ကောင်းမွန်ကာ ထိရောက်မှုရှိနိုင်ပါသည်။ ယင်း ဝယ်ယူ ငှားရမ်းရေးကိုယ်စားလှယ်များအား အချို့သောလိုအပ်သည့်အရာများအားဝယ်ယူငှားရမ်းရာတွင် တာဝန်ယူစီမံ ကြီးကြပ်ပေးသည့်အေးဂျင့် (Agent) များဟုခေါ်ဝေါ်ကြပြီး အများအားဖြင့် မိမိတို့ကိုယ်ပိုင်ရုံးခန်းများမှ လုပ်ကိုင်ကြကာ ၎င်းတို့တာဝန်ယူစီမံကြီးကြပ်ပေးသည့် ဝယ်ယူမှုတန်ဖိုး၏ရာခိုင်နှုန်းတစ်ခု သို့မဟုတ် ထိုကဲ့သို့ ရာခိုင်နှုန်းတစ်ခုနှင့်ပုံသေသတ်မှတ်ထားသောအခကြေးငွေနှစ်ရပ်ပေါင်းတန်ဖိုးတို့အားပေးရသည်။ ထိုကဲ့သို့ ကိစ္စရပ် များတွင် ကုန်ကျစရိတ်အား ၅၀ ရာခိုင်နှုန်းအထိ အလေးပေးထားမှုပါဝင်သည့် QCBS နည်းလမ်းများအတိုင်း

ဝယ်ယူငှားရမ်းရေးကိုယ်စားလှယ်များအား ရွေးချယ်ရမည်ဖြစ်သည်။ သို့သော် ဝယ်ယူငှားရမ်းရေးကိုယ်စားလှယ်များသည် ဝယ်ယူငှားရမ်းမှုပြုရာတွင် အကြံပေးဝန်ဆောင်မှုသက်သက်သာပံ့ပိုးပေးခြင်း သို့မဟုတ် စီမံကိန်းတစ်ရပ်လုံးအတွက် အချို့သောပစ္စည်းများဝယ်ယူငှားရမ်းရာတွင် တာဝန်ယူစီမံကြီးကြပ်ပေးသည့် အေးဂျင့် (Agent) များအဖြစ် ယင်းစီမံကိန်းအတွက် သီးခြားရုံးတစ်ခုတွင်အခြေချကာ လုပ်ဆောင်ပေးခြင်းတို့အတွက် ၎င်းတို့အား အချိန်ကာလကိုအခြေခံတွက်ချက်ကာပေးချေကြရပြီး အဆိုပါကိစ္စရပ်များအတွက် ၎င်းတို့အားရွေးချယ် ရာတွင်လည်း QCBS စနစ်ကိုအသုံးပြုလျက် အခြားသော အကြံပေးဝန်ဆောင်မှုလုပ်ငန်းများအား ငှားရမ်းသကဲ့သို့ သင့်လျော်သောလုပ်ထုံးလုပ်နည်းများဖြင့်ရွေးချယ်ရမည်ဖြစ်ပြီး ဤလမ်းညွှန်တွင် ဖော်ပြထားသော time-based contract အား အသုံးပြုရမည်။ ကိုယ်စားလှယ်များသည် ငွေချေးယူသူကိုယ်စား ဘဏ်မှအတည်ပြုသဘောတူထားသည့်ချေးငွေသဘောတူစာချုပ်နှင့် ဝယ်ယူငှားရမ်းရေးအစီအစဉ်ပါ ဝယ်ယူငှားရမ်းရေးလုပ်ထုံးလုပ်နည်းများအား လိုက်နာရမည်ဖြစ်ရာ ဘဏ်မှစံသတ်မှတ်ပေးထားသည့် RFP များအားအသုံးပြုမှုအပြင် စစ်ဆေးသုံးသပ်ရေးလုပ်ငန်းစဉ်များနှင့် မှတ်တမ်းမှတ်ရာထိန်းသိမ်းခြင်းများလည်း အပါအဝင်ဖြစ်သည်။ အထက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအားလုံးသည် ဆောက်လုပ်ရေးမန်နေဂျာများနှင့်လည်း သက်ဆိုင်မှုရှိပါသည်။

၃.၁၈ *စစ်ဆေးရေးဝန်ဆောင်မှုများ* ။ ။ ငွေချေးယူသူများသည် စစ်ဆေးရေးဝန်ဆောင်မှုပေးသူများအား ကုန်ပစ္စည်းများသင်္ဘောတင်ပို့ခြင်းပြုမည့် သို့မဟုတ် ငွေချေးယူသူနိုင်ငံတွင်းသို့ရောက်ရှိလာသည့်ကုန်စည်များအား စစ်ဆေးပေးရန်နှင့် မှန်ကန်ကြောင်းထောက်ခံချက်ရရှိရန်အလို့ငှာ ငှားရမ်းခန့်အပ်နိုင်ကြသည်။ စစ်ဆေးမှုတွင် အများအားဖြင့် သက်ဆိုင်ရာကုန်စည်၏အရည်အသွေးနှင့်အရေအတွက်အပြင် မျှတသင့်လျော်သည့်ဈေးနှုန်းဖြစ်မှု စစ်ဆေးချက်များ ပါဝင်သည်။ စစ်ဆေးရေးဝန်ဆောင်မှုပေးသူများကို ကုန်ကျစရိတ်အား ၅၀ ရာခိုင်နှုန်း အထိ အလေးပေးထားမှုပါဝင်သည့် QCBS နည်းလမ်းများအားအသုံးပြု၍ ရွေးချယ်ရမည်ဖြစ်ပြီး ကန်ထရိုက်ပုံစံအား စစ်ဆေးထောက်ခံမှုပြုလုပ်ပြီးစီးသောကုန်စည်များ၏တန်ဖိုးမှ ရာခိုင်နှုန်းတစ်ခုအပေါ်အခြေခံထားသည့် ငွေပေးချေမှုနှင့်အတူအသုံးပြုရမည်။

၃.၁၉ *ဘဏ်များ* ။ ။ ငွေချေးယူသူများသည် မိမိတို့ပိုင်ဆိုင်သည့်အဖိုးတန်သောပစ္စည်းများအား ရောင်းချရန်၊ ဘဏ္ဍာရေးစာချုပ်စာတမ်းများထုတ်ဝေရောင်းချရန်နှင့် အခြားသော ဘဏ္ဍာရေးဆိုင်ရာအပေးအယူကိစ္စရပ်များ၌ အထူးသဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ခြင်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ငွေကြေးစီမံခန့်ခွဲမှုမန်နေဂျာများအား QCBS နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ငှားရမ်းအသုံးပြုရမည်။ ထို့အပြင် RFP တွင်လည်း သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ရွေးချယ်ရေးစံနှုန်းများ တိတိကျကျသတ်မှတ်ထားရန်လိုအပ်ရာ ဥပမာအနေဖြင့် အလားတူလုပ်ငန်းများအတွက် အတွေ့အကြုံရှိမှု သို့မဟုတ် ဝယ်ယူနိုင်ချေရှိသူများနှင့်အဆက်အသွယ်ရှိမှုများနှင့် ဝန်ဆောင်မှုအတွက်အဆိုပြုကုန်ကျစရိတ်ပမာဏစသည်တို့ဖြစ်ကြသည်။ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသော "Retainer Fee" ဟု ခေါ်သည့် အကျိုးဆောင်ခချီးမြှင့်ငွေအပြင် ညှိနှိုင်းပေးချေရမှုတွင် လုပ်ငန်းအောင်မြင်မှုအတွက်ပေးချေရငွေ "Success Fee" လည်းပါဝင်ရာ ယင်းပေးချေရငွေမှာ ပုံသေပမာဏသတ်မှတ်ထားနိုင်သော်လည်း လုပ်ငန်းပါပစ္စည်းတန်ဖိုး၏ သို့မဟုတ် ရောင်းချရမည့်ဘဏ္ဍာရေးစာချုပ်စာတမ်းများတန်ဖိုး၏ ရာခိုင်နှုန်းတစ်ခုအဖြစ်သာ ဖော်ပြလေ့ရှိကြသည်။ ကုန်ကျစရိတ်အကဲဖြတ်မှုပြုလုပ်ရာတွင် "Success Fee" ၏ ရာခိုင်နှုန်းတန်ဖိုးကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း RFP တွင်ဖော်ပြထားရမည်ဖြစ်ရာ ယင်းတန်ဖိုးသည် "Retainer Fee" နှင့် တွဲဖက်စဉ်းစားမည် သို့မဟုတ် သီးခြားစဉ်းစားအကဲဖြတ်မည်ကို RFP တွင် ဖော်ပြရမည်။ အကယ်၍ သီးသန့်အကဲဖြတ်ပါက စံသတ်မှတ်ထားသည့် "Retainer Fee" ကို ဆန်ခါတင်စာရင်းပါအကြံပေးပုဂ္ဂိုလ်များအားလုံးအတွက်ဖော်ပြထားမည်ဖြစ်သည့်အပြင် RFP ထဲတွင်လည်းထည့်သွင်းထားမည်ဖြစ်ကာ ဘဏ္ဍာရေးဆိုင်ရာအကဲဖြတ်ရမှတ်ကိုမူ "Success Fee" တန်ဖိုးအပေါ်တွင် ကြည့်ကာ ဆုံးဖြတ်ရမည်။ တွဲဖက်ကြည့်ရှုကာစိစစ်အကဲဖြတ်ခြင်း (အထူးသဖြင့် ကြီးမားသောကန်ထရိုက်များအတွက်ဆိုလျှင်မူ) အပိုဒ်ခွဲ ၂.၂၆ ပါ အကြံပြုထားသည့် ကုန်ကျစရိတ်အတွက်အလေးပေးမှုပမာဏထက် ပိုမိုမြင့်မားသောအလေးပေးမှုအား ခွင့်ပြုနိုင်သည်။ မည်သို့ပင်ဆိုစေ အဆိုပြုလွှာများအားမည်သို့ပေးပို့တင်ပြရမည်၊ မည်သို့စိစစ်အကဲဖြတ်ခြင်းခံရမည်ကို RFP ထဲတွင် ရှင်းလင်းစွာ ဖော်ပြညွှန်ကြားထားရမည်။

၃.၂၀ *စာရင်းစစ်သူများ* ။ ။ စာရင်းစစ်သူများသည် စံပြအားဖြင့် ပြည့်စုံစွာသတ်မှတ်ဖော်ပြထားသည့် TOR နှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုစံသတ်မှတ်ချက်များအတိုင်း စာရင်းစစ်ဆေးသည့်လုပ်ငန်းများအား ဆောင်ရွက်ကြသည်။ ၄င်းတို့အား ကုန်ကျစရိတ်ကိုရွေးချယ်ရေးဆိုင်ရာအဓိကအချက်တစ်ရပ် (အမှတ် ၄၀ မှ ၅၀ ကြား) ထားရှိသည့် QCBS နည်းလမ်းအသုံးပြု၍ သို့မဟုတ် အပိုဒ်ခွဲ ၃.၆ တွင်ဖော်ပြထားသည့်အတိုင်း Least-Cost Selection နည်းလမ်းကိုအသုံးပြု၍ ရွေးချယ်ရပါမည်။ သေးငယ်သော [၅၀] လုပ်ငန်းများအတွက်ဆိုပါက CQS နည်းလမ်းကို အသုံးပြုနိုင်သည်။

၃.၂၁ *ဝန်ဆောင်မှုဖြန့်ဝေချထားပေးသူကန်ထရိုက်တာများ* ။ ။ စီမံကိန်းများတွင် ဝန်ဆောင်မှုများဖြန့်ဝေချထားပေးရန် ပုဂ္ဂိုလ်အမြောက်အမြားအား ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းဆောင်ရွက်တတ်သည်။ တစ်သီးပုဂ္ဂလအကြံပေးပုဂ္ဂိုလ်များအဖြစ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ၄င်းတို့အား ဤလမ်းညွှန်၏ အခန်း (၅) တွင် ပါရှိသည်များနှင့်အညီ ရွေးချယ်ငှားရမ်းနိုင်သည်။ အဖွဲ့အစည်းတစ်ရပ်အား ကန်ထရိုက်ချုပ်ဆိုရာတွင်အသုံးပြုသည့် လုပ်ငန်းဆိုင်ရာညွှန်ကြားဖော်ပြချက်များ၊ အနိမ့်ဆုံးအရည်အချင်းသတ်မှတ်ချက်များ၊ အလုပ်အကိုင်ခန့်အပ်မှုအတွက် လိုက်နာရန်များနှင့် ရွေးချယ်မည့်နည်းလမ်းများအပြင် အဆိုပါ စာရွက်စာတမ်းအချက်အလက်များနှင့်နည်းလမ်းများအပေါ် ဘဏ်မှစစ်ဆေးသုံးသပ်မည့်အတိုင်းအတာပမာဏကိုလည်း စီမံကိန်းဆိုင်ရာ အချက်အလက်စာရွက်စာတမ်းများတွင် ထည့်သွင်းဖော်ပြထားရမည်။ ဘဏ်မှစစ်ဆေးသုံးသပ်မည့်ဝယ်ယူရေးအစီအစဉ်ထဲတွင် ကန်ထရိုက်ကို ထည့်သွင်းထားရမည်။

[၅၀] စာမျက်နှာအောက်ခြေမှတ်စုနံပါတ်–၄၅တွင်လေ့လာပါ။

## ၄။ ကန်ထရိုက်အမျိုးအစားများနှင့်အရေးပါသောထည့်သွင်းပြဋ္ဌာန်းချက်များ
## IV. TYPES OF CONTRACTS AND IMPORTANT PROVISIONS

**ကန်ထရိုက်အမျိုးအစားများ (Types of Contracts)**

၄.၁ *တစ်လုံးတစ်ခဲတည်းပေးချေရသောကန်ထရိုက်များ*[၅၁] ။ ။ ဤကဲ့သို့ကန်ထရိုက်အမျိုးအစားအား အဓိကအားဖြင့် ဝန်ဆောင်မှု၏အတိုင်းအတာနှင့်အချိန်ကာလအပြင် အကြံပေးမှလုပ်ဆောင်ပေးရမည့်လုပ်ငန်းရလဒ်အား ရှင်းလင်းစွာ သတ်မှတ်ဖော်ပြနိုင်သောလုပ်ငန်းအမျိုးအစားများအတွက် အသုံးပြုကြသည်။ ၎င်းအား ရိုးရှင်းသည့်အစီအစဉ်ပြုလုပ်ရေးဆွဲခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းဆိုင်ရာလေ့လာမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများ၊ အများသုံးနေကျ သို့မဟုတ် စံသတ်မှတ်သောတည်ဆောက်ပုံစံများအသေးစိတ်ဒီဇိုင်းရေးဆွဲခြင်းများနှင့် ဒေတာအချက်အလက်များ စစ်ဆေးတွက်ချက်သည့်စနစ်များပြင်ဆင်ခြင်းစသည့်လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။ ငွေကြေးပေးချေမှုများမှာအစီရင်ခံစာများ၊ ပုံထုတ်ခြင်းများ၊ တည်ဆောက်ရေးအတွက်လိုအပ်သောအရေအတွက်စာရင်း၊ တင်ဒါစာရွက်စာတမ်းများနှင့် ဆော့ဖ်ဝဲလ်ပရိုဂရမ်အစရှိသည့် လုပ်ငန်းရလဒ်(ပြီးစီးမှု)များအပေါ်အခြေခံကာ ပေးချေရန်ဖြစ်သည်။ ကန်ထရိုက်တွင် အကြံပေးပုဂ္ဂိုလ်လုပ်ဆောင်ရမည့်လုပ်ငန်းများအတွက် ပုံသေသတ်မှတ်ဈေးနှုန်းများ ပါရှိမည်ဖြစ်ပြီး ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၄.၇ တွင်ဖော်ပြထားသည့်အချက်များမှလွဲ၍ မည်သည့်ဈေးနှုန်းညှိနှိုင်းပြောင်းလဲမှုအပေါ်ကိုမျှ မမူတည်ပါ။ တစ်လုံးတစ်ခဲတည်းပေးချေရသောကန်ထရိုက်များသည် တိကျစွာသတ်မှတ်ထားသောလုပ်ငန်းအတိုင်းအတာအတွက် ပုံသေဈေးနှုန်းဖြင့်ပေးသောမူဘောင်တွင်လုပ်ငန်းလည်ပတ်ခြင်းဖြစ်ကာ ထိုသို့ပေးချေမှုမှာလည်း လိုအပ်သောရလဒ်များနှင့် လုပ်ငန်းပြီးစီးမှုအပေါ်တွင်သာအခြေခံထားသောကြောင့် စီမံကြီးကြပ်ရန်လွယ်ကူပါသည်။

၄.၂ *အချိန်ကာလအပေါ်အခြေခံကာပေးချေရသောကန်ထရိုက်များ*[၅၂] ။ ။ အခြားသူများ၏လုပ်ဆောင်ချက်များနှင့်ဆက်စပ်နေသဖြင့် ပြီးစီးမည့်အချိန်ကာလပြောင်းလဲနိုင်ခြင်းကြောင့်လည်းကောင်း သို့မဟုတ် လုပ်ငန်း၏ရည်ရွယ်ချက်အောင်မြင်ရေးတွင် အကြံပေး၏လိုအပ်သောအားထုတ်စွမ်းဆောင်နိုင်မှုအပေါ် အကဲဖြတ်ရန်ခက်ခဲနေခြင်းကြောင့်လည်းကောင်း ဝန်ဆောင်မှုများအတွက်အတိုင်းအတာနှင့်အချိန်ကာလအား သတ်မှတ်ရန် သို့မဟုတ် ဖော်ပြရန်ခက်ခဲနေသည့်အခါမျိုးတွင်လည်းကောင်း ဤကဲ့သို့အမျိုးအစားကန်ထရိုက်မှာ သင့်တော်ပါသည်။ ၎င်းအား နက်နဲရှုပ်ထွေးသောလေ့လာဆန်းစစ်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုများ၊ အတိုင်ပင်ခံအကြံပေးသည့်ဝန်ဆောင်မှုများနှင့် အများအားဖြင့်သင်တန်းပို့ချရန်စသည့်လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ပေးချေမှုများအား ကျွမ်းကျင်ပုဂ္ဂိုလ်(ကန်ထရိုက်ထဲတွင်နာမည်ဖော်ပြထားလေ့ရှိသည်)အတွက် သတ်မှတ်သဘောတူညီထားသည့် နာရီအလိုက်၊ ရက်အလိုက်၊ ရက်သတ္တပတ်အလိုက် သို့မဟုတ် လအလိုက်နှုန်းထားများနှင့် အမှန်တကယ်သုံးစွဲမှုအတွက် ငွေကြေးပြန်လည်ထုတ်ပေးနိုင်သည့်အရာများနှင့်/ သို့မဟုတ် သဘောတူညီထားသည့် အရေအတွက်အခြေခံယူနစ်ဈေးနှုန်းများအပေါ်တွင် အခြေခံထားသည်။ ကျွမ်းကျင်ပုဂ္ဂိုလ်များအတွက် သတ်မှတ်သဘောတူညီထားသည့်နှုန်းထားများတွင် ညဏ်ပေါ်ဖော်အခကြေးငွေ၊ လူမှုရေးစရိတ်များ၊ အထွေထွေအသုံးစရိတ်၊ အမြတ်နှင့်သင့်လျော်ပါက အထူးခွင့်ပြုခံစားငွေများလည်း ပါဝင်သည်။ ကန်ထရိုက်တွင် အကြံပေးပုဂ္ဂိုလ်များအတွက်အများဆုံးပေးချေရမည့် စုစုပေါင်းငွေကြေးပမာဏအား ထည့်သွင်းဖော်ပြထားသည်။ အများဆုံးပေးချေရမည့်ပမာဏတွင် ကြိုတင်မသိမြင်နိုင်သောဝန်ဆောင်မှုများနှင့်အချိန်ကာလအတွက် အရေးပေါ်ခွင့်ပြုနိုင်ငွေအပြင် ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၄.၇ တွင် ဖော်ပြထားသကဲ့သို့ ငွေကြေးဖောင်းပွမှုအတွက် ဈေးနှုန်းပြန်လည်ညှိနှိုင်းပြင်ဆင်နိုင်သည့်ပြဋ္ဌာန်းချက်လည်း ထည့်သွင်းထားသင့်သည်။ လုပ်ငန်းအပ်နှံသူများအနေဖြင့် ကျေနပ်ဖွယ်ရာလုပ်ငန်းတိုးတက်မှုရှိနေစေရန်နှင့် အကြံပေးပုဂ္ဂိုလ်များမှတောင်းခံသည့်ငွေကြေးပမာဏများ ဆီလျော်မှုရှိနေစေရန်အတွက် အချိန်ကာလအပေါ်အခြေခံကာပေးချေရသောကန်ထရိုက်များအား သေချာစွာစောင့်ကြည့်ကြီးကြပ်၍ စီမံခန့်ခွဲသင့်သည်။

[၅၁] အကြံပေးပုဂ္ဂိုလ်များ၏ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ထားသောကန်ထရိုက်ပုံစံ (တစ်လုံးတစ်ခဲတည်းပေးချေရသောအခကြေးငွေများ) ။

[၅၂] အကြံပေးပုဂ္ဂိုလ်များ၏ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ထားသောကန်ထရိုက်ပုံစံ (ရှုပ်ထွေးသောအချိန်ကာလအခြေခံပေးချေရသည့်လုပ်ငန်းများ)။ ဤကဲ့သို့စာရွက်စာတမ်းများအား ကမ္ဘာ့ဘဏ်၏ဝက်ဘ်ဆိုက်ဖြစ်သော www.worldbank.org/procure တွင် ရရှိနိုင်ပါသည်။

၄.၃ *ပုံမှန်အကျိုးဆောင်ခပေးငွေနှင့်/ သို့မဟုတ် အရေးပေါ်ကိစ္စရပ်(အောင်မြင်မှု)အတွက်ပေးငွေအပေါ် အခြေခံကာ ပေးချေရသောကန်ထရိုက်* ။ ။ ယင်းကဲ့သို့ ကန်ထရိုက်အမျိုးအစားအား အကြံပေးပုဂ္ဂိုလ်များ (ဘဏ်များ သို့မဟုတ် ဘဏ္ဍာရေးလုပ်ငန်းများ) အနေဖြင့် ကုမ္ပဏီများရောင်းချမှုကိစ္စရပ်များ သို့မဟုတ် ကုမ္ပဏီလုပ်ငန်းများပူးပေါင်းမှု ကိစ္စရပ်များ အထူးသဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဆောင်ရွက်မှုများစသည့်ကိစ္စရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။ ထို့ကြောင့် အကြံပေးပုဂ္ဂိုလ်၏ ညဏ်ပူဇော်အခကြေးငွေတွင် ပုံမှန်အကျိုးဆောင်ခပေးငွေ တစ်ရပ်အပြင် လုပ်ငန်းအောင်မြင်မှုအတွက်ချီးမြှင့်ငွေတစ်ရပ်ပါဝင်တတ်ပြီး ချီးမြှင့်ငွေအားရောင်းချသည့်ပစ္စည်းများ ဈေးနှုန်း၏ရာခိုင်နှုန်းတစ်ရပ်အနေဖြင့် ဖော်ပြလေ့ရှိကြသည်။

၄.၄ *ရာခိုင်နှုန်းအပေါ်အခြေခံကာပေးချေရသောကန်ထရိုက်* ။ ။ ဤကဲ့သို့ ကန်ထရိုက်အမျိုးအစားများအား ဝယ်ယူငှားရမ်းရေးနှင့် စစ်ဆေးခြင်းဝန်ဆောင်မှုပေးသူများအတွက် အသုံးပြုကြသည်။ ရာခိုင်နှုန်းအပေါ်အခြေခံကာ ပေးချေရသောကန်ထရိုက်များသည် စီမံကိန်းဆောက်လုပ်ရေး ခန့်မှန်း သို့မဟုတ် အမှန်တကယ်ကုန်ကျစရိတ်၊ သို့မဟုတ်ပါက ဝယ်ယူလိုက်သော သို့မဟုတ် စစ်ဆေးပေးသောပစ္စည်းများ၏ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ အကြံပေးပုဂ္ဂိုလ်အားပေးချေရသောအခကြေးငွေများနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည်။ ထို့အပြင် ဝန်ဆောင်မှုများ အတွက် ဈေးကွက်၏သတ်မှတ်ဈေးများနှင့်/ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ခန့်မှန်းလအလိုက်လူအရေအတွက် ကုန်ကျစရိတ်၊ သို့မဟုတ် တင်ဒါဖိတ်ခေါ်ယှဉ်ပြိုင်မှုစသည်တို့အပေါ်အခြေခံကာ အဆိုပါ ကန်ထရိုက်များအားညှိနှိုင်း ဆွေးနွေးကြသည်။ သို့သော်စိတ်ထဲတွင်သိရှိထားရမည်မှာ ရာခိုင်နှုန်းအပေါ်အခြေခံကာပေးချေရသော ကန်ထရိုက် အနေဖြင့်ဗိသုကာဆိုင်ရာ သို့မဟုတ် အင်ဂျင်နီယာဆိုင်ရာဝန်ဆောင်မှုကိစ္စရပ်များတွင် စီးပွားရေးအရ တွက်ချေကိုက်သော ဒီဇိုင်းမျိုးဆောက်လုပ်ပေးရန်ဆွဲဆောင်နိုင်အားလုံးဝလျော့နည်းစေပြီး ယင်းကဲ့သို့ ဝန်ဆောင်မှုမျိုး အဆိုပြုရန်ကိုလည်း စိတ်ဝင်စားမှုအားနည်းစေနိုင်သည်။ ထို့ကြောင့် အဆိုပါကန်ထရိုက်အား ဗိသုကာလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုမျိုးဆိုပါက တိတိကျကျသတ်မှတ်ထားသည့်ဝန်ဆောင်မှုများ (သို့သော် ဥပမာအားဖြင့် အလုပ်များ ကြီးကြပ်ခြင်းမဟုတ်)ကို ဖြည့်ဆည်းနိုင်ပြီး ပုံသေသတ်မှတ်ထားသည့် ကုန်ကျစရိတ်အပေါ်တွင်အခြေခံထားမှသာ အသုံးပြုရန် အကြံပြုထားသည်။

၄.၅ *တိကျစွာမသတ်မှတ်ထားသောခွဲဝေဆောင်ရွက်မှုကန်ထရိုက် (IDCs) သို့မဟုတ် ဈေးနှုန်းသဘောတူညီမှု* ။ ။ ငွေချေးယူသူများအနေဖြင့် လုပ်ငန်းတစ်ရပ်အတွက်အရန်သင့်ထားရှိသော အထူးကျွမ်းကျင်မှု အကြံပေးဝန်ဆောင်မှု များအား လျင်လျင်မြန်မြန်နှင့်အမြဲဆက်သွယ်ဆောင်ရွက်ရန်လိုအပ်သည့်အခါနှင့် အဆိုပါဝန်ဆောင်မှုအတွက် လိုအပ်မည့်ပမာဏနှင့်အချိန်အတိုင်းအတာအား ကြိုတင်မသတ်မှတ်ပေးနိုင်သောအခါမျိုးတွင် IDCs ကန်ထရိုက်အား အသုံးပြုကြသည်။ ယင်းကန်ထရိုက်အား အများအားဖြင့် ဘဏ်မှထောက်ပံ့ထားသော စီမံကိန်းများလုပ်ဆောင် နေသည့်ကာလအတွင်း စီမံကိန်းအခွဲများ သို့မဟုတ် ရှုပ်ထွေးသည့်လုပ်ငန်းများ (ဥပမာ – ဆည်မြောင်းတာတမံ စစ်ဆေးသည့်အဖွဲ့၊ အငြင်းပွားမှုဖြေရှင်းရေးဘုတ်အဖွဲ့၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲရေးများ၊ ပစ္စည်းဝယ်ယူရေး ဆိုင်ရာအကြံပေးမှု၊ နည်းပညာပိုင်းပြဿနာရှာဖွေဖြေရှင်းခြင်း၊ လုံခြုံရေးအကာအကွယ်ပြဿနာများ ဆန်းစစ် အကဲဖြတ်ခြင်းစသည်ဖြင့်) အား ဒီဇိုင်းရေးဆွဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းတို့တွင် အကြံပေးများ၊ ကျွမ်းကျင်သူအကဲဖြတ်ပုဂ္ဂိုလ်များ၊ ဖွဲ့စည်းထားသောရွေးချယ်ရေးအဖွဲ့ဝင်များ၊ သို့မဟုတ် ကျွမ်းကျင်ပုဂ္ဂိုလ်များအား ဆက်လက်ပါဝင်ဆောင်ရွက်ကြစေရန် ရည်ရွယ်အသုံးပြုကြကာ အနည်းဆုံး တစ်နှစ်တာကာလအတွက်ဖြစ်သည်။ လိုအပ်သောကျွမ်းကျင်သူများအတွက် သက်ဆိုင်ရာအရည်အချင်းနှင့် ကျွမ်းကျင်မှုများအပေါ်အလေးထားကာ ရွေးချယ်ရေးစံနှုန်းများချမှတ်ထားသည့် REOI အပေါ်စိတ်ဝင်စားကြောင်း အရည်အချင်းပြည့်မီသောအကြံပေးအဖွဲ့များမှ ပြန်လည်ရေးသားပေးပို့မှုတွင် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်သည်ဟုဖော်ပြထားသည့် အဆိုပြုကျွမ်းကျင်သူများစာရင်း မှတစ်ဆင့် ဝန်ဆောင်မှုများပေးရန် ကမ်းလှမ်းလေ့ရှိကြသည်။ ထို့နောက် ငွေချေးယူသူများသည် အရည်အချင်း ပြည့်မီသောကျွမ်းကျင်သူများအတွက် ဖြစ်နိုင်ဖွယ်ရာစာရင်း (Long List) အား ပြုစုထုတ်ပြန်ရမည်။ ငွေချေးယူသူနှင့် လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အစည်းများသည် ကျွမ်းကျင်သူများအတွက်ပေးချေရမည့် ကြိုတင်ပြင်ဆင်ထားသော အခနှုန်းထားများနှင့် စံပြကန်ထရိုက်ပါ သတ်မှတ်ထားသည့်အခြေအနေများအပေါ် သဘောတူညီရမည်ဖြစ်ကာ ပေးချေမှုများအား အမှန်တကယ်သုံးစွဲသည့်အချိန်ကာလအပေါ်အခြေခံ၍သာ ပေးချေရမည်။ ကျွမ်းကျင်သူများအား ရွေးချယ်ရာတွင် ဖျက်သိမ်းနိုင်ခွင့်ရှိသော ဖြစ်နိုင်ဖွယ်ရာအရည်အချင်းပြည့်မီသူစာရင်း (Long List) မှတစ်ဆင့်

လုပ်ငန်းအတွက်သတ်မှတ်ထားသော သီးခြား TOR နှင့်အတူ ရွေးချယ်ရမည်ဖြစ်သကဲ့သို့ အဆိုပါ ပုဂ္ဂိုလ်များ တင်ပြထားသည့် CV များအား နှိုင်းယှဉ်သုံးသပ်ခြင်း/ အရည်အသွေးဆိုင်ရာစိစစ်အကဲဖြတ်ခြင်းများ သို့မဟုတ် အခန္နှန်းထားပမာဏများအပေါ်အခြေခံ၍လည်း ရွေးချယ်ရမည်ဖြစ်ကာ လုပ်ငန်းတစ်ခုချင်းအတွက် သက်ဆိုင်ရာ ကန်ထရိုက်တစ်ခုစီ လက်မှတ်ရေးထိုးရမည်။

**အရေးပါသောထည့်သွင်းပြဋ္ဌာန်းချက်များ (Important Provisions)**

၄.၆ *ငွေကြေးအမျိုးအစား* ။ ။ လုပ်ငန်းဆောင်ရွက်ရန်ကမ်းလှမ်းသောအဖွဲ့အစည်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုအတွက် ဈေးနှုန်းကိုလွယ်ကူစွာပြောင်းလဲမှုပြုနိုင်သော မည်သည့်ငွေကြေးအမျိုးအစားဖြင့်မဆို တင်ပြနိုင်ကြောင်း RFP ထဲတွင်ရှင်းလင်းစွာဖော်ပြထားရမည်။ အကယ်၍ အကြံပေးများသည် စုစုပေါင်းပမာဏတစ်ရပ်အား မတူညီသောနိုင်ငံခြားငွေကြေးများဖြင့်ဈေးနှုန်းဖော်ပြလိုပါက ၎င်းတို့အနေဖြင့် ယင်းသို့လုပ်ဆောင်နိုင်ကာ အဆိုပြုလွှာထဲတွင် သုံးမျိုးထက်မပိုသောနိုင်ငံခြားငွေကြေးများပါဝင်နိုင်ကြောင်းပြဋ္ဌာန်းထားရမည်။ ငွေချေးယူသူသည် ပြည်တွင်း၌ကုန်ကျသောစရိတ်များအတွက် ကိုယ်စားပြုဈေးနှုန်းအစိတ်အပိုင်းအား ၎င်း၏နိုင်ငံတွင်အသုံးပြုသော ငွေကြေးဖြင့်ဖော်ပြပေးရန် အကြံပေးများအား လိုအပ်ကောင်းလိုအပ်နိုင်သည်။ ကန်ထရိုက်အရ ငွေကြေးပေးချေမှု ပြုလုပ်ရာတွင် အဆိုပြုလွှာတင်ပြစဉ်ကပေးချေရန် ထည့်သွင်းတောင်းဆိုထားသည့်ငွေကြေး သို့မဟုတ် ငွေကြေး အမျိုးအစားများဖြင့်သာ ပေးချေမှုပြုရမည်။

၄.၇ *ဈေးနှုန်းညှိနှိုင်းပြင်ဆင်မှု* ။ ။ အချိန်ကာလကိုအခြေခံ၍ပေးချေရသောကန်ထရိုက်တစ်ခု၊ အကယ်၍ ၎င်းအချိန်ကာလအနေဖြင့်လည်း (၁၈)လထက်ပို၍ကြာမြင့်မည်ဟုခန့်မှန်းရပါက ပေးချေရသောအခကြေးငွေနှုန်းထား များအား ပြည်တွင်းနှင့်/ သို့မဟုတ် ပြည်ပငွေကြေးဖောင်းပွမှုများကြောင့် ပြန်လည်ညှိနှိုင်းပြင်ဆင်နိုင်ရန် ဈေးနှုန်း ညှိနှိုင်းပြင်ဆင်မှုဆိုင်ရာပြဋ္ဌာန်းချက်တစ်ရပ်အား ကန်ထရိုက်အတွင်း၌ ထည့်သွင်းထားသင့်သည်။ အကယ်၍ အချိန် ကာလကိုအခြေခံ၍ပေးချေရသောကန်ထရိုက်များတွင် ပြည်တွင်း သို့မဟုတ် ပြည်ပငွေဖောင်းပွမှုနှုန်းထားသည် ခန့်မှန်းရန်မလွယ်ကူပဲ မြင့်တက်နိုင်မည်ဟုယူဆရပါက အထက်ပါကာလထက်ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခု အတွက်လည်း ဈေးနှုန်းညှိနှိုင်းပြင်ဆင်မှုပြဋ္ဌာန်းချက်ကို ထည့်သွင်းနိုင်သည်။ ခြွင်းချက်အနေဖြင့် တန်ဖိုး သေးငယ်သော နှစ်များစွာအတွက်ကန်ထရိုက်များ (ဥပမာ– စာရင်းစစ်ဆေးပေးသူများနှင့်ချုပ်သည့်ကန်ထရိုက်များ) မှလွဲ၍ တစ်လုံးတစ်ခဲတည်းပေးချေမှုအပေါ်အခြေခံသောကန်ထရိုက်များအနေဖြင့် ၎င်းတို့၏အချိန်ကာလမှာ (၁၈) လ ထက်နည်းမည်ဟုမျှော်လင့်ရသောအခါ ၎င်းကန်ထရိုက်များသည် အလိုအလျောက်ဈေးနှုန်းညှိနှိုင်းပြင်ဆင်မှုနှင့် သက်ဆိုင်ခြင်းမရှိပေ။ သို့သော် ဝန်ဆောင်မှုများ၏ပမာဏသည် မူလရှိပြီးသားTOR နှင့်ကန်ထရိုက်များထဲတွင် ထင်မြင်စဉ်းစားထားသည့်ပမာဏထက် ပိုမိုများပြားခြင်းရှိလာပါက တစ်လုံးတစ်ခဲတည်းပေးချေမှုအပေါ်အခြေခံသော ကန်ထရိုက်တစ်ခုဈေးနှုန်းအား ခြွင်းချက်အနေဖြင့် ပြင်ဆင်ပြောင်းလဲနိုင်သည်။

၄.၈ *ပေးချေမှုဆိုင်ရာပြဋ္ဌာန်းချက်များ* ။ ။ ငွေပေးချေရမည့်ပမာဏများ၊ ပေးချေရမည့်အချိန်ဇယားနှင့် ပေးချေမှု နည်းလမ်းများဆိုင်ရာပြဋ္ဌာန်းချက်များအား ကန်ထရိုက်ညှိနှိုင်းဆွေးနွေးမှုများပြုနေစဉ်အတွင်း သဘောတူညီမှုရထား ရမည်။ ပေးချေမှုများအား ပုံမှန်အချိန်ကာလများ (အချိန်ကာလကိုအခြေခံ၍ပေးချေရသောကန်ထရိုက်များပါအတိုင်း) သတ်မှတ်၍လည်းကောင်း သို့မဟုတ် သဘောတူညီထားသောရလဒ်များ/ ပြီးစီးမှုကို (တစ်လုံးတစ်ခဲတည်းပေးချေမှု အပေါ်အခြေခံသောကန်ထရိုက်များပါအတိုင်း) အခြေခံ၍လည်းကောင်း ပြုလုပ်ရမည်။ ကြိုတင်ငွေထုတ်ယူ လိုမှုများအတွက် (ဥပမာအားဖြင့် လုပ်ငန်းစတင်လည်ပတ်နိုင်ရန်လှုံ့ဆော်စရိတ်များ) ငွေကြေးထုတ်ပေးမှုများအား ကြိုတင်ငွေထုတ်ပေးလွှာအာမခံချက် သို့မဟုတ် အာမခံတစ်ခုခုဖြင့် စိတ်ချသေချာမှုရှိစေရမည်ဖြစ်ရာ ခြွင်းချက် အားဖြင့် စာမျက်နှာအောက်ခြေမှတ်စုနံပါတ်–၃၄တွင်ဖော်ပြထားသည့် အလွန်သေးငယ်သောကန်ထရိုက်အမျိုးအစားများ မှလွဲ၍ ဖြစ်သည်။ သို့သော် ကြိုတင်ငွေထုတ်ယူလိုသည့်ပမာဏသည် ကန်ထရိုက်တန်ဖိုးစုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် ယင်းထက်နည်းပါက ငွေချေးယူသူသည် အဆိုပါကြိုတင်ငွေထုတ်ပေးလွှာအာမခံချက် သို့မဟုတ် အာမခံတစ်ခုခုအားမလိုအပ်ကြောင်းဆုံးဖြတ်နိုင်ပြီး ယင်းကဲ့သို့ကိစ္စရပ်မျိုးအား RFP ပါကန်ထရိုက်မူကြမ်း ထဲတွင် တိတိကျကျ ဖော်ပြထားရမည်။

၄.၉ ငွေကြေးပေးချေမှုများအား ကန်ထရိုက်ပါသဘောတူညီမှုများနှင့်အညီ လျင်မြန်စွာပေးချေရမည်။ ထိုသို့ပေးချေမှုပြီးစီးစေရန်

(က) ငွေချေးယူသူ၏တောင်းဆိုချက်အရ ဘဏ်မှ အကြံပေးများသို့တိုက်ရိုက်ပေးချေခြင်း သို့မဟုတ် ခြွင်းချက်အားဖြင့် ငွေထုတ်ယူခွင့်စာဖြင့်ထုတ်ပေးခြင်း

(ခ) အငြင်းပွားမှုရှိနေသည့်ပမာဏများကိုသာချန်လုပ်၍ ငွေတောင်းခံလွှာပါ ကျန်ငွေကြေးပမာဏများအား ကန်ထရိုက်ပါသဘောတူညီချက်နှင့်အညီထုတ်ပေးခြင်း နှင့်

(ဂ) အကယ်၍ငွေကြေးပေးချေမှုသည် လုပ်ငန်းအပ်နှံသူကြောင့် ကန်ထရိုက်ပါခွင့်ပြုထားသော ကာလထက်ကျော်လွန်နှောင့်နှေးနေပါက ငွေကြေးစိုက်ထုတ်ပေးချေထားမှုအတွက်အခငွေအား ကန်ထရိုက်ထဲတွင်ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ယင်းအတွက်နှုန်းထားကိုလည်း သတ်မှတ်ပေးထားရမည်။

၄.၁၀ *အဆိုပြုမှုနှင့်လုပ်ဆောင်မှုများအပေါ်အာမခံထားရှိခြင်းများ / နှောင့်နှေးကြန့်ကြာမှုအတွက်ဒဏ်ကြေးများ* ။ ။ အကြံပေးပုဂ္ဂိုလ်များ၏ဝန်ဆောင်မှုများအတွက် အဆိုပြုမှုနှင့်လုပ်ဆောင်မှုများအပေါ် အာမခံထားရှိခြင်းများအား ထောက်ခံမှုမပြုကြပဲ အကယ်၍လိုအပ်ပါကလည်း သင့်တင့်လျောက်ပတ်သောပမာဏတစ်ရပ်သာ ဖြစ်သင့်ပါသည်။ ၎င်းတို့အားပြဋ္ဌာန်းမှုအတွက်မျှတမှုရှိမရှိစစ်ဆေးရန်တောင်းဆိုခြင်းများနှင့် ယင်းတို့အား လွဲမှားစွာဖြင့်လွယ်လွယ်ကူကူအသုံးချနိုင်ခြင်း၊ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများအတွက်သိသာထင်ရှားသောအကျိုးကျေးဇူးမရှိဘဲ ကုန်ကျစရိတ်များတက်စေခြင်းနှင့် နောက်ဆုံးတွင်ငွေချေးယူသူထံသို့သာစရိတ်များလွှဲပြောင်းပေးခံရခြင်းတို့အတွက်ကြောင့် ဖြစ်ကြသည်။ ထို့အပြင် ပညာရှင်တစ်ဦး၏အချိန်မီဝန်ဆောင်မှုပေးနိုင်မှုများနှင့် အတိုင်ပင်ခံအကြံပေးရသော သဘောသဘာဝမှာလည်း လုပ်ငန်းအပ်နှံသူ၏ဆောင်ရွက်နေမှုများအပေါ် နည်းလမ်းအမျိုးမျိုးဖြင့်မှီတည်နေရသောကြောင့် အကယ်၍နှောင့်နှေးမှုများရှိလာပါက အကြံပေးပုဂ္ဂိုလ်၏တာဝန်အဖြစ်သာသတ်မှတ်ခြင်းမှာခက်ခဲမည်ဖြစ်သဖြင့် နှောင့်နှေးမှုများအတွက် *နှောင့်နှေးကြန့်ကြာမှုဒဏ်ကြေးအသုံးပြုခြင်း*ကိုလည်း အကြံပေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ထောက်ခံမှုမပြုကြပေ။

၄.၁၁ *ငွေချေးယူသူ၏ထည့်ဝင်ပံ့ပိုးမှု* ။ ။ ငွေချေးယူသူသည် ကျွမ်းကျင်မှုစွမ်းဆောင်ရည်အမျိုးမျိုးရှိသော ၎င်း၏ပညာရှင်ဝန်ထမ်းများအား လုပ်ဆောင်မည့်လုပ်ငန်းအတွက်တာဝန်ပေးအပ်နိုင်သည်။ ငွေချေးယူသူနှင့်အကြံပေးအကြားချုပ်ဆိုထားသောကန်ထရိုက်တွင် ငွေချေးယူသူဘက်မှထည့်ဝင်ပံ့ပိုးရမည့် အဆင့်တူဝန်ထမ်းဟုခေါ်လေ့ရှိသောယင်းကဲ့သို့ဝန်ထမ်းမျိုးနှင့် အခြားအထောက်အကူပြုပံ့ပိုးမှုများဖြစ်သော အိမ်ရာအဆောက်အုံ၊ ရုံးနေရာထိုင်ခင်း၊ ရုံးတွင်းလုပ်ငန်းဆောင်တာများဆိုင်ရာပံ့ပိုးမှု၊ လျှပ်စစ်မီးနှင့်ရေ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် ယာဉ်ယန္တရားများစသည်တို့နှင့်သက်ဆိုင်သည်များကို အသေးစိတ်ထည့်သွင်းဖော်ပြထားရမည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း အကယ်၍ အဆိုပါပံ့ပိုးမှုများရုတ်သိမ်းသွားခြင်း သို့မဟုတ် လိုအပ်သည့်အရာတစ်ခုခုအားမပံ့ပိုးပေးနိုင်ခြင်းစသည့် ကိစ္စရပ်များအတွက် ၎င်းပုဂ္ဂိုလ်မှလုပ်ဆောင်နိုင်သည့်အရာများအား ကန်ထရိုက်တွင်ညွှန်ပြထားရမည်ဖြစ်ကာ အဆိုပါကိစ္စမျိုးတွင် အကြံပေးပုဂ္ဂိုလ်အနေဖြင့် နစ်နာကြေးရရှိမည်ဖြစ်သည်။

၄.၁၂ *အကျိုးစီးပွားချင်းပဋိပက္ခဖြစ်ခြင်း* ။ ။ ကန်ထရိုက်ပါအချက်အလက်များအတိုင်းမှလွဲ၍ အကြံပေးအနေဖြင့်လုပ်ငန်းနှင့်ဆက်စပ်ပြီး မည်သည့်အခကြေးငွေခံစားခွင့်မျှ ရရှိမည်မဟုတ်ပါ။ ကန်ထရိုက်ပါစည်းကမ်းချက်အရ အကြံပေးနှင့် ယင်းနှင့်ပူးပေါင်းဆောင်ရွက်သူများသည် လုပ်ငန်းအပ်နှံသူ၏အကျိုးစီးပွားနှင့် ပဋိပက္ခဖြစ်စေသည့် အကြံပေးခြင်းများ သို့မဟုတ် အခြားလုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်ရမည်မဟုတ်ပါ။ သို့ဖြစ်ရာ ဤလမ်းညွှန်၏အပိုဒ်ခွဲ ၁.၉ နှင့် ၁.၁၀ တွင်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီ အဖွဲ့အစည်းတစ်ရပ်၏အကြံပေးဝန်ဆောင်မှုများကြောင့်ပေါ်ပေါက်လာသော သို့မဟုတ် ယင်း၏ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်စပ်နေသောအခြားဝန်ဆောင်မှုများတွင် အကြံပေးပုဂ္ဂိုလ်အနေဖြင့် အနာဂတ်၌ဝင်ရောက်ဆောင်ရွက်နိုင်မှုအား ကန့်သတ်ထားသည့်ပြဋ္ဌာန်းချက်များအား ကန်ထရိုက်တွင်ထည့်သွင်းထားရမည်။

၄.၁၃ *ပညာရှင်ပိုင်းတာဝန်ယူဆောင်ရွက်မှု* ။ ။ အကြံပေးသည် မိမိလုပ်ဆောင်ရမည့်လုပ်ငန်းအား ပညာရှင်တစ်ဦးထားရှိလိုက်နာသင့်သော အရည်အချင်းအဆင့်အတန်းများနှင့်အညီ လုံလောက်သောလုံ့လဝီရိယစိုက်ထုတ်မှုပြုကာဆောင်ရွက်ပေးရန်မျှော်လင့်သည်။ ငွေချေးယူသူအတွက် အကြံပေးမှတာဝန်ယူဆောင်ရွက်ပေးရမည့်အပိုင်းအား

တည်ဆဲသက်ဆိုင်ရာဥပဒေဖြင့်စီမံထိန်းကြောင်းထားသဖြင့် အကယ်၍ သက်ဆိုင်သူများအနေဖြင့် အဆိုပါ တာဝန်ယူမှုအပိုင်းနှင့်ပတ်သက်ပြီး ထိန်းချုပ်ကန့်သတ်ထားရန်ဆန္ဒမရှိပါက ကန်ထရိုက်တွင်ယင်းကိစ္စရပ်အားဆွေးနွေး ညှိနှိုင်းရန်မလိုအပ်ပါ။ ထို့ကြောင့် ယင်းသို့ဆောင်ရွက်ထားသည်ဆိုပါက သက်ဆိုင်သူများအနေဖြင့် (က) အကြံပေး ပုဂ္ဂိုလ်၏အလုံးစုံသောပေါ့ဆမှု သို့မဟုတ် စိတ်သဘောအတိုင်းမှားယွင်းလုပ်ဆောင်မှုစသည့် ကိစ္စရပ်များအတွက် မည်သည့်ထိန်းချုပ်ကန့်သတ်ထားမှုမျှမထားရှိခြင်း (ခ) ငွေချေးယူသူအတွက် အကြံပေးမှ တာဝန်ယူဆောင်ရွက် ပေးရမည့်အပိုင်းအား မည်သည့်ကိစ္စတွင်မှ RFPနှင့် ကန်ထရိုက်၏အထူးအခြေအနေများထဲတွင် ဖော်ပြရမည့် ကန်ထရိုက်စုစုပေါင်းတန်ဖိုး၏ တိုးပွားကိန်း (Multiplier) ထက်နည်းအောင် ထိန်းချုပ်ကန့်သတ်ထားမှုမရှိခြင်း (အဆိုပါကန့်သတ်ထားသည့်ပမာဏမှာ ကိစ္စရပ်တစ်ခုချင်းအပေါ်တွင်မူတည်နေသည်) [၅၃] (ဂ) မည်သည့်ထိန်းချုပ် ကန့်သတ်မှုမဆို လုပ်ငန်းအပ်နှံသူအတွက် အကြံပေးမှတာဝန်ယူဆောင်ရွက်ပေးရမည့်အပိုင်းနှင့်ပတ်သက်၍သာ ဆက်စပ်ဆွေးနွေးနိုင်ပြီး အကြံပေးမှ အခြားတတိယမြောက်သက်ဆိုင်သူများအတွက် တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းနှင့်သက်ဆိုင်မှုမရှိစေခြင်းစသည်တို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်။

၄.၁၄ *ကျွမ်းကျင်သူပုဂ္ဂိုလ်များအစားထိုးလဲလှယ်ခြင်း* ။ ။ လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း ထိုကဲ့သို့ အစားထိုးလဲလှယ်မှုပြုရန် (ဥပမာအားဖြင့် ကျွမ်းကျင်သူတစ်ဦး၏ကျန်းမာရေးမကောင်းတော့ခြင်း သို့မဟုတ် ကျွမ်းကျင်သူတစ်ဦးအနေဖြင့် လုပ်ငန်းအတွက်မသင့်လျော်တော့ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် အရည်အချင်း မပြည့်မီတော့ခြင်း) လိုအပ်လာပါက အကြံပေးအနေဖြင့် ငွေချေးယူသူ၏အတည်ပြုချက်ရယူရန် အနိမ့်ဆုံးအားဖြင့် တူညီသောအရည်အချင်းရှိသည့်အခြားကျွမ်းကျင်သူများအား အဆိုပြုတင်ပြရမည်။

၄.၁၅ *သက်ဆိုင်ရာဥပဒေနှင့်အငြင်းပွားမှုများဖြေရှင်းခြင်း* ။ ။ အငြင်းပွားမှုများဖြေရှင်းရန်အတွက် သက်ဆိုင်ရာ ဥပဒေနှင့် ပြည်သူ့ရေးရာစီရင်ခြင်းဆိုင်ရာတာဝန်ရှိသူများအကြောင်းအရာတို့ကို ကန်ထရိုက်တွင်ဖော်ပြထားရမည်။ ထို့ကြောင့် အကြံပေးများ၏ကန်ထရိုက်များတွင် အငြင်းပွားမှုများဖြေရှင်းရန်အတွက် အပိုဒ်ငယ်တစ်ပိုဒ် အမြဲပါရှိ ရမည်ဖြစ်သည်။ အငြင်းပွားမှုများဖြေရှင်းခြင်းနည်းလမ်းများအနက် ကြားခံနေရာတစ်ခု၌ နိုင်ငံတကာကူးသန်း ရောင်းဝယ်မှုဆိုင်ရာ ခုံရုံးဖွဲ့ဆုံးဖြတ်ချက်ချမှတ်ခြင်းမှာ လက်တွေ့အကျိုးကျေးဇူး များပြားပါသည်။ ထို့ကြောင့် ဘဏ်အနေဖြင့် ခိုင်လုံသောအကြောင်းပြချက်များဖြင့် တူညီသော ပြည်တွင်းဥပဒေနှင့်ခုံရုံးဖွဲ့စစ်ဆေးမှုနည်းလမ်းများ ရှိခြင်းကြောင့် ကမ္ဘာ့ဘဏ်မှသီးခြားလျှော့ပေါ့ပေးထားခြင်းမပြုထားပါက နိုင်ငံခြားသားအကြံပေးပုဂ္ဂိုလ်များနှင့် ချုပ်ဆိုသည့်ကန်ထရိုက်စာချုပ်များတွင် ငွေချေးယူသူအား နိုင်ငံတကာကူးသန်းရောင်းဝယ်မှုဆိုင်ရာ ခုံရုံးဖွဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းအား ထည့်သွင်းစေရမည်။ သို့သော် ဘဏ်အား ခုံသမာဓိအဖြစ်ပြုလုပ်ပေးရန် သို့မဟုတ် ခုံသမာဓိလူကြီးတစ်ဦးအား အမည်တပ်ခေါ်ယူပေးရန်တောင်းဆိုခြင်း မပြုလုပ်ရပါ။[၅၄]

---

[၅၃] အဆိုပါထိန်းချုပ်ကန့်သတ်များအားကျော်လွန်နိုင်သည့်ဆုံးရှုံးနစ်နာနိုင်ချေများအတွက် စိတ်ချလုံခြုံမှုရှိစေရေး အာမခံနိုင်ရန်ဆောင်ရွက်မှုအား ငွေချေးယူသူများအား တိုက်တွန်းအပ်သည်။ ကန်ထရိုက်စုစုပေါင်းတန်ဖိုး၏တိုးပွားကိန်း (Multiplier) တန်ဖိုးသည်လည်း "တစ်" ထက်ကြီးသင့်ပါသည်။ ဤနေရာတွင် ပညာရှင်ပိုင်း တာဝန်ယူဆောင်ရွက်မှုဆိုင်ရာလိုအပ်ချက်များမလိုအပ်ပါက RFP အပေါ် ဘဏ်၏ကန့်ကွက်ရန်မရှိကြောင်းရယူရာ၌ ငွေချေးယူသူအနေဖြင့် အကြောင်းပြချက်များအား ရှင်းလင်းရမည်ဖြစ်သည်။

[၅၄] နားလည်ပြီးဖြစ်သည့်အတိုင်း International Center for Settlement of Investment Disputes (ICSID) မှ တာဝန်ရှိသူများသည် ICSID အရာရှိများအဖြစ် ခုံသမာဓိလူကြီးများအား လွတ်လပ်စွာအမည်တပ်ဖွဲ့စည်းနိုင်သည်။

## ၅။ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအားရွေးချယ်ခြင်း
## V. SELECTION OF INDIVIDUAL CONSULTANTS

၅.၁ လုပ်ငန်းများအနေဖြင့် (က) ကျွမ်းကျင်သူများအားအဖွဲ့လိုက်မလိုအပ်ခြင်း (ခ) ထပ်မံ၍ ပြင်ပမှ (မိခင်ရုံးပြင်ပမှ) ကျွမ်းကျင်မှုအကူအညီမလိုအပ်ခြင်းနှင့် (ဂ) တစ်ဦးတစ်ယောက်ချင်း၏ အတွေ့အကြုံ အရည်အချင်းမှာ အဓိကကျသည့်လိုအပ်ချက်ဖြစ်နေခြင်းစသည်တို့အတွက် အကြံပေးပုဂ္ဂိုလ်များအား တစ်ဦးချင်း [၅၅] ရွေးချယ်ငှားရမ်းကြသည်။ အကယ်၍ တစ်ဦးချင်းငှားရမ်းထားသည့်အကြံပေးပုဂ္ဂိုလ်များ အရေအတွက်များပြားလာသဖြင့် ဆက်သွယ်ညှိနှိုင်းရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် တာဝန်ခွဲဝေရေးစသည်တို့ ခက်ခဲလာသောအခါ အစုအဖွဲ့လိုက်အနေဖြင့် ငှားရမ်းခန့်အပ်ရန် အကြံပြုအပ်သည်။ သို့သော် တစ်ဦးချင်းအရည်အချင်းပြည့်မီသော အကြံပေးပုဂ္ဂိုလ်များအား မရရှိနိုင်သည့်အခါမျိုး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်နှင့်ယခင်ရှိပြီးသား သဘောတူညီချက်ကြောင့် ငွေချေးယူသူနှင့်တိုက်ရိုက်လက်မှတ်ရေးထိုးမှုမပြုနိုင်သည့်အခါမျိုးတွင် လုပ်ငန်းအတွက် တစ်ဦးချင်းအရည်အချင်းပြည့်မီသောအကြံပေးပုဂ္ဂိုလ်များအားအဆိုပြုပေးရန် ငွေချေးယူသူအနေဖြင့် အဖွဲ့အစည်းများ ထံသို့ ဖိတ်ကြားနိုင်သည်။

၅.၂ စိတ်ဝင်စားမှုဖော်ပြလွှာ (EOI) များ ရရှိရေးအတွက် ကြော်ငြာမှုများပြုလုပ်ရန် အားပေးခြင်းပြုရာတွင် အထူးသဖြင့် ငွေချေးယူသူအနေဖြင့် အတွေ့အကြုံရင့်ကျက်ကာအရည်အချင်းပြည့်မီသော တစ်ဦးချင်းပုဂ္ဂိုလ်များ သို့မဟုတ် ၎င်းတို့၏အချိန်ပေးနိုင်မှု/ရရှိနိုင်မှုနှင့်ပတ်သက်၍ လုံလောက်စွာမသိရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် ဝန်ဆောင်မှုများမှာရှုပ်ထွေးခြင်း၊ သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာခြင်းမှ အကျိုးကျေးဇူးများ ရရှိနိုင်လျှင်သော်လည်းကောင်း၊ သို့မဟုတ် ပြည်တွင်းတည်ဆဲဥပဒေအရ မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်လျှင်သော် လည်းကောင်း စသည့်အခြေအနေများတွင် ဖြစ်ပါသည်။ သို့သော် ယင်းသို့ကြော်ငြာခြင်းအား ကိစ္စရပ်အားလုံး အတွက်လိုအပ်ခြင်းမရှိသောကြောင့် တန်ဖိုးသေးငယ်သောကန်ထရိုက်မျိုးဆိုပါက [၅၆] ကြော်ငြာရန် မလိုအပ်ပါ။ စိတ်ဝင်စားမှုဖော်ပြလွှာ (EOI) များတောင်းခံသည့် ဖိတ်ခေါ်မှုအားလုံးတွင် အတွေ့အကြုံနှင့် အရည်အချင်းပြည့်မီမှု ကိုသာအဓိကထားသည့် ရွေးချယ်ရေးစံနှုန်းများအား တိတိကျကျထည့်သွင်းဖော်ပြထားရမည်။ အကယ်၍ အဖွဲ့အစည်းများအနေဖြင့် တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအတွက် အဆိုပြုကမ်းလှမ်းရန် ဖိတ်ခေါ်ခြင်းခံရသည့်အခါ အဆိုပါ တစ်ဦးချင်းပုဂ္ဂိုလ်များ၏အတွေ့အကြုံနှင့် အရည်အချင်းပြည့်မီမှုများမှလွဲ၍ ၎င်းတို့အဖွဲ့၏အတွေ့အကြုံများကို ရွေးချယ်မှု၌ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းကို EOI တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်ဖြစ်သည့်အပြင် ကန်ထရိုက်အားလည်း ဖိတ်ခေါ်ခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် အဆိုပြုထားသောတစ်ဦးချင်းပုဂ္ဂိုလ်များအနက် မည်သူနှင့်လက်မှတ်ရေးထိုးမည်ကို ရှင်းလင်းသိသာစွာ ဖော်ပြထားရပါမည်။

၅.၃ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအား ၎င်းတို့၏သက်ဆိုင်ရာအတွေ့အကြုံ အရည်အချင်းနှင့်လုပ်ငန်းအတွက် စွမ်းဆောင်နိုင်ရည်များအပေါ်အခြေခံကာ ရွေးချယ်ရမည်။ ၎င်းတို့အနေဖြင့် အဆိုပြုလွှာများအားပေးပို့ရန်မလိုအပ်ပဲ ငွေချေးယူသူမှ လုပ်ငန်း၏သဘောသဘာဝနှင့်ခက်ခဲရှုပ်ထွေးမှုအပေါ်အခြေခံကာ စစ်ဆေးဆုံးဖြတ်မည့် သက်ဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်များအားကိုက်ညီမှုရှိသောအခါ ထည့်သွင်းစဉ်းစားခံရမည်ဖြစ်သလို ပညာရေးနောက်ခံ အနေအထားနှင့် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံများအပြင် သင့်လျော်ပါက နိုင်ငံတော်ဘာသာစကား၊ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေးစနစ်များနှင့် အစိုးရအဖွဲ့အစည်းများကဲ့သို့သော ဒေသဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နားလည်

---

[၅၅] ကမ္ဘာ့ဘဏ်၏ UCS piloting program အရ လိုအပ်နေသည့်ဝန်ဆောင်မှုများအတွက် တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအား အပိုဒ်ခွဲ ၃.၁၂တွင် ညွှန်ပြထားသည့် နည်းလမ်းများနှင့်အညီရွေးချယ်ရမည်ဖြစ်ကာ ဘဏ်မှချမှတ်ထားသော အမြင့်ဆုံးသတ်မှတ်ချက်အောက်တွင်ရှိနေသောလုပ်ငန်းများနှင့် သက်ဆိုင်စေရမည်။

[၅၆] တစ်ဦးချင်းဆိုင်ရာကန်ထရိုက်သည် အမေရိကန်ဒေါ်လာ ၅၀၀၀၀ အောက်ဆိုပါက EOIs အတွက်ကြော်ငြာခြင်းအား မပြုလုပ်ကြပါ။ သို့သော်လည်း ယင်းကဲ့သို့ အနိမ့်ဆုံးအဆင့်အား လုပ်ငန်းများ၏သဘောသဘာဝ၊ ခက်ခဲရှုပ်ထွေးမှုနှင့် ဆုံးရှုံးနစ်နာနိုင်ချေများကိုထည့်သွင်းစဉ်းစားလျက် ကိစ္စရပ်တစ်ခုချင်းစီ အလိုက်သာ သတ်မှတ်ဆုံးဖြတ်ရပါမည်။
ငွေချေးယူသူ၏တောင်းဆိုချက်အရ ယင်းကဲ့သို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ငွေချေးယူသူနိုင်ငံရှိပုဂ္ဂိုလ်တစ်စုံတစ်ဦးအား ဘဏ်မှ ငွေကြေးထောက်ပံ့ခြင်းသည် အရည်အချင်းပြည့်မီမှုမရှိဆိုသည့်အပေါ် ဘဏ်မှ သဘောတူကောင်းတူမည်ဖြစ်ရာ ယင်းပုဂ္ဂိုလ်မှာ ငွေချေးယူသူနိုင်ငံ၏ သင့်လျော်သည့် တရားစီရင်ရေး အာဏာပိုင်မှ ကန်ထရိုက်ရယူလုပ်ပိုင်ခွင့်အားတားမြစ်ခံထားရခြင်းကြောင့်လည်းကောင်း၊ သက်ဆိုင်ရာတရားဥပဒေများအရ အရေးယူဆောင်ရွက်ခံထားရခြင်းကြောင့်လည်းကောင်းဖြစ်နိုင်သည့်အပြင် ဘဏ်အနေဖြင့်လည်း ထိုကဲ့သို့ပုဂ္ဂိုလ်အား လိမ်လည်လှည့်ဖြားမှု သို့မဟုတ် အကျင့်ပျက်ခြစားခြင်းတွင် ပါဝင်ပတ်သက်နေသည်ဟုသတ်မှတ်ထားပြီး တရားစီရင်ရေးလမ်းကြောင်းမှ လုံလုံလောက်လောက် အရေးယူဆောင်ရွက်ထားသည်ဟု သတ်မှတ်ထားသောအခါမျိုးတွင် ဖြစ်ပါသည်။

ဗဟုသုတရှိမှုစသည့်အချက်များကိုပါအခြေခံ၍ အကဲဖြတ်သုံးသပ်ခြင်းခံရမည်ဖြစ်သည်။ ထို့အပြင် တိုက်ရိုက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်မှဖြစ်စေ လုပ်ငန်းအပေါ်စိတ်ဝင်စားကြောင်းတုံ့ပြန်သည့် သို့မဟုတ် ငွေချေးယူသူမှတိုက်ရိုက်ဆက်သွယ်ခြင်းခံရသည့် အကြံပေးပုဂ္ဂိုလ်များအနက်မှ အရည်အချင်းပြည့်မီသည့်ပုဂ္ဂိုလ် အနည်းဆုံးသုံးဦးတို့၏ သက်ဆိုင်ရာဘက်စုံစွမ်းဆောင်နိုင်ရည်များအား နှိုင်းယှဉ်စိစစ်ခြင်းမှတစ်ဆင့် ရွေးချယ်မှုအား လုပ်ဆောင်ရမည်ဖြစ်သည်။ ငွေချေးယူသူမှခန့်အပ်ရန် ရွေးချယ်ခန့်အပ်လိုက်သော တစ်ဦးချင်းပုဂ္ဂိုလ်များအနေဖြင့် အရည်အချင်းအပြည့်ဝဆုံးနှင့် အတွေ့အကြုံရင့်ကျက်မှုအများဆုံးဖြစ်ရမည်ဖြစ်ကာ လုပ်ငန်းအားစွမ်းဆောင်ရည်အပြည့်ဖြင့်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ငွေချေးယူသူသည် သင့်တင့်မျှတသောအခကြေးငွေနှင့် အခြားခွင့်ပြုအသုံးစရိတ်များအပါအဝင် ကန်ထရိုက်တွင်ပါရှိသည့်စည်းကမ်းချက်များနှင့်အခြေအနေများအပေါ် ကျေနပ်ဖွယ်ရာ သဘောတူညီမှုရရှိပြီးပါက ရွေးချယ်ထားသောတစ်ဦးချင်းအကြံပေးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းနှင့်ကန်ထရိုက်ကိစ္စညှိနှိုင်းဆွေးနွေးရမည် ဖြစ်သည်။

၅.၄ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များရွေးချယ်မှုမှာ အများအားဖြင့် စာချုပ်မချုပ်မီကြိုတင်စစ်ဆေးခြင်းနှင့်သက်ဆိုင်ခြင်းမရှိပေ။ သို့ရာတွင် ငွေချေးယူသူအနေဖြင့် (က) ၎င်းအနေဖြင့် အရည်အချင်းပြည့်မီသည့်ပုဂ္ဂိုလ် အနည်းဆုံးသုံးဦးတို့အားငှားရမ်းခြင်းမတိုင်ခင် နှိုင်းယှဉ်သုံးသပ်မှုပြုရန်မတတ်နိုင်တော့ခြင်း (ဤကိစ္စရပ်အတွက် ၎င်းအနေဖြင့်အကြောင်းပြချက်များပေးရန်လိုအပ်ပါသည်) ၊ (ခ) ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၅.၁ အရ ၎င်းအနေဖြင့် အဖွဲ့အစည်းများအား တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များ၏ဝန်ဆောင်မှုအတွက် အဆိုပြုကမ်းလှမ်းရန်ဖိတ်ခေါ်ခြင်းမပြုမီ (ဂ) ထပ်မံ၍ ဒုတိယအသင့်တော်ဆုံးပုဂ္ဂိုလ်နှင့်ညှိနှိုင်းဆွေးနွေးရန် ဆက်လက်လုပ်ဆောင်ခြင်း မပြုမီ ရွေးချယ်ထားသောတစ်ဦးချင်းအကြံပေးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းနှင့်ညှိနှိုင်းဆွေးနွေးမှုပျက်ပြားသွားခြင်းနှင့် (ဃ) ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၅.၆ အရ ရင်းမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်းစသည့်ကိစ္စရပ်များအတွက် ဘဏ်၏ကန့်ကွက်ရန်မရှိမှုအားရယူရန် လိုအပ်မည်ဖြစ်သည်။ ဘဏ်အနေဖြင့်လည်း အချို့သောတစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်အမျိုးအစားများအား [၅၇] ရွေးချယ်မှုအတွက် စာချုပ်မချုပ်မီကြိုတင်စစ်ဆေးခြင်းအဆင့်အား လိုအပ်ပါသည်။

၅.၅ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအတွက် အကြံပေးအဖွဲ့အစည်းတစ်ခုနှင့်ကန်ထရိုက်လက်မှတ်ရေးထိုးပါက ၎င်း၏အမြဲတမ်းဝန်ထမ်း သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများ သို့မဟုတ် အခြားကျွမ်းကျင်သူများအား ၎င်းအနေဖြင့် အသစ်ခန့်ထားနိုင်ပြီး ဤလမ်းညွှန်ချက်များတွင်ဖော်ပြထားသော အကျိုးစီးပွားချင်းပဋိပက္ခဖြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များမှာလည်း ယင်းမိခင်အဖွဲ့အစည်းထံ အကျိုးသက်ရောက်မည်ဖြစ်သည်။ ကနဦး အဆိုပြုထားခြင်း ခံရကာ စိစစ်အကဲဖြတ်ပြီးဖြစ်သော မည်သည့်တစ်ဦးချင်းပုဂ္ဂိုလ်အတွက်မျှ အစားထိုးလဲလှယ်မှုကိုခွင့်ပြုမည်မဟုတ်ဘဲ အကယ်၍ ထိုကဲ့သို့ဖြစ်ပေါ်လာပါက အနီးကပ်ဆုံးအဆင့်သတ်မှတ်ထားသော နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးနှင့် ကန်ထရိုက်အား လက်မှတ်ရေးထိုးမည်ဖြစ်သည်။

၅.၆ အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်းနည်းလမ်းအရ မျှတသင့်လျော်သော စစ်ဆေးသုံးသပ်မှုများဖြင့် တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များအားရွေးချယ်မှုပြုလုပ်နိုင်ရာ ခြွင်းချက်အားဖြင့် အချို့သောကိစ္စရပ်များ ဖြစ်သည့် (က) အကြံပေးပုဂ္ဂိုလ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မှုမှတစ်ဆင့်ရရှိခဲ့သည့် ယခင်လုပ်ဆောင်ခဲ့ဖူးသော လုပ်ငန်းဖြစ်ကာ ယင်းနှင့်ဆက်စပ်၍ ဆက်လက်လုပ်ဆောင်ရမည့်အလုပ်များဖြစ်နေခြင်း (ခ) လုပ်ငန်းများအနေဖြင့် စုစုပေါင်းခန့်မှန်းကြာမြင့်ချိန် ၆လ ထက်နည်းနေခြင်း (ဂ) အရေးပေါ်လုပ်ဆောင်ရမည့်အခြေအနေဖြစ်နေခြင်းနှင့် (ဃ) အဆိုပါတစ်ဦးချင်းပုဂ္ဂိုလ်အနေဖြင့် လုပ်ငန်းအတွက်အရည်အချင်းပြည့်မီသော တစ်ဦးတည်းသောအကြံပေး

---

[၅၇] ကာလကြာရှည်စွာနည်းပညာအကူအညီပေးရန် သို့မဟုတ် စီမံကိန်းအား (ချေးငွေသဘောတူညီချက် သို့မဟုတ် ဝယ်ယူငှားရမ်းရေးအစီအစဉ်ပါ ကနဦးကြိုတင်စစ်ဆေးသုံးသပ်မှုအနိမ့်ဆုံးသတ်မှတ်အဆင့်အထက်တွင်ရှိသော) အကောင်အထည်ဖော်သည့်ကာလအတွင်း အကြံပေးအတိုင်ပင်ခံဝန်ဆောင်မှုပေးရန် ငှားရမ်းထားသောပုဂ္ဂိုလ်များနှင့် တရားဥပဒေဆိုင်ရာလုပ်ငန်း သို့မဟုတ် စီမံကိန်းနှင့်သက်ဆိုင်သည့်ဝယ်ယူငှားရမ်းရေးလုပ်ငန်းများအတွက် (ကနဦးကြိုတင်စစ်ဆေးသုံးသပ်မှုအနိမ့်ဆုံးသတ်မှတ်အဆင့်အားမစဉ်းစားဘဲ) ငှားရမ်းထားသောပုဂ္ဂိုလ်များ။ ကန့်သတ်ထားသော၊ ရိုးရှင်းသော၊ တန်ဖိုးသေးငယ်သော လုပ်ငန်းများဟုဘဏ်၏ဒေသဆိုင်ရာဝယ်ယူငှားရမ်းရေးမန်နေဂျာများမှသတ်မှတ်ဆုံးဖြတ်သည်မှလွဲ၍ တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်များ၏ TOR များအပေါ် ဘဏ်အနေဖြင့် ကနဦးကြိုတင်စစ်ဆေးသုံးသပ်မှုအား မလွဲမသွေလုပ်ဆောင်ရမည်။

ပုဂ္ဂိုလ်ဖြစ်နေခြင်းစသည့်ကိစ္စရပ်များတွင် ဖြစ်ပါသည်။ ဆက်လက်၍ ဘဏ်၏စစ်ဆေးသုံးသပ်မှုနှင့်ကန့်ကွက်ရန်မရှိမှုအားရယူရန်အလို့ငှာ ငွေချေးယူသူသည် ယှဉ်ပြိုင်မှုမှတစ်ဆင့်ရွေးချယ်သည့်နည်းလမ်းအစား အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်ခြင်းနည်းလမ်းအား အသုံးပြုရသည့်အကြောင်းပြချက်အပါအဝင် ပြည့်စုံလုံလောက်သော စစ်ဆေးဆုံးဖြတ်ချက်များနှင့်တကွ လုပ်ငန်းအတွက် TOR အား ဘဏ်သို့ တင်ပြရမည် ဖြစ်သည်။ ထို့အပြင် အဆိုပါကိစ္စရပ်များတွင် တစ်စုံတစ်ဦးအား တစ်ဦးချင်းအကြံပေးပုဂ္ဂိုလ်အနေဖြင့် ထောက်ခံမှုပြုရသည့်အခြေခံအကြောင်းရင်းများနှင့် ဝယ်ယူရေးအစီအစဉ်တွင် ငွေချေးယူသူမှဘဏ်သို့တင်ပြရမည်ဖြစ်ရာ စီမံကိန်း၏အတိုင်းအတာနှင့် ဆုံးရှုံးနစ်နာနိုင်ချေများအပေါ်အခြေခံကာသတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်အောက်တွင်ရှိနေသောကန်ထရိုက်များအတွက်မှလွဲ၍ ဖြစ်သည်။

## နောက်ဆက်တွဲ (၁)
## အကြံပေးပုဂ္ဂိုလ်များရွေးချယ်ခြင်းနှင့်ကန်ထရိုက်ချုပ်ဆိုချက်ထုတ်ပြန်ကြေညာခြင်း ဆိုင်ရာဘဏ်၏ပြန်လည်သုံးသပ်ချက်များ
## APPENDIX 1: REVIEW BY THE BANK OF THE SELECTION OF CONSULTANTS AND PUBLICATION OF AWARDS OF CONTRACTS

**ရွေးချယ်ရေးနှင့်ပတ်သက်သောအစီအစဉ်ရေးဆွဲခြင်း (Scheduling the Selection Process)**

၁ အပိုဒ်ခွဲ ၁.၂၅ ပါ အချက်အလက်များနှင့်အညီ ငွေချေးယူသူများပြင်ဆင်ထားသော ဝယ်ယူငှားရမ်းရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ်များ၊ ၎င်းတို့နှင့်သက်ဆိုင်သော နောက်ဆုံးအချက်အလက်များအား ဘဏ်အနေဖြင့် ပြန်လည်စစ်ဆေးသုံးသပ်မည် [၅၈] ဖြစ်သည်။ အဆိုပါ ပြင်ဆင်မှုများမှာ စီမံကိန်းအကောင်အထည်ဖော်ရေးအစီအစဉ်များ၊ ချေးငွေသဘောတူညီမှုများအပြင် ဤလမ်းညွှန်ချက်များနှင့်ကိုက်ညီရမည် ဖြစ်သည်။

**ငှားရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review)**

၂ ဘဏ်မှပြဋ္ဌာန်းထားသည့် ငှားရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review) အဆင့်အား လိုက်နာရမည့် ကန်ထရိုက်အမျိုးအစားအားလုံးနှင့် [၅၉] သက်ဆိုင်သည်။

(က) ငွေချေးယူသူသည် အဆိုပြုလွှာများဖိတ်ခေါ်ခြင်းမပြုမီ ဘဏ်၏စစ်ဆေးသုံးသပ်မှုနှင့် ကန့်ကွက်ရန်မရှိမှုရယူရန်အလို့ငှာ အဆိုပြုခန့်မှန်းကုန်ကျစရိတ်နှင့် RFP (ဆန်ခါတင်စာရင်းအပါအဝင်) များအား ဘဏ်သို့တင်ပြရမည်။ အဆိုပါ ဆန်ခါတင်စာရင်းနှင့်စာရွက်စာတမ်းများအတွက် ဘဏ်မှလိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများပြုလုပ်ရန်တောင်းဆိုခဲ့လျှင် ငွေချေးယူသူမှ ပြုလုပ်ပေးရမည်။ RFP အား ဆန်ခါတင်စာရင်းပါ အကြံပေးပုဂ္ဂိုလ်များထံ [၆၀] ထုတ်ဝေမှုမပြုမီ မည်သည့်နောက်ထပ်ပြင်ဆင်မွမ်းမံမှုမျိုးမဆို ဘဏ်၏ကန့်ကွက်ရန်မရှိခြင်းအား ရရှိထားရမည်။

(ခ) နည်းပညာဆိုင်ရာအဆိုပြုလွှာများအား စိစစ်အကဲဖြတ်ပြီးသောအခါ ငွေချေးယူသူသည် နည်းပညာဆိုင်ရာအဆိုပြုလွှာစိစစ်အကဲဖြတ်မှု အစီရင်ခံစာတစ်စောင် (အကယ်၍ဘဏ်မှတောင်းဆိုလျှင် ကျွမ်းကျင်သူများပြင်ဆင်ထားပြီး အပိုဒ်ခွဲ ၂.၁၆ အရ ဘဏ်မှလက်ခံနိုင်သော) နှင့် အကယ်၍ ဘဏ်မှတောင်းဆိုလျှင် အဆိုပြုလွှာမိတ္တူတစ်စောင်စီတို့အား ပြန်လည်သုံးသပ်ရန်လုံလောက်သော အချိန်ကာလနှင့်တစ်ကွ ဘဏ်သို့တင်ပြရမည်ဖြစ်သည်။ အကယ်၍ နည်းပညာဆိုင်ရာ စိစစ်အကဲဖြတ်မှုသည် RFP ထဲတွင်ဖော်ပြထားသည့်အချက်များနှင့်ကိုက်ညီမှုမရှိဟု ဘဏ်အနေဖြင့်ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်နှင့်တကွ ငွေချေးယူသူထံသို့ အမြန်ဆုံးပြန်လည်အကြောင်းကြားရမည်။ ထိုသို့မဟုတ်လျှင်မူ ဘဏ်အနေဖြင့် နည်းပညာဆိုင်ရာ စိစစ်အကဲဖြတ်မှုအားကန့်ကွက်ရန်မရှိဟု အကြောင်းပြန်ရမည်။ အကယ်၍ စိစစ်အကဲဖြတ်ခြင်းအစီရင်ခံစာအရ အဆိုပြုလွှာအားလုံးကိုငြင်းပယ်ရန်လိုအပ်ပါကလည်း ငွေချေးယူသူသည် ဘဏ်၏ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိကြောင်းကို တောင်းခံရမည်။

(ဂ) နည်းပညာဆိုင်ရာစိစစ်အကဲဖြတ်မှုအတွက် ဘဏ်၏ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိကြောင်းရရှိပြီးမှ သာလျှင်

---

[၅၈] နောက်ဆက်တွဲ (၃) ပါ အပိုဒ်ခွဲ ၁၀ မှ ၁၅ အတွင်းတွင် တင်ဒါတင်သွင်းသူများ၏တိုင်ကြားမှုများအပါအဝင် ၎င်းတို့၏ပြန်လည်ဆက်သွယ်အသိပေးမှုများ၊ ရှင်းလင်းတင်ပြပေးရန်တောင်းဆိုမှုများအတွက် ဘဏ်ဘက်မှ ပြန်လည်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများအား ရှင်းလင်းဖော်ပြထားသည်။

[၅၉] ကန်ထရိုက်၏စုစုပေါင်းတန်ဖိုးတွင် အခွန်အခများနှင့်အခြားပေးဆောင်စရာအားလုံးပါဝင်ပြီး ဘဏ်၏ Prior Review သို့မဟုတ် Post Review နှင့် သက်ဆိုင်နိုင်ခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် အခြေခံဖြစ်သည်။

[၆၀] ထပ်မံယှဉ်ပြိုင်စေမှုမှာလက်တွေ့မကျသဖြင့် အပိုဒ်ခွဲ ၃.၁၁ အရ အပ်နှင်းရမည့်ကန်ထရိုက်ကိစ္စများတွင် လိုအပ်သည့်စစ်ဆေးသုံးသပ်မှုများအတွက် ဘဏ်အားရေးဦးစွာ လိုအပ်သည်များပေးပို့ကာ ယင်း၏ကန့်ကွက်ရန်မရှိမှုအားမရရှိသေးပါက ငွေချေးယူသူသည် ညှိနှိုင်းဆွေးနွေးမှုအားစတင်ပြုလုပ်နိုင်မည်မဟုတ်ဘဲ အခြားသက်ဆိုင်သည့်အချက်များနှင့်အတူ အထက်ပါ ဤအပိုဒ်ခွဲ (၂) ရှိ လိုအပ်ချက်များအား လိုက်နာဖြည့်ဆည်းပေးရမည်။

ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများဖွင့်ဖောက်ခြင်းအား ငွေချေးယူသူအနေဖြင့် ဆက်လက်လုပ်ဆောင်နိုင်သည်။ အကယ်၍ ကုန်ကျစရိတ်သည် အကြံပေးရွေးချယ်ရေးဆိုင်ရာ အချက်တစ်ချက်ဖြစ်နေသောအခါ ငွေချေးယူသူသည် RFP ထဲတွင် ဖော်ပြထားသည်များနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာစိစစ်အကဲဖြတ်မှုအတွက် ဆက်လက်လုပ်ဆောင်နိုင်သည်။ ငွေချေးယူသူသည် ရွေးချယ်ခံရသောအကြံပေးအတွက် ၎င်း၏ထောက်ခံတင်ပြချက်နှင့်အတူ စိစစ်အကဲဖြတ်မှုနောက်ဆုံးအစီရင်ခံစာအား ဘဏ်သို့ တင်ပြရမည်။ ငွေချေးယူသူသည် စိစစ်အကဲဖြတ်မှုနောက်ဆုံး အစီရင်ခံစာပါအမှတ်အများဆုံးရရှိသည့် အဖွဲ့အစည်းအား ကန့်ထရိုက်ပေးအပ်ရန်အလို့ငှာ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နိုင်ရန်လည်း ဖိတ်ခေါ်ရမည်။ အကယ်၍ ဘဏ်သည် ၎င်း၏စစ်ဆေးသုံးသပ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ကန့်ကွက်တိုင်တန်းမှုကြောင့်ဖြစ်စေ ကွဲလွဲမှုတစ်ခုခုအား ဘဏ္ဍာရေးစိစစ်အကဲဖြတ်မှုအတွင်းတွေ့ရှိရပါက ငွေချေးယူသူအား လျင်မြန်စွာ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး ငွေချေးယူသူမှလည်း ရွေးချယ်ခံရသည့်အကြံပေးနှင့် ညှိနှိုင်းဆွေးနွေးမှု ဆက်လက်မလုပ်ဆောင်ခင်ဖြစ်စေ သို့မဟုတ် အကယ်၍လုပ်ဆောင်နေဆဲဖြစ်ပါက ညှိနှိုင်းဆွေးနွေးမှုအားရပ်တန့်၍ဖြစ်စေ ပေါ်ပေါက်လာသောပြဿနာများအား ဘဏ်၏ကျေနပ်မှုရရှိစေရန် အလို့ငှာ လျင်မြန်စွာဖြေရှင်းပေးရမည်။ အဆိုပါ ကိစ္စရပ်များတွင် ငွေချေးယူသူ၏ ထောက်ခံအကြံပြုချက်အပေါ် ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း ထုတ်ပေးခြင်းမတိုင်ခင်အထိ နောက်ထပ်လုပ်ဆောင်ဖွယ်ရာများအား ဆောင်ရွက်ခြင်းမပြုရပါ။

(ဃ) ငွေချေးယူသူအနေဖြင့် စိစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်ပြီးဆုံးရန်အတွက် တင်ဒါဈေးနှုန်းအတည်ဖြစ်မှုသက်တမ်းကာလအားတိုးမြှင့်လိုသည့်အခါ ဘဏ်၏ကန့်ကွက်မှုမရှိခြင်း သို့မဟုတ် မိမိတို့ဘက်မှလိုအပ်သောအပြီးသတ်ရှင်းလင်းမှုများ သို့မဟုတ် စာချုပ်အပ်နှင်းခြင်းပြုလုပ်ပြီး ရက်သတ္တပတ်(၄)ပတ်ထက်ကျော်သော ပထမအကြိမ်သက်တမ်းတိုးမြှင့်လိုမှုနှင့် နောက်ထပ် မည်သည့်အချိန်ကာလအတွက်မဆိုသက်တမ်းတိုးမှုများအတွက် ဘဏ်၏ကန့်ကွက်ရန်မရှိအား ကြိုတင်တောင်းခံရမည်ဖြစ်သည်။

(င) အကယ်၍ ငွေချေးယူသူအနေဖြင့် အကြံပေးများထံမှကန့်ကွက်တိုင်ကြားစာများလက်ခံရရှိလာပါက ကန့်ကွက်တိုင်ကြားသူထံသို့လက်ခံရရှိကြောင်း လျင်မြန်စွာအကြောင်းပြန်ကာ တိုင်ကြားချက်မိတ္တူတစ်စောင်၊ တိုင်ကြားစာထဲပါအချက်တစ်ချက်ချင်းစီအတွက် ငွေချေးယူသူ၏ထင်မြင်ယူဆချက်နှင့် ကန့်ကွက်တိုင်ကြားသူအတွက် ငွေချေးယူသူ၏ တုံ့ပြန်ဖြေရှင်းချက်မိတ္တူတစ်စောင်တို့အား ဘဏ်၏သုံးသပ်စစ်ဆေးမှုနှင့်ထင်မြင်ချက်ရရှိစေရန်အလို့ငှာ ဘဏ်သို့ ပေးပို့ရမည်။

(စ) အကယ်၍ ကန့်ကွက်မှုအားစစ်ဆေးသုံးသပ်ချက်ရလဒ်အရ သို့မဟုတ် အခြားအကြောင်းအရင်းတစ်ခုခုအရ ငွေချေးယူသူအနေဖြင့် ၎င်း၏စာချုပ်ချုပ်ဆိုရန်ထောက်ခံချက်အပေါ် ပြန်လည်ပြောင်းလဲရန်ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များနှင့်တကွ ပြန်လည်စိစစ်အကဲဖြတ်မှုအစီရင်ခံစာအား ဘဏ်၏ကန့်ကွက်ရန်မရှိရန်အလို့ငှာ ဘဏ်သို့ပေးပို့ရမည်။ ငွေချေးယူသူအနေဖြင့် ဤလမ်းညွှန်ချက်မှ အပိုဒ်ခွဲ ၇ ပါ ပုံစံအတိုင်း စာချုပ်အပ်နှင်းခြင်းကြေညာချက်တစ်ရပ်အား ပြန်လည်ထုတ်ပြန်ကြေညာရမည်။ အကယ်၍ ရွေးချယ်ထားသောအကြံပေးပုဂ္ဂိုလ်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပျက်ပြားသွားပါက မှတ်တမ်းတင်ထားသော ညှိနှိုင်းဆွေးနွေးချက်များနှင့် ပျက်ပြားရသည့်အကြောင်းအရင်းများအား ဘဏ်မှ စိစစ်သုံးသပ်နိုင်ရန်အလို့ငှာ ဘဏ်သို့ပေးပို့ တင်ပြရမည်။ ထို့နောက် ဤလမ်းညွှန်ပါ အပိုဒ်ခွဲ ၂.၃၀ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကုန်ဆုံးပြီးစီးကာ ဘဏ်၏ကန့်ကွက်ရန်မရှိမှုကိုလည်း ရရှိပြီးပါက ညှိနှိုင်းဆွေးနွေးမှုများအားရပ်ဆိုင်း၍ အနီးကပ်ဆုံးအဆင့်သတ်မှတ်ထားသော နောက်ထပ်အဖွဲ့အစည်းအား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် ဖိတ်ခေါ်ရမည်ဖြစ်သည်။

(ဆ) ညှိနှိုင်းဆွေးနွေးမှုများပြီးဆုံးသွားသည့်အခါ သို့မဟုတ် အရင်းအမြစ်တစ်ခုတည်းအပေါ်အခြေခံရွေးချယ်သည့် ကိစ္စရပ်တွင် ရွေးချယ်ခံရသောအကြံပေးပုဂ္ဂိုလ်မှလက်မှတ်တိုရေးထိုးထားပြီး ငွေချေးယူသူမှလည်း လက်မှတ်ရေးထိုးရမည့် ညှိနှိုင်းဆွေးနွေးထားသောအဆိုပြုကန်ထရိုက်မိတ္တူအား လုံလောက်သောအချိန်ကာလနှင့်တစ်ကွ ဘဏ်မှစစ်ဆေးသုံးသပ်နိုင်ရန်အလို့ငှာ ဘဏ်သို့ပေးပို့ရမည်။ အကယ်၍ ညှိနှိုင်းဆွေးနွေးထားသော

အဆိုပြုကန်ထရိုက်အနေဖြင့် TOR နှင့် အဆိုပြုမူရင်းကန်ထရိုက်အတွင်းတွင် အဓိကကျသည့် ကျွမ်းကျင်သူများအား အစားထိုးလဲလှယ်စေခြင်း သို့မဟုတ် အပြောင်းအလဲတစ်ခုခုလုပ်စေခြင်းအား ပါဝင်ပါက ငွေချေးယူသူသည် အဆိုပါပြောင်းလဲမှုများအားဖော်ပြကာ ဤပြောင်းလဲမှုများ အဘယ့်ကြောင့် လိုအပ်ရခြင်းနှင့် ငွေချေးယူသူအနေဖြင့် အပြောင်းအလဲအားလက်ခံနိုင်သည့်အကြောင်းတို့အား ရှင်းလင်းချက် ရေးသားတင်ပြရမည်ဖြစ်သည်။

(ဈ) အကယ်၍ စိစစ်အကဲဖြတ်ခြင်းနောက်ဆုံးအစီရင်ခံစာ၊ ရွေးချယ်ငှားရမ်းရန်ထောက်ခံပေးမှု နှင့်/ သို့မဟုတ် ညှိနှိုင်းဆွေးနွေးထားသောအဆိုပြုကန်ထရိုက်တို့သည် RFP ထဲပါဝင်သောအချက်များနှင့်ကိုက်ညီမှု မရှိကြောင်း ဘဏ်အနေဖြင့်ဆုံးဖြတ်ပါက ငွေချေးယူသူထံသို့ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက် နှင့်တကွ လျင်မြန်စွာအကြောင်းကြားရမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ဘဏ်သည် ကန်ထရိုက်ပေးအပ်ရန် နောက်ဆုံးအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း မိမိ၏သဘောထားမှတ်ချက်ကို ပေးရမည်။ ငွေချေးယူသူသည် ဘဏ်၏ကန့်ကွက်ရန်မရှိကြောင်းကိုရရှိပြီးမှသာလျှင် ကန်ထရိုက်အားအတည်ပြုကာ လက်မှတ်ရေးထိုးရမည်။

(ည) အချက်အလက်များပြည့်စုံသောကန်ထရိုက်စာချုပ်မိတ္တူတစ်စောင်အား စာချုပ်လက်မှတ်ရေးထိုးပြီးနောက်နှင့် အဆိုပါကန်ထရိုက်အတွက် ဘဏ်သို့ ပထမဆုံးအကြိမ် အဆိုပါချေးငွေစာရင်းမှငွေထုတ်ယူခွင့်ပြုရန် မတောင်းခံမီ ဘဏ်သို့ တင်ပြပေးနိုင်ရမည်။ အကယ်၍ ကန်ထရိုက်စာချုပ်အတွက် ငွေပေးမှုများအား အထူးငွေစာရင်းတစ်ခုမှ ထုတ်ပေးရမည်ဆိုပါက ကန်ထရိုက်စာချုပ်မိတ္တူတစ်စုံအား အဆိုပါကန်ထရိုက်နှင့် ပတ်သက်သည့် အထူးငွေစာရင်းထဲမှ ပထမဆုံးအကြိမ်ငွေထုတ်ယူခွင့်ပြုရန်အတွက် လက်မှတ်ရေးထိုး မလျှောက်ထားမီ ဘဏ်သို့ ကြိုတင်၍တင်ပြနိုင်ရမည်။

(ဋ) ဘဏ်အနေဖြင့် ငွေချေးယူသူထံမှ လက်မှတ်ရေးထိုးထားသောကန်ထရိုက်စာချုပ်မိတ္တူရရှိသည့်အခါ ကန်ထရိုက်စာချုပ်ပါ တန်ဖိုးပမာဏနှင့်အသေးစိတ်ဖော်ပြချက်များအား အထက်ဖော်ပြပါ အပိုဒ်ခွဲ ၂(ဈ) နှင့် အညီ အကယ်၍ခြွင်းချက်အနေဖြင့်တစ်ဦးချင်းပုဂ္ဂိုလ်မှလွဲ၍ ရွေးချယ်ခံရသော အကြံပေးပုဂ္ဂိုလ်၏အမည်၊ နေရပ်လိပ်စာများနှင့်တကွ အများပြည်သူသို့ ထုတ်ဖော်တင်ပြခွင့်ရှိသည်။

(ဌ) ငွေချေးယူသူအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်နေသည့်ကာလအတွင်း ကန်ထရိုက်စာချုပ်တစ်ခုချင်း နှင့်သက်ဆိုင်သော စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများအား ချေးငွေသဘောတူညီမှုသက်တမ်းကာလ ကုန်ဆုံးပြီးသည့်နောက် (၂) နှစ်အထိ ထိန်းသိမ်းထားရမည်။ အဆိုပါ ထိန်းသိမ်းရမည့် စာရွက်စာတမ်း မှတ်တမ်းမှတ်ရာများအား ကန့်သတ်ထားမထားသော်လည်း (၁) လက်မှတ်ရေးထိုးပြီးသား မူရင်းကန်ထရိုက် စာချုပ်များနှင့်အခြားထပ်မံပြင်ဆင်ချက်များ သို့မဟုတ် ဖြည့်စွက်ချက်များ၊ (၂) မူရင်းအဆိုပြုလွှာများ၊ စာချုပ်အကောင်အထည်ဖော်ခြင်းနှင့် ရွေးချယ်ခြင်းတို့နှင့်ဆက်စပ်သော အပြန်အလှန်ဆက်သွယ်မှုများနှင့် စာရွက်စာတမ်းများ၊ အဆိုပြုလွှာများစိစစ်အကဲဖြတ်ရာတွင် အထောက်အကူပြုသောအချက်အလက်များ (တစ်ဦးချင်းရမှတ်စာရွက်များအပါအဝင်) နှင့် အကြံပေးရွေးချယ်ရေးအတွက် ဘဏ်သို့ ထောက်ခံ တင်ပြမှုများအပါအဝင် (၃) ငွေထုတ်တောင်းခံလွှာ သို့မဟုတ် အတည်ပြုစာထောက်ခံစာ လက်မှတ်များ စသည်တို့ ပါဝင်ရမည်။ ယှဉ်ပြိုင်မှုမရှိဘဲ SSS စနစ်အားအခြေခံသည့် ကန်ထရိုက် စာချုပ်များအတွက် ထိန်းသိမ်းရန်လိုအပ်သည့်စာရွက်စာတမ်းများ၌မှု ယင်းစနစ်အားအသုံးပြုရသည့် ကျိုးကြောင်းပြဆိုချက်၊ ရွေးချယ်ထားသည့်အကြံပေး၏ အတွေ့အကြုံပိုင်းနှင့် အရည်အချင်းများအပြင် လက်မှတ်ရေးထိုးပြီးသားမူရင်းကန်ထရိုက်စာချုပ်များ ပါရှိရမည်။ စစ်ဆေးရန်အကြောင်းပြချက်ဖြင့် ဘဏ်မှ သော်လည်းကောင်း ဘဏ်မှတာဝန်ပေးထားသောအတိုင်ပင်ခံများ/စာရင်းစစ်များမှတောင်းခံလျှင်လည်းကောင်း ငွေချေးယူသူများမှ အဆိုပါစာရွက်စာတမ်းများအား ဘဏ်သို့တင်ပြရမည်။

၃ *လက်မှတ်ရေးထိုးပြီးသားကန်ထရိုက်စာချုပ်အားပြင်ဆင်ပြောင်းလဲခြင်း (Modifications of the signed contract)-* စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းနှင့်သက်ဆိုင်သည့် ကန်ထရိုက်စာချုပ်များနှင့်ပတ်သက်၍

(က) ကန်ထရိုက်စာချုပ်၏လုပ်ဆောင်မှုအရည်အသွေးအတွက် သတ်မှတ်ထားသောအချိန်ကာလအား သက်တမ်း

တိုးလိုမှု (ခ) ဝန်ဆောင်မှုပေးနိုင်သောအတိုင်းအတာအတွက် အတော်အတန်ပြောင်းလဲခြင်း၊ အရေးပါသည့် ကျွမ်းကျင်သူများအားအစားထိုးလဲလှယ်ခြင်း သို့မဟုတ် ကန်ထရိုက်စာချုပ်ပါအခြေအနေအချက်အလက်များတွင် အခြားထင်ရှားသည့်အချက်များအား ပြောင်းလဲလိုမှု သို့မဟုတ် (ဂ) ကန်ထရိုက်စာချုပ်အားအဆုံးသတ်ရန် အဆိုပြုလိုမှုစသည့် အထက်ပါအချက်များအား ငွေချေးယူသူအနေဖြင့် သဘောတူညီချက်မပြုမီ ဘဏ်၏ ကန့်ကွက်မှုမရှိကြောင်းကို ရယူရမည်။ အကယ်၍ အဆိုပြုသော ပြင်ဆင်ပြောင်းလဲလိုမှုများသည် ချေးငွေသဘောတူ စာချုပ်ပါအချက်များ သို့မဟုတ် ဝယ်ယူဝှားရမ်းရေးအစီအစဉ်ပါအချက်များနှင့်ကိုက်ညီမှုမရှိကြောင်း ဘဏ်အနေဖြင့် ဆုံးဖြတ်ပါက ငွေချေးယူသူထံသို့ ဆုံးဖြတ်ချက်အတွက်အကြောင်းပြချက်နှင့်တကွ လျင်မြန်စွာ အကြောင်းကြား ရမည်ဖြစ်သည်။ ကန်ထရိုက်စာချုပ်ပါပြင်ဆင်မှုအားလုံးအတွက်မိတ္တူတစ်စုံအား မှတ်တမ်းမှတ်ရာအလို့ငှာ ဘဏ်သို့ ပေးအပ်ရမည်။

၄ *ဘာသာပြန်ဆိုဖော်ပြချက်များ (Translations)* - အကယ်၍ ကန်ထရိုက်စာချုပ်တစ်ရပ်သည် ရွေးချယ်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းအဆင့်နှင့်သက်ဆိုင်နေပြီး မိခင်ဘာသာ စကားနှင့်[၆၁] ရေးသားထားပါက ငွေချေးယူသူအနေဖြင့် နည်းပညာနှင့်ပေါင်းစပ်စိစစ်အကဲဖြတ်မှုအစီရင်ခံစာများနှင့် လက်မှတ်စဉ်ရေးထိုးထားသော အကြမ်းပြုစုထားသည့် ညှိနှိုင်းဆွေးနွေးထားသောကန်ထရိုက်စာချုပ်အား RFPထဲတွင် အသုံးပြုလေ့ရှိသော နိုင်ငံတကာသုံးဘာသာစကားများဖြစ်သည့် အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန် ဘာသာ စကားများဖြင့် တိတိကျကျပြန်ဆိုပေးပြီးမှ ဘဏ်သို့တင်ပြရမည်။ စာချုပ်၏ နောက်ထပ်မည်သည့်ပြောင်းလဲချက်များ အတွက်မဆိုလည်း တိကျသောဘာသာပြန်ဆိုထားမှုများနှင့်သာ ဘဏ်သို့တင်ပြရမည်။

**ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း (Post Review)**

၅ ဝယ်ယူဝှားရမ်းပြီးမှစစ်ဆေးသုံးသပ်ခြင်းအားဘဏ်မှပုံမှန်အားဖြင့်လုပ်ဆောင်သည်။ ဤနောက်ဆက်တွဲပါ အပိုဒ်(၂)နှင့်အကျုံးမဝင်သည့် ကန်ထရိုက်စာချုပ်တစ်ခုချင်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများအား စီမံကိန်း အကောင်အထည်ဖော်နေစဉ်ကာလအတွင်းနှင့် ချေးငွေသဘောတူညီမှုသက်တမ်းကုန်ဆုံးပြီးနောက် နှစ်နှစ်ခန့်အထိ ငွေချေးယူသူအနေဖြင့် ထိန်းသိမ်းထားရမည်။ အဆိုပါ ထိန်းသိမ်းရမည့်စာရွက်စာတမ်း မှတ်တမ်းမှတ်ရာများအား ကန့်သတ်ထားမထားသော်လည်း လက်မှတ်ရေးထိုးပြီးသား မူရင်းကန်ထရိုက်စာချုပ်များနှင့် အခြား ထပ်မံ ပြင်ဆင်ချက်များ သို့မဟုတ် ဖြည့်စွက်ချက်များ၊ မူရင်းအဆိုပြုလွှာများ၊ နည်းပညာဆိုင်ရာစိစစ်အကဲဖြတ်မှု အစီရင်ခံစာနှင့်ပေါင်းစပ်စိစစ်အကဲဖြတ်မှုအစီရင်ခံစာ၊ ရွေးချယ်ဝှားရမ်းရေးအတွက် ထောက်ခံတင်ပြမှုများအပြင် ငွေထုတ်တောင်းခံလွှာ သို့မဟုတ် လက်မှတ်များစသည့် အထောက်အထားစာရွက်စာတမ်းများပါဝင်ပြီး ၎င်းတို့အား ဘဏ်သို့မဟုတ် ယင်း၏အကြံပေးများ၊ စာရင်းစစ်များစစ်ဆေးနိုင်ရန်အလို့ငှာ ထိန်းသိမ်းထားရှိရမည်။ ယှဉ်ပြိုင်မှု မရှိဘဲ SSS စနစ်အားအခြေခံသည့် ကန်ထရိုက်စာချုပ်များအတွက် မှတ်တမ်းမှတ်ရာများအနေဖြင့် ယင်းစနစ်အား အသုံးပြုရသည့် ကျိုးကြောင်းပြဆိုချက်၊ ရွေးချယ်ထားသည့်အကြံပေး၏အတွေ့အကြုံပိုင်းနှင့် အရည်အချင်းများအပြင် လက်မှတ်ရေးထိုးပြီးသား မူရင်းကန်ထရိုက်စာချုပ်များစသည်တို့ ပါရှိရမည်။ ဘဏ်၏တောင်းဆိုချက်အရ အဆိုပါ စာရွက်စာတမ်းများအား ငွေချေးယူသူမှတင်ပြနိုင်ရမည်။ အကယ်၍ ကန်ထရိုက်သည် ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲ ၁.၁၉ တွင် ဖော်ပြထားသော အကြောင်းပြချက်များအရ ချေးငွေသဘောတူညီချက်ပါ သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းနှင့်နည်းလမ်းများ၊ ဘဏ်မှကန့်ကွက်ရန်မရှိပေးထားသည့် ဝယ်ယူဝှားရမ်းရေးအစီအစဉ်ထဲပါ အသေးစိတ်အချက်အလက်များနှင့်ကိုက်ညီမှုမရှိ သို့မဟုတ် ကန်ထရိုက်စာချုပ်သည်ပင် အဆိုပါနည်းလမ်းများနှင့် ကိုက်ညီမှုမရှိဟု ဘဏ်မှဆုံးဖြတ်ခဲ့လျှင် ဝယ်ယူဝှားရမ်းရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူဝှားရမ်းခြင်းဟု ဘဏ်မှ ကြေညာခြင်း ပြုလုပ်နိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ငွေချေးယူသူထံသို့ ဘဏ်မှ လျင်မြန်စွာ အကြောင်းကြားရမည်။ စီမံကိန်း၏ဆုံးရှုံးနိုင်ခြေနှင့်လုပ်ငန်းအတိုင်းအတာအပေါ်မူတည်၍(ဥပမာ- တန်ဖိုးသေးငယ်ပြီး ရိုးရှင်းသည့်စာချုပ်များစွာပါဝင်နေခြင်း) ဘဏ်မှလက်ခံနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ အစီရင်ခံခြင်း လုပ်ထုံး လုပ်နည်းများနှင့်အညီ PPRs(ဝယ်ယူပြီးစစ်ဆေးသုံးသပ်ခြင်းများ)အားဆောင်ရွက်ရန် လွတ်လပ်သည့်ကျွမ်းကျင်သူများ ခန့်အပ်ခြင်းအား ဘဏ်အနေဖြင့် ငွေချေးယူသူနှင့်သဘောတူညီမှုရယူနိုင်သည်။ အဆိုပါအခြေအနေမျိုး၌ ဘဏ်သည် ငွေချေးယူသူမှတင်ပြသည့် အစီရင်ခံစာများအားစစ်ဆေးသုံးသပ်မည်ဖြစ်ကာ လိုအပ်လျှင် စီမံကိန်းအကောင်အထည်

[၆၁] အပိုဒ်ခွဲ ၁.၂၂ တွင်လေ့လာပါ။

ဖော်နေသည့်ကာလအတွင်း ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအားတိုက်ရိုက်ဆောင်ရွက်နိုင်ခွင့်ကို စွဲကိုင်ထားနိုင်သည်။

**ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအဆင့်မှဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းအဆင့်သို့ပြန်လည်ပြောင်းလဲခြင်း (Change from Post Review to Prior Review)**

၆ ဝယ်ယူငှားရမ်းရေးအစီအစဉ်ထဲပါ ဝယ်ယူငှားရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review)အဆင့်အတွက် ဘဏ်မှသတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်အောက်တွင်ရောက်နေသော ကန်ထရိုက်တစ်ခု၏ခန့်မှန်းကုန်ကျစရိတ်သည် အကယ်၍ ရွေးချယ်ထားသည့်အဖွဲ့အစည်း၏ဘဏ္ဍာရေးအဆိုပြုဈေးနှုန်းမှာ အဆိုပါအနိမ့်ဆုံးအဆင့်ထက်ပိုနေသောအခါ post review အဆင့် မဟုတ်တော့ဘဲ prior review အဆင့်ထဲတွင် ပါဝင်နေရမည်ဖြစ်သည်။ စိစစ်အကဲဖြတ်မှုအစီရင်ခံစာနှင့် စာချုပ်ချုပ်ဆိုရေးထောက်ခံချက်များအပါအဝင် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီးသော သက်ဆိုင်ရာ ဝယ်ယူငှားရမ်းရေးစာရွက်စာတမ်းများအား ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းမပြုမီဘဏ်မှကန့်ကွက်ရန်မရှိကြောင်းတောင်းရန်နှင့် စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာ စစ်ဆေးသုံးသပ်နိုင်ရန် ဘဏ်သို့တင်ပြပေးရမည်။ ဆန့်ကျင်ဘက်အားဖြင့် ရွေးချယ်ထားသည့်အဖွဲ့အစည်း၏ ဘဏ္ဍာရေးအဆိုပြုဈေးနှုန်းသည် ကြိုတင်သုံးသပ်အဆင့်အတွက် ဘဏ်မှသတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်အောက်ရောက်နေသော်လည်း ယင်းကြိုတင်သုံးသပ်စစ်ဆေးအတည်ပြုခြင်းအဆင့်အားဆက်လက်ဆောင်ရွက်ရမည်။ အချို့သောအခြေအနေများတွင် ဘဏ်အနေဖြင့် ဝယ်ယူငှားရမ်းရေးအစီအစဉ်ထဲပါ ၄င်းသတ်မှတ်ထားသည့် ကြိုတင်သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ အနိမ့်ဆုံးအဆင့်အောက်ရောက်နေသောကန်ထရိုက်တစ်ခုအတွက်၊ ဥပမာအားဖြင့် တိုင်ကြားမှုအား ဘဏ်မှ အလေးအနက်ထားရမည့်သဘောသဘာဝသတ်မှတ်ထားသည့်ကိစ္စတစ်ရပ်တွင် စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာ prior review အဆင့်အား ငွေချေးယူသူများမှလိုက်နာစေရန် လိုအပ်နေပါသည်။ ထို့အပြင် ယခင်ခန့်မှန်းထားသည်ထက်ပိုမိုမြင့်မားလာသော သို့မဟုတ် နိမ့်ကျသွားသောခန့်မှန်းစရိတ်များကြောင့် ရွေးချယ်ငှားရမ်းရေးနည်းလမ်း ပြောင်းလဲရန်လိုအပ်လာသည့်အခါတွင်လည်း ပြင်ဆင်မွမ်းမံထားသည့် ဝယ်ယူငှားရမ်းရေးအစီအစဉ်အား ဘဏ်မှစစ်ဆေးသုံးသပ်ရန်နှင့်အတည်ပြုချက်ပေးနိုင်ရန် ငွေချေးယူသူမှဘဏ်သို့ တင်ပြရမည်ဖြစ်သည်။

**ကန်ထရိုက်ချုပ်ဆိုမှုများထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contracts)**

၇ ငွေချေးယူသူအနေဖြင့် ဆန်ခါတင်စာရင်းတွင် ပြည်ပမှအဖွဲ့အစည်းတစ်ခုခုပါဝင်နေသည့်အခါနှင့် SSS နည်းလမ်းအခြေခံကန်ထရိုက်များအား ပြည်ပမှအဖွဲ့အစည်းများသို့ပေးအပ်ထားသည့်အခါ UNDB online တွင် ကန်ထရိုက်အားလုံးနှင့်ပတ်သက်၍ သတင်းအချက်အလက်များအား ထုတ်ပြန်ကြေညာရမည်ဖြစ်သည့်အပြင် ဆန်ခါတင်စာရင်း၌ ပြည်တွင်းမှအဖွဲ့အစည်းများချည်းပါဝင်နေသည့်အခါနှင့် ယင်းပြည်တွင်းအဖွဲ့အစည်းများအား SSS နည်းလမ်းအခြေခံကန်ထရိုက်များအားပေးအပ်ထားသည့်အခါ နိုင်ငံအတွင်းကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိသောသတင်းစာထဲတွင်[၆၂] အဆိုပါကန်ထရိုက်များအား ထည့်သွင်းကြေညာရမည်။ အဆိုပါ ထုတ်ပြန်ကြေညာမှုများမှာ ဤနောက်ဆက်တွဲပါ အပိုဒ်ခွဲ ၂ (ဓ) နှင့် ၂ (ည) အရ စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review) လိုအပ်သည့်ကန်ထရိုက်များအတွက် စာချုပ်ချုပ်ဆိုရန် ဘဏ်မှကန့်ကွက်ရန်မရှိကြောင်းသိရပြီး (၂) ပတ်အတွင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ဘဏ်မှသုံးသပ်စစ်ဆေးရန် (Post Review) လိုအပ်သည့်စာချုပ်များအတွက် ရွေးချယ်ထားသည့်အဖွဲ့အစည်းနှင့်ငွေချေးယူသူအကြား ညှိနှိုင်းဆွေးနွေးမှုအောင်မြင်ပြီးနောက် (၂) ပတ်အတွင်း ဖြစ်သင့်သည်။ ထုတ်ပြန်ကြေညာမှုများတွင် နည်းလမ်းတစ်ခုချင်းစီနှင့်သက်ဆိုင်ကာ အသုံးဝင်နိုင်သော အောက်ပါအချက်အလက်များဖြစ်သည့် (က) ဆန်ခါတင်စာရင်းပါအကြံပေးများနှင့် ၄င်းတို့အထဲမှအဆိုပြုလွှာတင်သွင်းသည့်အကြံပေးများ၏အမည် (ခ) စံနှုန်းတစ်ခုစီနှင့်စံနှုန်းခွဲအလိုက် အကြံပေးများရရှိထားသည့်အမှတ်များနှင့်နည်းပညာဆိုင်ရာခြုံငုံရမှတ်များ (ဂ) အကြံပေးတစ်ဦး/တစ်ဖွဲ့စီမှအဆိုပြုထားသောဖွင့်ဖောက်ဈေးနှုန်းနှင့်အကဲဖြတ်စိစစ်ဈေးနှုန်းများ (ဃ) စုစုပေါင်းထားသောနောက်ဆုံးရမှတ်များနှင့် အကြံပေးများအားအဆင့်အလိုက်

[၆၂] အပိုဒ်ခွဲ ၂.၁၅ ပါ မိခင်ဘာသာစကားဖြင့် နိုင်ငံအတွင်းကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေဖြန့်ချိသော သတင်းစာထဲတွင် သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသောအစိုးရပြန်တမ်းထဲတွင် သို့မဟုတ် ပြည်တွင်းပြည်ပမှအခမဲ့ဆက်သွယ်နိုင်သည့် Electronic Portal သို့မဟုတ် ဝက်ဘ်ဆိုက်ထဲတွင်။

စီထားသောနောက်ဆုံးစာရင်း (င) ရွေးချယ်ခံရသောအကြံပေး၏အမည်နှင့်စုစုပေါင်းကန်ထရိုက်စျေးနှုန်း၊ ကာလနှင့် လုပ်ငန်းအတိုင်းအတာအကျဉ်းချုပ်စသည်တို့ ပါဝင်ရမည်။ အဆိုပြုလွှာပေးပို့သောအကြံပေးပုဂ္ဂိုလ်တိုင်းထံသို့ တူညီသောသတင်းအချက်အလက်များ ပေးပို့ရမည်။ အကယ်၍ အထက်တွင်ဖော်ပြထားသော အပိုဒ်ခွဲ၂ (ည)နှင့်အညီ ဖြစ်မည်ဆိုပါက ဘဏ်အနေဖြင့် ငွေချေးယူသူထံမှ အချက်အလက်ပြည့်စုံသော လက်မှတ်ရေးထိုးထားသည့် ကန်ထရိုက်မိတ္တူအားရရှိပြီးသည့်အခါ ၎င်း၏ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုက်ပေါ်တွင် ကြိုတင်စစ်ဆေးသုံးသပ်ခြင်း အဆင့်နှင့်သက်ဆိုင်သည့် ကန်ထရိုက်စာချုပ်များနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာနိုင်ရန် စီစဉ်ရမည်။

**ဘဏ်၏ပိတ်ဆို့ဟန့်တားမှုမူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာ ထိုက်သင့်သောကြိုးပမ်းအားထုတ် သင့်မှုများ (Due Diligence concerning the Bank's Sanctions Policies and Procedures)**

၈ အဆိုပြုလွှာများအားစိစစ်အကဲဖြတ်ရာတွင် ငွေချေးယူသူသည် အကြံပေးများ၏အကျုံးဝင်မှုအား ဘဏ်မှ ၎င်း၏ပြင်ပဆက်သွယ်ရေးဝက်ဆိုက်ဘ်တွင်ဖော်ပြထားသော တားမြစ်ပိတ်ပင်ထားသော၊ ခေတ္တဆိုင်းငံ့ထားသော တစ်ဦးချင်းနှင့်လုပ်ငန်းများစာရင်းအားကြည့်၍ စစ်ဆေးရမည်။ ယင်းစာရင်းသည် ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၁.၂၃(ဃ)အရနှင့်/ သို့မဟုတ် ဝယ်ယူငှားရမ်းရေးဆိုင်ရာလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ၁.၁၆ (ဃ) တို့အရ ဘဏ်မှ ၎င်း၏ပြင်ပ Website တွင် ထုတ်ပြန်ခံထားရခြင်းဖြစ်သည်။ ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပြီးမှ ဘဏ်၏ တားမြစ်ပိတ်ပင်ခြင်းခံရသော လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ယောက်ချင်းမှဆောင်ရွက်နေသည့် မည်သည့် ဆောင်ရွက်ဆဲကန်ထရိုက်များအတွက်မဆို ( Prior Review အောက်မှဖြစ်စေ Post Review အောက်မှဖြစ်စေ) ငွေချေးယူသူမှ အနီးကပ်ကြီးကြပ်ကွပ်ကဲကာစောင့်ကြည့်ခြင်းအား ထပ်မံကြိုးပမ်းအားထုတ်ရမည်။ ဘဏ်၏ကြိုတင် စစ်ဆေးသုံးသပ်ခြင်းနှင့်အတည်ပြုခြင်းမရှိဘဲ ငွေချေးယူသူအနေဖြင့် အဆိုပါ တားမြစ်ပိတ်ပင်မှု စတင်အကျိုး သက်ရောက်သည့်နေ့မှစ၍နောက်ပိုင်းတွင် တားမြစ်ပိတ်ပင်ခြင်းခံရသော လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ် တစ်ယောက်ချင်းမှဆောင်ရွက်နေသည့် မည်သည့်ဆောင်ရွက်ဆဲကန်ထရိုက်များအတွက်မဆို လုပ်ငန်းပြီးစီးချိန် ကာလတိုးမြှင့်ခြင်းအပါအဝင် စာချုပ်ပြင်ဆင်မှုအားလက်မှတ်ရေးထိုးခြင်း သို့မဟုတ် စာချုပ်အသစ်များလက်မှတ် ရေးထိုးခြင်းတို့အား မပြုရပါ။ မူရင်းစာချုပ်သက်တမ်းမကုန်ဆုံးမီသုံးစွဲထားသည့် အသုံးစရိတ်များ သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသည့်စာချုပ်သက်တမ်းကုန်ဆုံးရက်များ (၁) Prior Review လုပ်ခံရသောစာချုပ်များအတွက် ဘဏ်မှကန့်ကွက်ရန်မရှိပေးထားသောပြင်ဆင်ချက်နှင့် (၂) Post Review လုပ်ခံရသောစာချုပ်များအတွက် တားမြစ် ပိတ်ပင်မှု စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီပြင်ဆင်ချက်တစ်ခုဖြင့် လက်မှတ်ရေးထိုးထားခြင်းစသည့် ပြင်ဆင်ချက်အတွက် ထပ်မံသုံးစွဲထားသောအသုံးစရိတ်များအတွက်သာ ဘဏ်မှငွေထုတ်ပေးမည်ဖြစ်သည်။ တားမြစ်ပိတ်ပင်မှုစတင်အကျိုးသက်ရောက်သည့်နေ့တွင် သို့မဟုတ် နောက်ပိုင်းတွင် တားမြစ်ပိတ်ပင်ခြင်းခံရသော လုပ်ငန်း သို့မဟုတ် လူပုဂ္ဂိုလ်နှင့်လက်မှတ်ရေးထိုးထားသည့် လက်ရှိကန်ထရိုက်အတွင်းရှိ မည်သည့်ပြောင်းလဲ ပြင်ဆင်ခြင်းများမဆို သို့မဟုတ် ထပ်မံဖြည့်စွက်မှုများနှင့် သို့မဟုတ် မည်သည့်ကန်ထရိုက်အသစ်မျိုးကိုမှ ဘဏ်အနေဖြင့် ငွေထုတ်ပေးမည်မဟုတ်ပါ။

## နောက်ဆက်တွဲ (၂)
## အကြံပေးပုဂ္ဂိုလ်များသို့ညွှန်ကြားချက်များနှင့် RFP တွင်ပါဝင်သောဒေတာအချက်အလက်စာရွက်
## APPENDIX 2: INSTRUCTIONS TO CONSULTANTS AND DATA SHEET (ITC) OF THE RFP[၆၃]

၁ ငွေချေးယူသူအနေဖြင့် အကြံပေးအတွက်ညွှန်ကြားချက် ဒေတာအချက်အလက်စာရွက်ပါဝင်သော ရွေးချယ်ရေးနည်းလမ်းအများစုအတွက် အသုံးပြုနိုင်သည့်သက်ဆိုင်ရာညွှန်ကြားချက်များပါဝင်သော ဘဏ်မှထုတ်ဝေထားသော စံပြ RFP များအား အသုံးပြုရမည်ဖြစ်သည်။ အကယ်၍ ခြွင်းချက်အခြေအနေများတွင် ငွေချေးယူသူသည် စံသတ်မှတ်ပေးထားသည့် ITC အား ပြင်ဆင်သုံးစွဲရန်လိုအပ်မည်ဖြစ်ကာ ထိုသို့ပြုလုပ်ရာတွင် နည်းပညာဆိုင်ရာ အချက်အလက်စာရွက်မှတစ်ဆင့်ဆောင်ရွက်ရမည်ဖြစ်ပြီး အဓိကမူရင်းစာကိုယ်များအားပြင်ဆင်ပြောင်းလဲခြင်းမပြုရပါ။ အဆိုပါ ITC တွင်အောက်ပါလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ လုံလောက်သောသတင်းအချက်အလက်များ ပြည့်စုံစွာပါရှိရမည်။

(က) လုပ်ငန်းအကြောင်းတိုတောင်းသည့်အကျဉ်းချုပ်ဖော်ပြချက်၊

(ခ) နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအတွက်စံသတ်မှတ်ပုံစံများ၊

(ဂ) ရှင်းလင်းဖြေကြားချက်များအားပြန်လည်လိပ်မူပေးပို့ရမည့်သူနှင့်လိုအပ်ပါက အကြံပေးများ၏ကိုယ်စားလှယ်မှ တွေ့ဆုံဆက်သွယ်ရမည့်သူစသည့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ အီးမေး၊ ဖုန်းနံပါတ်စသည်များ၊

(ဃ) လိုက်နာရမည့် ရွေးချယ်ရေးဆိုင်ရာအသေးစိတ်လုပ်ထုံးလုပ်နည်းများ – (၁) အကယ်၍သင့်လျော်ပါက အဆင့်နှစ်ဆင့်ပါလုပ်ငန်းစဉ်အကြောင်းဖော်ပြချက်၊ (၂) နည်းပညာဆိုင်ရာစိစစ်အကဲဖြတ်မှုစံနှုန်းစာရင်းနှင့် စံနှုန်းတစ်ခုချင်းစီအလိုက်အလေးပေးထားမှုများ၊ (၃) ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်စိစစ်အကဲဖြတ်မှုများ၊ (၄) QCBS နည်းစနစ်အတွက် အရည်အသွေးနှင့်ကုန်ကျစရိတ်အတွက် သက်ဆိုင်ရာ အလေးပေးထားမှုများ၊ (၅)အရည်အသွေးပြည့်မီမှုအတွက်ရရှိရမည့်အနိမ့်ဆုံးရမှတ်နှင့် (၆)ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများဖွင့်ဖောက်စစ်ဆေးမှုဆိုင်ရာအသေးစိတ်အချက်အလက်များ၊

(င) အရေးပါသည့်ကျွမ်းကျင်သူများအတွက် အကြံပေးများဘက်မှ လိုအပ်သော ထည့်သွင်းစိုက်ထုတ်မှု ခန့်မှန်းစာရင်း (လအလိုက်လူအရေအတွက်) သို့မဟုတ် စုစုပေါင်းကုန်ကျမည့် ခွင့်ပြုငွေကြေးပမာဏ သို့သော် နှစ်မျိုးအနက်တစ်မျိုးသာဖြစ်ရန်၊

(စ) ကျွမ်းကျင်သူများအတွက် ခန့်မှန်းထားသော အနည်းဆုံးလုပ်ငန်းအတွေ့အကြုံနှင့်ပညာအရည်အချင်းစသည် ဖော်ပြချက်၊

(ဆ) အခြားတစ်နေရာရာမှ ဘဏ္ဍာရေးရရှိမှုအနေအထားနှင့်အသေးစိတ်အကြောင်းအရာများ၊
(ဇ) ကန်ထရိုက်ကိစ္စညှိနှိုင်းဆွေးနွေးမှုပြုနေစဉ်အတွင်း ရွေးချယ်ခံရသောအဖွဲ့အစည်းဘက်မှ လိုအပ်သော ညှိနှိုင်းဆွေးနွေးမှုများ၊ ဘဏ္ဍာရေးနှင့်အခြားအချက်အလက်များပါဝင်သော သတင်းအချက်အလက်များ၊

(ဈ) အဆိုပြုလွှာများပေးပို့ရမည့်နောက်ဆုံးရက်နှင့်အချိန်၊

---

[၆၃] ဤအခန်းသည် အပိုဒ်ခွဲ ၃.၁၂ တွင်ဖော်ပြထားသော UCS Piloting Program ကိုအသုံးပြုထားသော ကန်ထရိုက်အပ်နှင်းမည့်ကိစ္စများအတွက် အသုံးမဝင်ပါ။

(ည) ဝန်ဆောင်မှုများ၏ကုန်ကျစရိတ်များအားဖော်ပြခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် ပေးချေခြင်းတို့တွင်အသုံးပြုရမည့် ငွေကြေးအမျိုးအစားတစ်ခု (သို့မဟုတ် ငွေကြေးအမျိုးအစားများ)၊

(ဋ) ငွေချေးယူသူနိုင်ငံရှိ ဥပဒေတစ်ရပ်ရပ်အားရည်ညွှန်းကိုးကားမှု အထူးသဖြင့် အဆိုပြုထားသောအကြံပေး ပုဂ္ဂိုလ်များ၏ကန်ထရိုက်နှင့်သက်ဆိုင်သည့်ဥပဒေများ၊

(ဌ) ဘဏ်၏သုံးသပ်ဆုံးဖြတ်ချက်အရ အပ်နှင်းထားသည့်လုပ်ငန်းအောက်ရှိ ဝန်ဆောင်မှုများနှင့် အကျိုးစီးပွားချင်းပဋိပက္ခဖြစ်စေပါက ယင်းသို့ဖြစ်စေသည့် စီမံကိန်းတစ်ခုအောက်ရှိပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဆက်လက်ထောက်ပံ့ပေးသည့်လုပ်ငန်း လုပ်ဆောင်ရန် အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် ၎င်းနှင့်ဆက်နွယ်မှုရှိသည့် မည်သည့်လုပ်ငန်းအဖွဲ့အစည်းမဆို အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ဖော်ပြချက်တစ်ရပ်၊

(ဍ) နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအားချိတ်ပိတ်၍ သီးခြားစာအိတ်များတွင်ထည့်ကာ ပေးပို့ခြင်းဖြင့် နည်းပညာဆိုင်ရာစိစစ်အကဲဖြတ်မှုအပေါ် ဈေးနှုန်းအားဖြင့်လွှမ်းမိုးနိုင်ခြင်းမရှိစေရန် လိုအပ်ချက်အပါအဝင် အဆိုပြုလွှာပေးပို့ရမည့်နည်းလမ်း၊

(ဎ) ဖိတ်ခေါ်ထားသည့်အဖွဲ့အစည်းအနေဖြင့် (၁) RFP လက်ခံရရှိကြောင်း ပြန်ကြားရန် (၂) ၎င်းအနေဖြင့် အဆိုပြုလွှာအားပေးပို့ခြင်းပြုမပြုအား ငွေချေးယူသူထံသို့အကြောင်းကြားရန် တောင်းဆိုချက်တစ်ရပ်၊

(ဏ) အဆိုပြုလွှာများပေးပို့ရန်ဖိတ်ခေါ်ခံရသည့် အကြံပေးပုဂ္ဂိုလ်များဆန်ခါတင်စာရင်းနှင့် ယင်းဆန်ခါတင်စာရင်းပါအကြံပေးပုဂ္ဂိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများအား လက်ခံနိုင်ခြင်းရှိမရှိ၊

(တ) အကြံပေးပုဂ္ဂိုလ်များ၏ အဆိုပြုလွှာများအတည်ဖြစ်သည့်သက်တမ်းကာလနှင့် ယင်းကာလအတွင်း အကြံပေးများအနေဖြင့် အဆိုပြုထားသောအရေးပါသည့်ကျွမ်းကျင်သူများအား အပြောင်းအလဲမလုပ်ရဘဲ ထိန်းသိမ်းထားရှိကာ ၎င်းတို့အတွက် ကနဦး အဆိုပြုထားသောနှုန်းထားများနှင့် စုစုပေါင်းကုန်ကျစရိတ် တန်ဖိုးတို့ကိုလည်း ဆက်လက်တည်တံ့စေခြင်း။ သို့သော် အဆိုပြုလွှာအတည်ဖြစ်သည့်ကာလ တိုးမြှင့်သည့်ကိစ္စရပ်တွင်မူ အကြံပေးများအနေဖြင့် မူလအဆိုပြုလွှာများအတိုင်း ထိန်းသိမ်းထားရန် မလိုသည့်အခွင့်အရေးရှိသည်။ အကယ်၍ အကြံပေးများအနေဖြင့် အဆိုပြုလွှာများအတည်ဖြစ်သည့် သက်တမ်းကာလကိုတိုးမြှင့်ရန် သဘောတူညီပါက ခြွင်းချက်အနေဖြင့် အောက်တွင်ဖော်ပြထားသည်များမှလွဲ၍ ၎င်းတို့သည် မူလအဆိုပြုလွှာများထဲတွင် မည်သည့်အပြောင်းအလဲမျှမလုပ်ရဘဲ ကနဦးအဆိုပြုထားသော အရေးပါသည့် ကျွမ်းကျင်သူများအားရရှိနိုင်မှုကိုလည်း အတည်ပြုပေးရမည်။ ၎င်းတို့၏ အဆိုပြုလွှာများအတည်ဖြစ်သည့် သက်တမ်းကာလကိုတိုးမြှင့်သည့်ကာလအတွင်း အကယ်၍ အရေးပါသည့် ကျွမ်းကျင်သူများအနက်မှတစ်ဦးဦးအား မရရှိနိုင်ပါက အကြံပေးများအနေဖြင့် အဆိုပါကျွမ်းကျင်သူနေရာတွင် အခြားသူတစ်ဦးနှင့် အစားထိုးခွင့်တောင်းဆိုရမည်ဖြစ်ပြီး ငွေချေးယူသူမှ ကျေနပ်လက်ခံနိုင်စေရန်အလို့ငှာ လုံလောက်သော စဉ်းစားသုံးသပ်ချက်များနှင့် သက်ဆိုင်ရာ အထောက်အထားများကိုလည်း တင်ပြပေးရမည်။ အကယ်၍ မရရှိနိုင်သောကျွမ်းကျင်သူသည် ၎င်း၏ အတည်ပြုချက်မရှိဘဲအဆိုပြုခံထားရခြင်းသာဖြစ်ကြောင်း တွေ့ရှိရလျှင်သော်လည်းကောင်း၊ အစားထိုးမှုအတွက်တင်ပြသောအကြောင်းအရင်း သို့မဟုတ် စဉ်းစားသုံးသပ်ချက်သည် လက်ခံနိုင်စရာမရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် အစားထိုးမှုပြုလုပ်မည့်ကျွမ်းကျင်သူ၏ အရည်အချင်းနှင့်အတွေ့အကြုံမှာ မူလကအဆိုပြုထားသည့် ကျွမ်းကျင်သူ၏အရည်အချင်းနှင့်အတွေ့အကြုံထက် သာလွန်မှုမရှိခြင်း သို့မဟုတ် ညီမျှမှုမရှိကြောင်းတွေ့ရှိပါက ယင်းအဆိုပြုလွှာအနေဖြင့် ပယ်ချခြင်းခံရမည်ဖြစ်သည်။ အကယ်၍ လက်ခံနိုင်စရာဖြစ်ပါက နည်းပညာဆိုင်ရာ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာထဲ၌ အခြားအရာများ မပြောင်းလဲဘဲ ခွင့်ပြုရမည်။ အရေးပါသော ကျွမ်းကျင်သူများအပေါ်အခြေခံထားသည့် နည်းပညာဆိုင်ရာ စိစစ်အကဲဖြတ်မှုရမှတ်၊ ဘဏ္ဍာရေးအဆိုပြုလွှာများနှင့် မူလအဆိုပြုလွှာပါ အခြားအသေးစိတ်

အချက်အလက်များအား ပြောင်းလဲခြင်းမပြုဘဲ ထားရှိရမည်၊

(ထ) ရွေးချယ်ခံရသောအကြံပေးပုဂ္ဂိုလ်မှ လုပ်ငန်းအားစတင်ဆောင်ရွက်နိုင်မည်ဟုမျှော်မှန်းရသောရက်စွဲ၊

(ဒ) (၁) အကြံပေးများ၏ ကန်ထရိုက်နှင့်ဝန်ထမ်းများသည် အခွန်ကင်းလွတ်ခြင်းရှိမရှိ၊ အခွန်မဲ့ဖြစ်မဖြစ်နှင့် အကယ်၍ ကင်းလွတ်မှုမရှိပါက (၂) ထမ်းဆောင်ရမည့် ဖြစ်နိုင်ဖွယ်ရာအခွန်အမျိုးအစား သို့မဟုတ် ဤသတင်းအချက်အလက်အား အချိန်နှင့်တစ်ပြေးညီရရှိနိုင်မည့်နေရာစသည်ဖြင့် ညွှန်ပြလျက်ရှိသောဖော်ပြချက်တစ်ရပ်နှင့် ပေးဆောင်ရမည့်အခွန်များအတွက် ရှင်းလင်းစွာဖော်ပြထားသော သီးခြားပမာဏတစ်ရပ်အား အကြံပေးအနေဖြင့် ၎င်း၏ဘဏ္ဍာရေးအဆိုပြုလွှာထဲတွင် ထည့်သွင်းရန်လိုအပ်ကြောင်း ဖော်ပြချက်တစ်ရပ်၊

(ဓ) TOR ထဲတွင် သို့မဟုတ် ကန်ထရိုက်မူကြမ်းထဲတွင်မပါရှိထားပါက ငွေချေးယူသူမှထောက်ပံ့ပေးရမည့် ဝန်ဆောင်မှုများ၊ အထောက်အကူပြုမှုများ၊ ပစ္စည်းကိရိယာတန်ဆာပလာများနှင့်ဝန်ထမ်းများ၊

(န) လုပ်ငန်းအားအဆင့်ဆင့်သတ်မှတ်ထားခြင်းနှင့်သင့်လျော်ပါက နောက်ဆက်တွဲလုပ်ဆောင်ရမည့် ဖြစ်နိုင်ချေရှိသည့်လုပ်ငန်းများ၊

(ပ) RFP ထဲတွင်ပါရှိသော သတင်းအချက်အလက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြချက်များအား စီမံကိုင်တွယ်ရမည့်လုပ်ထုံးလုပ်နည်း နှင့်

(ဖ) လုပ်ငန်း၏တစ်ဆင့်ကန်ထရိုက်ပြုလုပ်ခြင်းအပိုင်းအတွက်အခြေအနေတစ်ရပ်ရပ်၊

## နောက်ဆက်တွဲ (၃)
## အကြံပေးများသို့ လမ်းညွှန်ချက်
## APPENDIX 3: GUIDANCE TO CONSULTANTS

### ရည်ရွယ်ချက် (Purpose)

၁ ဤနောက်ဆက်တွဲအခန်းသည် ဘဏ်မှငွေကြေးထောက်ပံ့မည့် အကြံပေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်ဆန္ဒရှိသည့်အကြံပေးများထံသို့ လမ်းညွှန်ချက်များ ထောက်ပံ့ပေးသည်။

### အကြံပေးများရွေးချယ်မှုအတွက်တာဝန်ဝတ္တရားများ (Responsibility for the Selection of Consultants)

၂ စီမံကိန်းအကောင်အထည်ဖော်မှုအတွက် ငွေချေးယူသူတွင်သာတာဝန်ဝတ္တရားရှိသဖြင့် အကြံပေးဝန်ဆောင်မှုများအတွက် ငွေပေးချေရာတွင် ငွေချေးယူသူမှသာတာဝန်ရှိသည်။ ဘဏ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသဘောတူညီချက်စည်းမျဉ်းလိုအပ်ချက်အရ အသုံးစရိတ်များဖြစ်ပေါ်လာသည့်အခါမှသာလျှင် ဘဏ်ချေးငွေမှတစ်ဆင့်ရရှိလာသောငွေကြေးများဖြင့် ပေးချေရသည်ဆိုခြင်းအား သေချာစေရန်ဖြစ်သည်။ ငွေချေးယူသူ၏တောင်းဆိုချက်အရသာလျှင် ချေးငွေတစ်ခု သို့မဟုတ် ထောက်ပံ့ငွေတစ်ခုအတွက် ငွေထုတ်ပေးမှုများအား ပြုလုပ်ရမည်ဖြစ်သည်။ ငွေချေးယူသူသည် ရရှိလာသောငွေကြေးများအား ချေးငွေသဘောတူညီချက်ပါစည်းကမ်းချက်များနှင့် ပစ္စည်းဝယ်ယူရေးအစီအစဉ်များအတိုင်းအသုံးပြုခဲ့ခြင်း[၁၂၆] သို့မဟုတ် အသုံးပြုနေခြင်းဖြစ်ကြောင်းပြသရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ ငွေထုတ်ယူခွင့်လျှောက်လွှာများအား ဘဏ်သို့ တင်ပြရမည်။ ဤလမ်းညွှန်ချက်များပါအပိုဒ်ခွဲ ၁.၄ တွင် အလေးအနက်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူသည် အကြံပေးများရွေးချယ်ခြင်းနှင့်အလုပ်ခန့်အပ်ခြင်းကိစ္စရပ်များအတွက် တာဝန်ရှိသည်။ ၎င်းအနေဖြင့် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း၊ လက်ခံခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ကန်ထရိုက်ချုပ်ဆိုခြင်းတို့အား ပြုလုပ်ရမည်။ ကန်ထရိုက်စာချုပ်သည် ငွေချေးယူသူနှင့်အကြံပေးအကြားတွင် ချုပ်ဆိုရမည်။ ဘဏ်သည်ကန်ထရိုက်တွင်ပါဝင်သူတစ်ဦး မဖြစ်ရပါ။

### ဘဏ်၏အခန်းကဏ္ဍ (Bank's Role)

၃ ဤလမ်းညွှန်ချက်များ (နောက်ဆက်တွဲ-၁) တွင် ဖော်ပြထားသည့်အတိုင်း ကမ္ဘာ့ဘဏ်သည် RFP ၊ အဆိုပြုလွှာများစိစစ်အကဲဖြတ်ထားမှုများ၊ အကြံပေးများရွေးချယ်မှုထောက်ခံတင်ပြခြင်းများနှင့် ကန်ထရိုက်များသည် ချေးငွေသဘောတူညီချက်နှင့် ဝယ်ယူငှားရမ်းရေးအစီအစဉ်ထဲတွင် ထပ်မံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း သဘောတူညီထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုရှိကြောင်းသေချာစေရန် စစ်ဆေးသုံးသပ်အတည်ပြုပေးရမည်။ ဘဏ်မှ prior review အလုပ်ခံရမည့် ကန်ထရိုက်များနှင့်ပတ်သက်၍ နောက်ဆက်တွဲ(၁)တွင်ဖော်ပြထားသည့်အတိုင်း စာရွက်စာတမ်းများအားထုတ်ပြန်ခြင်းမပြုသေးမီ ဘဏ်မှစစ်ဆေးသုံးသပ်အတည်ပြုရန်လိုအပ်သည်။ ထို့အပြင် ရွေးချယ်ရေးလုပ်ငန်းဆောင်ရွက်မှု မည်သည့်အချိန်တွင်မဆို (ကန်ထရိုက်အားချုပ်ဆိုပြီးလျှင်တောင်မှ) အကယ်၍ ဘဏ်အနေဖြင့် ယင်းဆောင်ရွက်မှုမှာသဘောတူညီထားသောလုပ်ထုံးလုပ်နည်းများအား မည်သည့်အဓိကကျသည့်ရှုထောင့်ကမှ လိုက်နာခြင်းမရှိဟုသုံးသပ်ပါကအပိုဒ်ခွဲ ၁.၁၉ တွင်ဖော်ပြထားသည့်အတိုင်း ဝယ်ယူငှားရမ်းရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူငှားရမ်းခြင်းဖြစ်သည်ဟု ကြေညာနိုင်သည်။ သို့သော် ငွေချေးယူသူသည် ကန်ထရိုက်တစ်ခုအား ဘဏ်၏ကန့်ကွက်ချက်မရှိပဲချုပ်ဆိုခဲ့သည့်အခါ ထိုသို့ကန့်ကွက်ချက်မရှိခြင်းမှာ ငွေချေးယူသူမှ ဘဏ်သို့တင်ပြသည့် မပြည့်စုံသော၊ မတိကျသော သို့မဟုတ် မှားယွင်းပေးပို့မိသောအချက်အလက်များအပေါ် အခြေခံမိသည့်အခြေအနေမျိုးဖြစ်မှသာလျှင် ဘဏ်အနေဖြင့် ဝယ်ယူငှားရမ်းရေးစည်းကမ်းများမလိုက်နာဘဲ ဝယ်ယူငှားရမ်းခြင်းဖြစ်သည်ဟု ကြေညာနိုင်သည်။ ထို့အပြင် ငွေချေးယူသူ၏ကိုယ်စားလှယ်များ သို့မဟုတ် အကြံပေး၏ ကိုယ်စားလှယ်များသည် လာဘ်ပေးလာဘ်ယူပြုခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားမှုများ၌ ပါဝင်ပတ်သက်နေသည်ဟု ဘဏ်အနေဖြင့်သတ်မှတ်ဆုံးဖြတ်ပါက

[၁၂၆] ကမ္ဘာ့ဘဏ်၏ငွေထုတ်ပေးမှုမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည့်အချက်များအား The World Bank Disbursement Guidelines for Projects and Disbursement Handbook for World Bank Clients (ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုက်ဖြစ်သော www.worldbank.org/projects တွင်ရရှိနိုင်သည်) တွင် လေ့လာနိုင်သည်။

ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၁.၂၃ တွင်ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအရေးယူကန့်သတ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

၄ ဘဏ်သည် အမျိုးမျိုးသောအကြံပေးဝန်ဆောင်မှုအမျိုးအစားများအတွက် စံသတ်မှတ်ထားသည့် RFP များနှင့် ကန်ထရိုက်များအား ပြုစုထုတ်ပြန်ထားသည်။ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၂.၉ နှင့် ၂.၁၂ တို့တွင် ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူသည် အဆိုပါစာရွက်စာတမ်းအချက်အလက်များအား စီမံကိန်းဆိုင်ရာသီးခြားကိစ္စရပ်များအတွက် ဘဏ်မှလက်ခံနိုင်သောပြောင်းလဲမှုများအနည်းဆုံးပြုလုပ်ကာ အသုံးပြုရမည်ဖြစ်သည်။ ငွေချေးယူသူသည် အဆိုပါစာရွက်စာတမ်းများအား RFP ၏အစိတ်အပိုင်းများအဖြစ် အပြီးသတ်ဆောင်ရွက်ပြီး ထုတ်ဝေရမည်။

**အကြံပေးဝန်ဆောင်မှုများဆိုင်ရာအချက်အလက်များ (Information on Consultant Services)**

၅ ကနဦးအဆင့်တွင် ဝန်ဆောင်မှု၏သဘောသဘာဝအကျဉ်းဖော်ပြချက်၊ အချိန်သတ်မှတ်ချက်၊ ခန့်မှန်းကုန်ကျစရိတ်နှင့် ကျွမ်းကျင်သူများအားလိုအပ်သည့်အချိန်အတိုင်းအတာစသော အကြံပေးဝန်ဆောင်မှုများဆိုင်ရာ အချက်အလက်များအား စီမံကိန်းဆိုင်ရာသတင်းအချက်အလက်စာတမ်း (PID) တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ယင်း PID သည် ပြင်ဆင်မှုအဆင့်တွင်ရှိနေသောစီမံကိန်းများအကြောင်းကို ဖော်ပြလျက်ရှိသည်။ တစ်ချိန်တည်းတွင် ယင်းကဲ့သို့သတင်းအချက်အလက်များအား လစဉ်လုပ်ငန်းလည်ပတ်မှုအကျဉ်းချုပ် (MOS) တွင် စီမံကိန်းတစ်ခုစီအလိုက်ဖော်ပြချက်များ၌ ထည့်သွင်းထားရမည်။ သို့သော် အဆိုပါသတင်းအချက်အလက်များအား အစဉ်အမြဲပြင်ဆင်မွမ်းမံပေးရန် လိုအပ်သည်။ စီမံကိန်းတစ်ခုချင်းစီသည် UNDB online [၁၂၇] ပေါ်၌ အထွေထွေဝယ်ယူငှားရမ်းရေးကြေညာချက်အား ထုတ်ပြန်ကြေညာရန်လိုအပ်ပြီး ယင်းကြေညာချက်တွင် လိုအပ်သည့်ဝန်ဆောင်မှုများ၊ လုပ်ငန်းအပ်နှံမည့်သူနှင့် တွက်ချက်ထားသည့်ကုန်ကျစရိတ်စသည်တို့အတွက် ပိုမို၍အသေးစိတ်ဖော်ပြထားရမည်။ အကယ်၍ တန်ဖိုးကြီးမားသော ကန်ထရိုက်များအတွက်ဆိုပါက [၁၂၈] ယင်းကြေညာချက်အပြင် စိတ်ဝင်စားမှုဖော်ပြလွှာတောင်းခံခြင်းကဲ့သို့ သီးခြားအသိပေးကြေညာမှုကိုလည်း UNDB online ပေါ်၌ဆက်လက် ထုတ်ပြန်ပေးရမည်။ စီမံကိန်းအကဲဖြတ်မှုစာတမ်း (PAD) သည်လည်း ပိုမို၍အသေးစိတ်ကျသော သတင်းအချက်အလက်များအား ပံ့ပိုးပေးနိုင်ပါသည်။

၆ ကမ္ဘာ့ဘဏ်၏ InfoShop [၁၂၉] နှင့် အင်တာနက်ပေါ်တွင် အဆိုပါ PID နှင့် MOS များအား ရရှိနိုင်ပါသည်။ ချေးငွေသဘောတူညီမှုအတည်ပြုပြီးပါက PADအား ရရှိနိုင်သည်။ UNDBကိုလည်း အွန်လိုင်းသတင်းအချက်အလက်ရယူမှု (online subscription) ပြုလုပ်ခြင်းမှတစ်ဆင့် ရရှိနိုင်သည်။

**အကြံပေးများ၏အခန်းကဏ္ဍ (Consultants' Role)**

၇ အကြံပေးပုဂ္ဂိုလ်များသည် RFP အားလက်ခံရရှိသောအခါ အကယ်၍ ၎င်းတို့အနေဖြင့် TOR ပါ လိုအပ်ချက်များ၊ စီးပွားရေးပိုင်းနှင့်စာချုပ်ပါအခြေအနေများနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဆိုပါက ယင်းနှင့်ဆက်နွှယ်သက်ဆိုင်သည့်အဆိုပြုလွှာတစ်စောင်ပြင်ဆင်နိုင်ရန် လိုအပ်သည့်အစီအမံများ (ဥပမာအားဖြင့် လုပ်ငန်းတည်ရှိရာနိုင်ငံသို့သွားရောက်လေ့လာခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်သူများအားရှာဖွေခြင်း၊ လိုအပ်သည့် အချက်အလက်စာရွက်စာတမ်းများစုဆောင်းခြင်း၊ ပြင်ဆင်ရေးအသင်းဖွဲ့စည်းခြင်း) အား လုပ်ဆောင်သင့်သည်။ အကယ်၍ အကြံပေးများသည် RFP နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအတွင်း၊ အထူးသဖြင့် ရွေးချယ်ရေး လုပ်ငန်းစဉ်နှင့်စိစစ်အကဲဖြတ်မှုစံနှုန်းများတွင် မရေရာသည့်အချက်များ၊ ချန်လှပ်ဖော်ပြချက်များ သို့မဟုတ် ကွဲလွဲ

---

[၁၂၇] UNDB online သည် ကုလသမဂ္ဂမှလွှင့်တင်ထားခြင်းဖြစ်ပြီး သတင်းအချက်အလက်လက်ခံရရှိလိုပါက Development Business, United Nations, GCPO Box 5850, New York, NY 10163-5850, USA (website: www.devbusiness.com; email: dbsubscribe@un.org) သို့ ဆက်သွယ်နိုင်သည်။

[၁၂၈] အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ နှင့်ညီမျှသည့်ပမာဏထက် ပိုမိုကုန်ကျနိုင်သောကန်ထရိုက်များ။ ခြွင်းချက်အားဖြင့် ဆန်ခါတင်စာရင်းတွင် ပြည်တွင်းမှအကြံပေးပုဂ္ဂိုလ်များသာပါဝင်နေစဉ် (ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၂.၅ နှင့် ၂.၇ တို့အားလေ့လာပါ)။

[၁၂၉] InfoShop ၏လိပ်စာမှာလည်း ကမ္ဘာ့ဘဏ်၏လိပ်စာဖြစ်သော 1818 H Street, N.W.,Washington, D.C. 20433, U.S.A ပင်ဖြစ်သည်။ စီမံကိန်းဆိုင်ရာအချက်အလက်များအား www.worldbank.org/projects တွင် ရရှိနိုင်ပါသည်။

ဆန့်ကျင်ခြင်းများတစ်ခုခုရှိနေနိုင်ခြင်း သို့မဟုတ် မရှင်းလင်းခြင်း သို့မဟုတ် ခွဲခြားဖိနှိပ်ခြင်းများ သို့မဟုတ် တင်းကျပ်လွန်းသည့်လက္ခဏာရပ်တစ်ခုခုရှိနေနိုင်ခြင်းစသည်တို့အတွက် စာဖြင့်ရေးသား၍ RFP ထဲတွင်ပါရှိသည့် ရှင်းလင်းချက်တောင်းခံခြင်းအတွက် သတ်မှတ်ထားသည့်ရက်အတွင်း ငွေချေးယူသူထံမှရှင်းလင်းချက် တောင်းခံနိုင်သည်။

၈ ဤအချက်နှင့်ပတ်သက်၍ ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲ ၁.၂ တွင် ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူမှ ထုတ်ဝေထားသည့် သက်ဆိုင်ရာ RFP ထဲတွင် ရွေးချယ်ရေးလုပ်ငန်းစဉ်တစ်ခုချင်းစီအား သေချာစွာ ပြဋ္ဌာန်းရှင်းလင်းထားရမည်ကို အထူးဂရုစိုက်ရမည်ဖြစ်သည်။ အကယ်၍ အကြံပေးများအနေဖြင့် RFP ထဲတွင်ပါရှိသောမည်သည့်အချက်အလက်မဆို ဤလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုမရှိဟုခံစားမိပါကလည်း ၎င်းတို့အနေဖြင့် ငွေချေးယူသူအား ပြန်လည်မေးမြန်းတင်ပြရမည်။

၉ အကြံပေးများသည် ၎င်းတို့အနေဖြင့် RFP ထဲတွင်တောင်းခံထားသည့် အထောက်အကူပြုစာရွက်စာတမ်းများအားလုံးပါဝင်ကာ အပြည့်အဝဆက်နွယ်ကိုက်ညီသော အဆိုပြုလွှာတစ်စောင်အားပေးပို့ထားကြောင်း သေချာမှုရှိစေရမည်။ ဤနေရာတွင် အဆိုပြုလွှာနှင့်အတူပူးတွဲတင်ပြထားသည့် အရေးပါသောကျွမ်းကျင်သူများ၏ ကိုယ်ရေးအချက်အလက်(CV) များတိကျစေရန်မှာ မရှိမဖြစ်လိုအပ်သည်။ အဆိုပါ CV များအား အကြံပေးများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များကလက်မှတ်ရေးထိုးကာ ရက်စွဲဖော်ပြရမည်ဖြစ်သည်။ နည်းပညာဆိုင်ရာအဆိုပြုလွှာများအား လက်ခံရရှိကာဖွင့်ဖောက်ပြီးသည့်နောက် အချက်အလက်များ၊ အရေးပါသောကျွမ်းကျင်သူများစသည်တို့အား ပြောင်းလဲရန်တောင်းဆိုခြင်း သို့မဟုတ် ပြောင်းလဲရန်ခွင့်ပြုခြင်း ခံရမည်မဟုတ်ပါ။ ထို့အပြင် အရေးကြီးသော အချက်အလက်များနှင့်မကိုက်ညီပါက အဆိုပြုလွှာပယ်ချခြင်းဖြစ်ပေါ်စေနိုင်ပါသည်။ အလားတူပင် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအားလက်ခံရရှိပြီးပါက အကြံပေးများအနေဖြင့် အဆိုပြုထားသောအခန့်ထားများစသည်တို့အတွက် ပြောင်းလဲရန်တောင်းဆိုခြင်း သို့မဟုတ် ပြောင်းလဲရန်ခွင့်ပြုခြင်းခံရမည်မဟုတ်ရာ ခြွင်းချက်အားဖြင့် RFP ထဲတွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့်အညီ ဆွေးနွေးညှိနှိုင်းမှုများဆက်လက်လုပ်ဆောင်နေသည့်ကာလမှလွဲ၍ ဖြစ်ပါသည်။ အကယ်၍ အဆိုပြုလွှာများ၏ အတည်ဖြစ်မှုသက်တမ်းတိုးမြှင့်လိုက်ခြင်းကြောင့် ကုမ္ပဏီအတွက် အရေးပါသောကျွမ်းကျင်သူများမရရှိနိုင်တော့သောအခါ နောက်ဆက်တွဲ(၂)ပါ အပိုဒ်ခွဲ ၁(ပ)အရ နှင့် ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၂.၂၈ အရ တူညီသည့် သို့မဟုတ် သာလွန်သည့်အရည်အချင်းရှိသည့် ကျွမ်းကျင်သူများနှင့် အစားထိုးလဲလှယ်ခွင့်ရှိသည်။

### လျှို့ဝှက်ထားမှု (Confidentiality)

၁၀ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၂.၃၅ တွင်ဖော်ပြထားသည့်အတိုင်း အဆိုပြုလွှာစိစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်အား ကန်ထရိုက်ချုပ်ဆိုခြင်းထုတ်ပြန်ကြေညာမှုမပြုမီအထိ လျှို့ဝှက်ထားရှိရမည်ဖြစ်ရာ ခြွင်းချက်အနေဖြင့် အပိုဒ်ခွဲ ၂.၂၃ နှင့် ၂.၃၀ တို့တွင်ဖော်ပြထားသည့်အတိုင်း နည်းပညာဆိုင်ရာရမှတ်များအား အသိပေးဖွင့်ဟခြင်းများမှလွဲ၍ ဖြစ်ပါသည်။ ဤသို့ လျှို့ဝှက်ထားရှိပေးမှုမှာ ငွေချေးယူသူနှင့် ဘဏ်၏စစ်ဆေးသုံးသပ်သူများအနေဖြင့် မသင့်လျော်သည့်လက်တွေ့ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုသဘောထား များအားရှောင်လွှဲနိုင်စေရန်အတွက် မရှိမဖြစ် လိုအပ်သည်။ အကယ်၍ စိစစ်ရွေးချယ်မှုပြုလုပ်နေစဉ်အတွင်း အကြံပေးများအနေဖြင့် ငွေချေးယူသူ၊ ကမ္ဘာ့ဘဏ် သို့မဟုတ် နှစ်ဦးစလုံးအား နောက်ထပ်သတင်းအချက်အလက်များ ပေးလိုပါက စာဖြင့်ရေးသားပေးပို့သင့်သည်။

### ဘဏ်၏အရေးယူအပြစ်ပေးမှု (Action by the Bank)

၁၁ အကြံပေးများသည် ရွေးချယ်ရေးနည်းလမ်းများဆိုင်ရာပြဿနာများ သို့မဟုတ် မေးခွန်းများနှင့်ပတ်သက်၍ မေးမြန်းသိရှိလိုသည့်အခါ ငွေချေးယူသူအားဆက်သွယ်မေးမြန်းမှုများအား ဘဏ်သို့မိတ္တူပေးခြင်း သို့မဟုတ် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုမှာ ငွေချေးယူသူအားတိုင်တန်းလိုခြင်း သို့မဟုတ် ငွေချေးယူသူမှ လျင်လျင်မြန်မြန်တုံ့ပြန်ဖြေရှင်းပေးမှုမရှိခြင်းများအတွက်ဆိုပါက ဘဏ်သို့ စာဖြင့်တိုက်ရိုက်ရေးသားခြင်းများ ပြုလုပ်နိုင်သည်။ အဆိုပါ

ဆက်သွယ်ဆောင်ရွက်မှုအားလုံးသည် စီမံကိန်းနှင့်ပတ်သက်နေသည်ဆိုပါက ဒေသဆိုင်ရာဝယ်ယူ ငှားရမ်းရေးမန်နေဂျာနှင့်ချေးငွေယူသောနိုင်ငံများဆိုင်ရာနိုင်ငံအဆင့်ညွှန်ကြားရေးမှူးတို့ထံသို့ မိတ္တူတစ်စောင်စီနှင့်အတူ လုပ်ငန်းအဖွဲ့ခေါင်းဆောင်ထံသို့လိပ်မူ၍ပေးပို့ရမည်။ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၏အမည်များအား PAD တွင် ရရှိနိုင်ပါသည်။

၁၂ အဆိုပြုလွှာများတင်သွင်းရန် သတ်မှတ်ထားသည့်နောက်ဆုံးရက်မတိုင်ခင် ဆန်ခါတင်စာရင်းပါ အကြံပေးများထံမှရရှိလာသောဆက်သွယ်ဆောင်ရွက်မှုများအား လိုအပ်ပါက ဘဏ်၏ထင်မြင်ချက်များ၊ အကြံပေးချက်များနှင့်တစ်ကွ လုပ်ဆောင်ချက် သို့မဟုတ် တုံ့ပြန်မှုအတွက် ငွေချေးယူသူထံသို့ ရည်ညွှန်းပေးပို့ရမည်။

၁၃ နည်းပညာဆိုင်ရာအဆိုပြုလွှာများဖွင့်လှစ်ကြေညာပြီးနောက် တိုင်တန်းမှုများအပါအဝင် ဘဏ်အနေဖြင့် အကြံပေးများထံမှရရှိထားသည့် ဆက်သွယ်ဆောင်ရွက်မှုများအား အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်ရမည်။ ဘဏ်၏အကြိုစစ်ဆေးသုံးသပ်ခြင်းနှင့်မသက်ဆိုင်သော ကန်ထရိုက်များကိစ္စတွင် ဆက်လက်ဆောင်ရွက်ရန် သင့်လျော်သည်ဟုထင်မြင်ယူဆရသည့် ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် သက်ဆိုင်သည့် ထုတ်နုတ်ဖော်ပြချက်များအား သင့်လျော်သည့်စဉ်းစားမှုပြုရန်နှင့် အရေးယူတုံ့ပြန်ဖြေရှင်းပေးနိုင်ရန် ငွေချေးယူသူထံသို့ ပေးပို့ရမည်။ ဘဏ်မှထင်မြင်ချက်ပေးနိုင်ရန်နှင့် စစ်ဆေးသုံးသပ်ခြင်းပြုနိုင်ရန်အတွက် ငွေချေးယူသူမှ သက်ဆိုင်ရာ စာရွက်စာတမ်းအားလုံးကို တင်ပြပေးရမည်။ ဘဏ်၏အကြိုစစ်ဆေးသုံးသပ်ခြင်းနှင့် သက်ဆိုင်သော ကန်ထရိုက်များကိစ္စတွင်မူ ဆက်သွယ်ဆောင်ရွက်မှုများအားငွေချေးယူသူနှင့်တိုင်ပင်ကာ ဘဏ်မှစစ်ဆေးသုံးသပ်ရမည်ဖြစ်ပြီး အကယ်၍ အချက်အလက်များထပ်မံ၍လိုအပ်သေးပါက ငွေချေးယူသူထံမှ တောင်းခံရမည်ဖြစ်သည်။ အကယ်၍ ထပ်မံလိုအပ်သည့်အချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များအား အကြံပေးထံမှလိုအပ်သည့်အခါ ဘဏ်အနေဖြင့် ငွေချေးယူသူအား ထိုအချက်အလက်များကိုရယူစေရမည်ဖြစ်သည့်အပြင် စိစစ်အကဲဖြတ်မှု အစီရင်ခံစာထဲတွင် ပြန်လည်ထင်မြင်ချက်ပေးစေခြင်း သို့မဟုတ် သင့်လျော်သလိုထည့်သွင်းပေါင်းစပ်စေခြင်း ပြုလုပ် ရမည်။ ဆက်သွယ်ဆောင်ရွက်မှုများအပေါ်စစ်ဆေးခြင်းနှင့် စဉ်းစားသုံးသပ်ခြင်းအပြည့်အဝပြီးစီးသွားသည့် တိုင်အောင် ဘဏ်၏စစ်ဆေးသုံးသပ်မှု မပြီးဆုံးရပါ။ အကြံပေးများ၏ဆက်သွယ်ဆောင်ရွက်မှုများတွင် လိမ်လည် လှည့်ဖြားမှုနှင့် လာဘ်ပေးလာဘ်ယူအကျင့်ပျက်ခြစားမှုများနှင့်ပတ်သက်သော[၁၃၀] စွပ်စွဲချက်များပါဝင်နေသည့်အခါ လျှို့ဝှက်ထိန်းသိမ်းထားရှိရမှုအကြောင်းရင်းများကြောင့် ခြားနားသည့်ဆောင်ရွက်မှုတစ်ရပ် လိုအပ်နိုင်သည်။ အဆိုပါ ကိစ္စရပ်များတွင် ဘဏ်အနေဖြင့် သင့်လျော်သည်ဟုယူဆရသော သတင်းအချက်အလက်များအား ငွေချေးယူသူထံသို့ ဝေမျှရာ၌ အထူးဂရုစိုက်ကာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရမည်။

၁၄ ဆက်သွယ်ဆောင်ရွက်မှုများအားလက်ခံရရှိကြောင်း အသိအမှတ်ပြုပေးခြင်းမှလွဲ၍ ရွေးချယ်မှုနှင့်စစ်ဆေးသုံးသပ်မှုပြုလုပ်နေသည့်ကာလအတွင်း မည်သည့်အကြံပေးနှင့်မျှ ဘဏ်အနေဖြင့်ဆွေးနွေးခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို ကန်ထရိုက်ချုပ်ဆိုခွင့်ထုတ်ပြန်ကြေညာသည့်အချိန်အထိ မပြုလုပ်ရပါ။

**ဘဏ်မှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Bank)**

၁၅ အကယ်၍ ကန်ထရိုက်အတွက်အသိပေးအကြောင်းကြားမှုပြုပြီးသည့်နောက် အကြံပေးတစ်ဦးအနေဖြင့် မိမိ၏ အဆိုပြုလွှာရွေးချယ်မခံရခြင်းအတွက်အကြောင်းရင်းများအား သေချာအောင် လေ့လာစိစစ်လိုပါက ငွေချေးယူသူထံသို့ ၎င်း၏မေတ္တာရပ်ခံချက်အား အပိုဒ်ခွဲ ၂.၃၂ တွင် ဖော်ပြထားသည့်အတိုင်း ပေးပို့နိုင်သည်။ အကယ်၍ အကြံပေး အနေဖြင့် ငွေချေးယူသူထံမှရရှိလာသောစာဖြင့် ရေးသားရှင်းလင်းချက်နှင့်/ သို့မဟုတ် ပြန်လည်ရှင်းလင်း

---

[၁၃၀] သံသယရှိသည့် လိမ်လည်လှည့်ဖြားမှုနှင့် လာဘ်ပေးလာဘ်ယူအကျင့်ပျက်ခြစားမှုဆိုင်ရာအသိပေးတိုင်ကြားလိုပါက Bank Integrity Vice Presidency (INT) ထံသို့ အီးမေးလ်ဖြင့် investigations-hotline@worldbank.org လိပ်စာအတိုင်း၊ ဘဏ်၏ဝက်ဘ်ဆိုက်မှတစ်ဆင့်ပေးပို့နိုင်ပြီး ယင်းဝက်ဘ်ဆိုက်အား တတ်ယကြားခံလူတစ်ဦးမှ ၂၄ နာရီပတ်လုံး ကိုင်တွယ်လည်ပတ်နေကာ toll free +1-800-831-0463 နှင့် collect calls +1-704-556-7046 (စကားပြန်များရရှိနိုင်ပြီးအမည်မသိဖုန်းခေါ်ဆိုမှုများကိုပါလက်ခံပါသည်) သို့မဟုတ် +1-202-458-7677 မှတစ်ဆင့် ဝါရှင်တန်ဒီစီရှိကမ္ဘာ့ဘဏ်ရုံးချုပ် INT ထံသို့ ဆက်သွယ်နိုင်ပါသည်။

အစီရင်ခံခြင်းအပေါ် ကျေနပ်မှုမရှိဘဲ ဘဏ်နှင့်တွေ့ဆုံဆွေးနွေးလိုပါက ငွေချေးယူသောနိုင်ငံအတွက် ဒေသဆိုင်ရာ ပစ္စည်းဝယ်ယူငှားရမ်းရေးမန်နေဂျာထံ အသိပေးအကြောင်းကြားနိုင်ပြီး အဆိုပါမန်နေဂျာမှ သင့်လျော်သောအဆင့် တစ်ခုဖြင့် သက်ဆိုင်သည့်ဝန်ထမ်းနှင့်အတူ အစည်းအဝေးတစ်ခုပြုလုပ်ပေးရန် စီစဉ်ရမည်။ အဆိုပါ အစည်းအဝေး ပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ အစည်းအဝေးပြုလုပ်လိုသူအကြံပေး၏ အဆိုပြုလွှာကိစ္စဆွေးနွေးရန်အတွက်သာ ဖြစ်စေရမည်ဖြစ်ပြီး ငွေချေးယူသူထံသို့ပေးအပ်ထားသည့် ဘဏ်၏ရပ်တည်ချက်ပြောင်းလဲရန် သို့မဟုတ် အခြား ဝင်ရောက်ယှဉ်ပြိုင်သူများ၏ အဆိုပြုလွှာကိစ္စများဆွေးနွေးရန် မဖြစ်စေရပါ။